မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ် အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက် ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ် (ဓမ္မပဒ - ၁၁၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလကွယ် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၁၄၅)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား လမ်းညွှန်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျကာတာမြို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်းဌာနတွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျကာတာမြို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ယနေ့ မာတိကာ

ဒုတိယအကြိမ် ဝန်ကြီးဌာန ပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပ

စာ ၄

ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

စာ ၁၅

Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ (၂) မိနစ်မှ (၁၈) မိနစ်ခန့်အထိ ပြတ်တောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း) တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်လေ့ရှိရာ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁) ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁) ကြိမ် ကြုံတွေ့ရလေ့ရှိသည်။

ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိသည်။

Thaicom-6 ဂြိုဟ်တုကိုအသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၆ ရက်အတွင်း နေ့စဉ် (၂)မိနစ်မှ (၁၈) မိနစ်ခန့်ထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

သန္ဓီရာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သန္ဓီရာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၀) နှင့် (၂၁)တွင် ဖော်ပြထားပါသည်။

No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

မြန်မာ့အလင်း

ထူးချွန်စွာ အောင်ပွဲဆင်နိုင်ရေး ဖြည့်ဆည်းနိုင်ကြသည့်အချိန်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ ကျောင်းသား ကျောင်းသူတို့ ကြိုးစားနေကြပြီ။ တစ်နှစ်တာ သင်ယူလေ့လာကျက်မှတ်ခဲ့သမျှ ဘာသာရပ်အလိုက် သင်ခန်းစာများကို ကျောင်းသား ကျောင်းသူတို့ မည်မျှနားလည်တတ်မြောက်ခဲ့ပြီလဲဟူသည်ကို မကြာမီ ကျင်းပတော့မည့် စာမေးပွဲက ဆန်းစစ်မှာဖြစ်ရာ ယခုအချိန်ကာလသည် မိမိတို့တစ်ဦးချင်းဆီတွင် လိုအပ်နေသည့် အားနည်းချက်များကို ဖြည့်ဆည်းနိုင်သည့်အချိန်ပင် ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံသစ်ကို ယမန်နှစ် ၂၀၁၈-၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်စစ်ဆေးခဲ့ရာ အလွတ်ကျက်မှတ်ခြင်းထက် စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသည့် မေးခွန်းများ လွယ်၊ သင့်၊ ခက် မျှတစွာပါဝင်ခဲ့သည့်အတွက် ယခုဒုတိယမြောက်နှစ်တွင်လည်း ယင်းကဲ့သို့ပင် ဆက်လက် မေးမြန်းသွားမည်သာ ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို တက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဆွေးနွေးပို့ချပေးနေရာ စေ့စေ့စပ်စပ် သေသေချာချာ မှတ်သားလေ့လာလိုက်နာမည်ဆိုပါက လွန်စွာအကျိုးရှိကြမည်ဟု ယုံကြည်မိသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယမန်နှစ်ကထက် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ တစ်သိန်းကျော် ပိုမိုလာခဲ့ပြီး ဖြေဆိုသူ ၉၇၀၀၀၀ ကျော် ရှိလာပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူအားလုံးသည် မေးခွန်းပုံစံသစ်၏ အနှစ်သာရဖြစ်သော နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းကိုလျှော့ချ၍ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်ဖန်တီးရေးသားမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းရှိမှုတို့ကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ကြသည်နှင့်အမျှ ဘာသာရပ်တိုင်းကို အခက်အခဲမရှိ ဖြေဆိုအောင်မြင်နိုင်ကြမည်သာ ဖြစ်သည်။ ရှေးခေတ် မြန်မာ့ဘုန်းကြီးကျောင်းပညာရေးစနစ်တွင်ပင် နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းသည် သင်ယူခြင်း၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပြီး အဓိကမဟုတ်ခဲ့သည်ကို ရှင်မဟာရဋ္ဌသာရ၏ "သုစိပုဘာ ဝိလိသိဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်း၊ နေ့တိုင်းဆင်လော့" ဟူသော ဆုံးမစာတွင် တွေ့မြင်နိုင်ကာ ဟောပြောပို့ချမှုများကို နားထောင်ခြင်း၊ တွေးခေါ်ကြံဆခြင်း၊ အမေးပုစ္ဆာထုတ်ခြင်း၊ ဆွေးနွေးခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လက်တွေ့လေ့ကျင့်ခြင်း၊ နှုတ်တိုက်အာဂုံဆောင်ကျက်မှတ်ခြင်းတို့ကို ထိုခေတ်စာသင်သားတို့ နေ့စဉ်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ခြင်းပင် ဖြစ်သည်။

အခြေခံပညာသင်ယူမှုများ ပြီးမြောက်၍ အဆင့်မြင့်ပညာများ သင်ယူမှုဆီသို့ တက်လှမ်းကြရမည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲသည် အရေးပါသော ဘဝ၏အချိုးအကွေ့တစ်ခု ဖြစ်သည်။ သို့ရာတွင် တက္ကသိုလ်ဝင်စာမေးပွဲအပါအဝင် လူ့ဘဝတစ်လျှောက်လုံးတွင် မိမိတို့ ရင်ဆိုင်ကြုံတွေ့ကြရဖွယ်ဖြစ်သော စိန်ခေါ်မှုများ၊ အမေးပုစ္ဆာများတို့ကို ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်ပူပန်မှုတို့ဖြင့် မဖြေသင့်၊ မဖြေအပ်ဘဲ ပညာရဲရင့်၊ ပွဲလယ်တင့်ကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ကျန်းမာရွှင်လန်းစွာ ဖြေဆိုသွားနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

အောင်မြင်ခြင်းအတွက် အဓိပတိလေးပါးကို မြတ်ဘုရားက ဟောကြားတော်မူခဲ့ရာ ဆန္ဒာဓိပတိ – အောင်ရမည်ဟူသော မဖြစ်မနေ လိုလားသည့်ဆန္ဒ၊ စိတ္တာဓိပတိ – အောင်မြင်ရေးကို ဦးတည်သော ထက်သန်သည့် စိတ်ဓာတ်အားမာန်၊ ဝီရိယာဓိပတိ – ပြင်းထန်သည့်လုံ့လဝီရိယ၊ ဝီမံသာဓိပတိ – စာမေးပွဲအောင်မြင်ရေးအတွက် ဘာသာရပ်တိုင်းကို ကျွမ်းကျင်နှံ့စပ်တတ်မြောက်ပြည့်စုံနေပြီဆိုပါက တက္ကသိုလ်ဝင်စာမေးပွဲကိုမဆို ထားဘိ ဘဝတစ်လျှောက်တွင် ဖြေဆိုရမည့် မည်သည့်စာမေးပွဲတို့ကိုမဆို ထူးချွန်ပေါက်မြောက်စွာ အောင်ပွဲဆင်နိုင်မည် ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ
ပြောင်းရွှေ့ခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် –

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာသီတာဦး ညွှန်ကြားရေးမှူးချုပ် ဥပဒေအကြံဉာဏ် ပေးရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် စီမံရေးရာဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး
(ခ)	ဒေါ်ဖြူမာဝေ ညွှန်ကြားရေးမှူးချုပ် စီမံရေးရာဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဒုတိယအမြဲတမ်းအတွင်းဝန်) ဒေါက်တာသီသီမြင့် ကို ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၈/၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ချိုမာလာကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုအဖွဲ့ကြီး အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုအဖွဲ့ကြီး (၁/၂၀၂၀) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့် (မောင်ရင့်မာ–ကျောင်းကုန်း)က အမှာစကား ပြောကြားသည်။(**အောက်ပုံ**)

ထို့နောက် တက်ရောက်လာကြသည့် စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက စာပေဗိမာန်ဆုချီးမြှင့်ရေးအတွက် မူဝါဒဖြေလျှော့မှုများ၊ ဆုအမျိုးအစားပြင်ဆင်တိုးချဲ့ရေး၊ ဆုရွေးချယ်မည့် စနစ်နှင့် ဆုကြေးငွေပြင်ဆင်တိုးမြှင့်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့် (မောင်ရင့်မာ – ကျောင်းကုန်း) က "မနှစ်က အစည်းအဝေးမှာ ပြိုင်ပွဲဝင်တဲ့ စည်းကမ်းချက်တွေကို ပြန်လည်သုံးသပ်ပြီး အဲဒီစည်းကမ်းချက်တွေ အပေါ် အကြံပြုသုံးသပ်ချက်တွေ ဆွေးနွေးခဲ့ပါတယ်။ ဒီနှစ်မှာ ပိုမိုကောင်းမွန်တဲ့ စည်းကမ်းချက်တစ်ခု ပြင်ဆင်ဖို့ လုပ်ဆောင်ကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ကလည်း စာပေဗိမာန်စာမူဆုကို အဆင့်အတန်းပိုမိုမြင့်မားစေချင်တယ်။ စာမူတွေရဲ့ အရည်အသွေးကိုလည်း ပိုပြီးမြင့်မားစေချင်တယ်။ ဒီရည်ရွယ်ချက်နှစ်ရပ်နဲ့ တင်းကျပ်တဲ့ စည်းကမ်းချက်တချို့ကို ဖြေလျှော့ဖို့ ပြုလုပ်တဲ့ အစည်းအဝေးပါ။ ဝမ်းသာစရာအကောင်းဆုံးအနေနဲ့ စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေပမာဏကို အခုနှစ်မှာ ၁၅ သိန်းပေးဖို့ တင်ပြထားပါတယ်။ စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးအဖွဲ့အနေနဲ့ အလားအလာရှိတဲ့ ကလောင်ရှင်တွေရဲ့ စာမူတွေကို စာပေစင်မြင့်ပေါ်ရောက်ဖို့ အားလုံးတက်တက်ကြွကြွ ဆွေးနွေးကြတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီမှ စာမူဆုများ လက်ခံရရှိမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

စာပေဗိမာန်စာမူဆုတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ သုတပဒေသာ (ဝိဇ္ဇာ/သိပ္ပံ)၊ စာပဒေသာ၊ ယဉ်ကျေးမှု၊ ကလေး၊ လူငယ်၊ နိုင်ငံရေး၊ ပြဇာတ်၊ အင်္ဂလိပ်၊ ဘာသာပြန် စာမူများကို ရွေးချယ်ပြီး စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်များအဖြစ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

သတင်း– မွန်းဦးနဒီ
ဓာတ်ပုံ– လှမိုး

၂၀၁၉ ခုနှစ် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲဝင်စာမူတင်သွင်းရန် နောက်ဆုံးရက်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၀ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုတွင် သတ်မှတ်ထားသည့် ဘာသာရပ် (၅) မျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသောစည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင်ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၁၅၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆု ရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။ **သတင်းစဉ်**

ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ရမ်ကလောင်းတွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/၈လ**

“အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အနေဖြင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အတည်ပြုပြီးသည့် စာရင်းအရ ၂၂၁၇ ခုရှိသည်ကို တွေ့ရမည်ဖြစ်၊ ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ကျန်ရှိနေသေးသည့် ဒြပ်မဲ့အမွေအနှစ်များကို စာရင်းကောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမျိုးသားဒြပ်မဲ့ အမွေအနှစ်စာရင်းသို့ ဆက်လက်သတ်မှတ်ခြင်းများ ဆောင်ရွက်သွားရမည်”

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းပြောကြားစဉ်။

○ကျောဖုံးမှ

မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ဂီတပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒြပ်မဲ့ယဉ်ကျေးမှုများ နိုင်ငံတစ်ဝန်းလုံးရှိ

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ များစွာပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် ရှေးဟောင်းမြန်မာသမိုင်းကြောင်းတစ်လျှောက်တွင် အနုပညာလက်ရာများ၊ ဗိသုကာလက်ရာများ၊ ဒြပ်ရှိယဉ်ကျေးမှုများအဖြစ် နိုင်ငံတစ်ဝန်းအမြောက်အမြား တွေ့ရှိနိုင်ပါကြောင်း၊ ထို့အတူ ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပွဲတော်များစသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးစုအားလုံးတွင်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထိုသို့ ခေတ်အဆက်ဆက် ပေါ်ထွန်းတည်ရှိခဲ့သည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာကောင်းလှပါကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များထဲမှ ဗိသိန်း၊ ဟန်လင်း၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်း(၃)မြို့ သည် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်က ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ခဲ့သကဲ့သို့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည်လည်း ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်က အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ်လည်း မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကျောက်စာများ၊ ပုဂံဒေသရှိမြစေတီ (ရာဇကုမာရ)၊ ကျောက်စာနှင့် ပုဂံ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာများသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစွာ မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာကိုလည်း ၂၀၁၈ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းသတ်မှတ်ခံခဲ့ရပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေးအတွက်လည်း ၂၀၂၀ ပြည့်နှစ်တွင် UNESCO သို့ ဆက်လက်တင်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ကော်မတီများဖွဲ့စည်း၍ အဆိုပြုစာတွဲ Nomination Dossier (Draft) ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် UNESCO World Heritage Centre သို့ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အဆိုပြုစာတွဲ(အပြည့်အစုံ) တင်ပြနိုင်ရေးအတွက် ကဏ္ဍအသီးသီးက ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ မိမိတို့နိုင်ငံတွင် ဒြပ်မဲ့အမွေအနှစ်ထောင်ပေါင်းများစွာ ရှိပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီအနေဖြင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အတည်ပြုပြီးသည့် စာရင်းအရ ၂၂၁၇ ခုရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ကျန်ရှိနေသေးသည့် ဒြပ်မဲ့အမွေအနှစ်များကို စာရင်းကောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမျိုးသားဒြပ်မဲ့ အမွေအနှစ်စာရင်းသို့ ဆက်လက်သတ်မှတ်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

UNESCO ၏ ကမ္ဘာ့ဒြပ်မဲ့ အမွေအနှစ်စာရင်းကို ကြည့်ပါက ကမ္ဘာ့နိုင်ငံ ၁၂၇ နိုင်ငံ၏ ကိုယ်စားပြုဒြပ်မဲ့အမွေအနှစ်စာရင်းသည် ၅၄၉ ခု ရှိနေပြီဆိုသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုအထဲတွင် မြန်မာနိုင်ငံက တစ်ခုမှမပါရှိသေးပါကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံအောင် ဟုပြောနိုင်သည့် “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဧလေ့”ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသတ်မှတ်နိုင်ရန် ကြိုးစားတင်ပြနေသည်ကို ဆက်လက်တိုက်တွန်းအားပေးပါကြောင်း၊ ထိုကိစ္စများသည် မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဆင့်သို့ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုများပင်ဖြစ်ပါကြောင်း။

ရေရှည်တည်တံ့အောင် ဆောင်ရွက်

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပြီး ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုသာမက တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ် သုတေသနပြုရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အတိအလင်းဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးဆောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရေးဟောင်းဝတ္ထုပစ္စည်းနှင့် ရေးဟောင်းအဆောက်အအုံ ဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကို ၂၀၁၅ ခုနှစ် ကတည်းက ပြင်ဆင်ရေးဆွဲပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဥပဒေသည် ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကိုသာမက ဒေသခံပြည်သူများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရေးဆွဲထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုသားယဉ်ကျေးမှုဗဟိုကော်မတီကို တက်ရောက်လာကြသည့် ကော်မတီဝင်များ အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဌာနတစ်ခုနှင့်တစ်ခု အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကဏ္ဍအသီးသီးတွင် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် အကြံဉာဏ်ကောင်းများနှင့် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယူနက်စကို အသိအမှတ်ပြု စာရင်းတင်သွင်းနိုင်ရေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီအနေဖြင့် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဧလေ့အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အား ယူနက်စကို အသိအမှတ်ပြု စာရင်းတင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)မှ နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန့်နှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ဦးနေဝင်းတို့က ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၂၁ ခုအနက် ၁၄ ခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ(၇)ခုတို့အား မှတ်တမ်းတင်ပေးနိုင်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်မဲ့ယဉ်ကျေးမှုများနှင့် အနုပညာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ကျူးကျော်ဝင်ရောက်နေသူများအား အသိပညာပေးရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ ဗိသုကာလက်ရာနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများအပေါ်သို့ တက်ရောက်ခွင့်ကို ထိရောက်စွာ တားမြစ်ပိတ်ပင်ပေးနိုင်ရေး၊ ပုဂံဒေသတွင် ဒစ်ဂျစ်တယ်မြေပုံအသုံးပြုနိုင်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ကမ္ဘာလှည့် ခရီးသွားရဲတပ်ဖွဲ့ဖွဲ့စည်း၍ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ခရီးသွားများအတွက် လုံခြုံရေး ဆောင်ရွက်ပေးနေမှု၊ ကမ္ဘာလှည့်ခရီးသွားများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရေး၊ ဒြပ်မဲ့ယဉ်ကျေးမှုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာများ မပျောက်ပျက်စေရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အထောက်အပံ့ဖြစ်

ယင်းနောက် ဒုတိယသမ္မတက နိုင်ငံတစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် ယင်းနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံသားအားလုံးအနေဖြင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာလှည့်ခရီးသွားများက များစွာစိတ်ဝင်စားမှုရှိပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် များစွာအထောက်အပံ့ဖြစ်စေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်လျှင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သည့် တိုးတက်မှု ၄၀ ဒသမ ၂ ရာခိုင်နှုန်းရှိသဖြင့် တိုးတက်မှုအမြန်ဆုံးနေရာအဖြစ် ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ တိုးတက်မှုရှိလာခြင်းသည် သက်ဆိုင်ရာ ကဏ္ဍအသီးသီး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့်ပင် ဖြစ်ပါကြောင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဧလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းတင်သွင်းမည့်နည်းတူ မြန်မာ့သနပ်ခါးကိုလည်း လက်ရှိစိုက်ပျိုးနေသည့် ဒေသများအပြင် အခြားဒေသများတွင်ပါ တိုးချဲ့စိုက်ပျိုးသွားစေလိုကြောင်း၊ ထို့ပြင် သနပ်ခါး၏ အရေးပါမှုနှင့် အသုံးဝင်မှုကိုလည်း ကမ္ဘာကသိရှိအောင် ကြော်ငြာရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်သေးလောကနှင့် အနုပညာနယ်ပယ်များတွင် ကျွမ်းကျင်သူများ နည်းပါးလာလျက်ရှိရာ ခါးဆက်မပြတ်စေရန် မျိုးဆက်သစ်ပညာရှင်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သတင်းစဉ်

---

(၃၂) ကြိမ်မြောက် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှုသင်တန်းဖွင့်မည်

မန္တလေး ဖေဖော်ဝါရီ ၂၁ – ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ဝန်ဆောင်ဆရာတော်ကြီးများ၏ သြဝါဒခံယူ၍ (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးမှုသင်တန်းကို မတ် ၁၀ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီ အထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၂၃-၂၄ လမ်းကြားရှိ ဓမ္မဗိမာန်တော်တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာမူလတန်းမှ အခြေခံပညာအထက်တန်းအဆင့်အထိ ကျောင်းသားကျောင်းသူများအား ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်း၀င်ခွင့်ပုံစံများကို မတ် ၃ ရက်မှ စတင်ထုတ်ပေးသွားမည်ဖြစ်ကာ သင်ကြားလိုသော ကျောင်းသား ကျောင်းသူများ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီး အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် မဲနှိုက်ရွေးချယ်ထားသော သတ်မှတ်နေရာများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားပြု အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင်ရန် ပြင်ဆင်ထားရှိသည့် ပြိုင်ပွဲဝင်အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာကြောင်း ဆေးလက်မှတ်နှင့် ဝန်ထမ်းစိစစ်ရေးကတ်၊ ထမနဲထိုးရာတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းထားရှိမှုကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီက လိုက်လံစစ်ဆေးအမှတ်ပေးကြသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရာမှုတ်အချက်ပေးကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အသင်းအသီးသီးသည် သတ်မှတ်ထားသည့် အချိန်တစ်နာရီအတွင်း အားကြိုးမာန်တက် ထမနဲထိုးယှဉ်ပြိုင်ကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

လည်း ဌာနအလိုက် အိုးစည်ဒိုးပတ်ပိုင်းများဖြင့် ပျော်ရွှင်စွာအားပေးကြသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးဌာန အချင်းချင်း ခင်မင်မှုတိုးပွားစေရန်၊ စုစုစည်းစည်း လုပ်ဆောင်တတ်စေရန်၊ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ကာလဒေသနှင့် ကိုက်ညီစွာဖြင့် စုပေါင်းအင်အားကို ပြသနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင် အသင်းများက ပေးပို့လာသည့် ထမနဲများကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီက မှတ်တမ်းတင်ကာ ပြိုင်ပွဲဝင် Code နံပါတ်များ သတ်မှတ်၍ အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီထံ ပေးပို့သည်။

အမှတ်ပေးဆောင်ရွက်

ထို့နောက် လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေးဆပ်ကော်မတီနှင့် အရည်အသွေးအမှတ်ပေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက အမှတ်ပေးခြင်းနှင့် အမှတ်ရေတွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ဝန်ကြီးဌာန ၂၂ သင်းအနက်မှ နှစ်သိမ့်ဆုရရှိသည့် ဝန်ကြီးဌာန ၁၉ ခုမှ အသင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဒေါက်တာရဲမြင့်ဆွေ၊ ဒေါက်တာ မြလေးစိန်၊ ဦးဗရတ်ဆင်းနှင့် ဦးစိုးအောင်တို့က ဆုငွေကျပ် သုံးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ် ဦးတို့က မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား ဆုငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းအား ဆုငွေကျပ် ခုနစ်သိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းအား ဆုငွေကျပ် ဆယ်သိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလားချီးမြှင့်

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းအား ဆုငွေကျပ် တစ်ဆယ့်ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများသည် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဝန်ကြီးဌာန အသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

သီဆိုဖျော်ဖြေ

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ နိုင်ငံကျော်တေးသံရှင်များနှင့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များက သီဆိုဖျော်ဖြေကြသည်။

ထမနဲပွဲသည် မြန်မာတို့၏ စည်းလုံးညီညွတ်မှုကိုပြသသည့် ရာသီပွဲတော်တစ်ခုဖြစ်ပြီး ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည့် တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် စေတနာ၊ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်နိုင်ပြီး မိသားစုအလိုက်၊ ရပ်ကွက်ကျေးရွာအလိုက်၊ ဘာသာရေးအသင်းအဖွဲ့များ အလိုက်၊ ရုံးဌာနများအလိုက် စုပေါင်းထမနဲထိုးပွဲများ ကျင်းပပြုလုပ်ကြသည်။ **သတင်းစဉ်**

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ မြင်ကွင်းပုံရိပ်များ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နှစ်သိမ့်ဆုရသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နှစ်သိမ့်ဆုရသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ နှစ်သိမ့်ဆုရသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း နှစ်သိမ့်ဆုရသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ပြိုင်ပွဲဝင်များ၏ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များအား တွေ့ရစဉ်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များအား တေးဂီတဖြင့် ဖျော်ဖြေစဉ်။

အိုးစည်ဒိုးပတ်ဝိုင်းဖြင့် ပျော်ရွှင်စွာအားပေးစဉ်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်မှုမြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာနိုပေါနိုင်ငံသံအမတ်ကြီး၊ နိုပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နိုပေါနိုင်ငံ သံအမတ်ကြီး Mr.Bhim K.Udas ၊ နိုပေါနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ Mr. Kishor Shrestha နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) တို့ ဦးဆောင်သည့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုပေါနိုင်ငံရွေးကောက်ပွဲ သတင်းရယူရေးဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Bower Group Asia (Myanmar) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်မေသိန်း (Judy Ko) အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Bower Group Asia (Myanmar) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်မေသိန်း (Judy Ko) နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ် ဆွေးနွေး

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေနိုင်စေရန် နည်းပညာကဏ္ဍ အသုံးချနိုင်မှု စွမ်းရည်မြှင့်တင်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Bower Group Asia (Myanmar) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်မေသိန်း (Judy Ko) အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

သတ္တမအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁
သတ္တမအကြိမ် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်း က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်ဝန်ကြီးနှင့် ကုလသမဂ္ဂရေးရာ တာဝန်ခံ သံအမတ်ကြီး မစ္စတာ Osamu Yamanaka တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲ၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ဆွေးနွေးရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ UNDP နှင့် UNHCR အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကုလသမဂ္ဂမျက်နှာစာအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဂျပန်သံရုံးတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သင်္ဘောဟိုတယ်၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

သတင်းစဉ်

သတ္တမအကြိမ် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲ ကျင်းပစဉ်။

သတင်းစဉ်

ခရီးသည်တင်ယာဉ်များအပေါ်တွင် Telematics စနစ်ပါရှိမှသာ အမြန်လမ်းမကြီး၌ မောင်းနှင်ခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများတွင် ပါဝင်သည့် ပုဒ်မများ၊ ပုဒ်မခွဲများအပေါ် ဆွေးနွေးမည့်အစီအစဉ် လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ကြိုတင်တင်ပြမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ နောက်ဆက်တွဲ (၈-၁) နှင့် (၈၂ - ၁) တို့ပါ ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ်ဆွေးနွေးရန် တစ်ဦးလျှင် (၈)မိနစ်နှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၄၉ ဦး အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၇ နှင့်အညီ သတ်မှတ်လျာထားပြီး ဖြစ်ပါကြောင်း၊ ရက်အလိုက် ဆွေးနွေးမည့်အမည်စာရင်း လျာထားချက်ကိုလည်း ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့် ဥပဒေမူကြမ်း(၂)ခု ခွဲခြားပြုစုထားသော်လည်း တစ်ပေါင်းတည်း ဆွေးနွေးမည်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့် ဥပဒေမူကြမ်း(၂)ခု ခွဲခြားပြုစုထားသော်လည်း တစ်ပေါင်းတည်း ဆွေးနွေးမည်ကို ဖြည့်စွက်ပြောကြားလိုပါကြောင်း၊

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ တွင် နည်းဥပဒေ ၁၃၇ အရ ဆွေးနွေးခွင့်ရရှိသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရာတွင် ဆွေးနွေးခွင့်ပြုသည့် သတ်မှတ်ချိန်အတွင်း ဆွေးနွေးရမည်ဖြစ်ပြီး ယင်းပြင်ဆင်သည့်ဥပဒေမူကြမ်း၌ ပါရှိသည့် ပုဒ်မများပါကိစ္စရပ်များမှအပ အခြားမည်သည့်ကိစ္စကိုမျှ ထည့်သွင်းဆွေးနွေးခြင်းမပြုရဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေမူကြမ်းများအပေါ် ဆွေးနွေးကြသည့်အခါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တိုင်းရင်းသားလူမျိုးစုတစ်ခုခုကို ထိခိုက်စေမည့် အသုံးအနှုန်း၊ ပြောဆိုချက်များမပါရှိစေရေး ဂရုပြုဆင်ခြင်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ဆွေးနွေးကြရန်နှင့် အခြားမသက်ဆိုင်သည့် အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခြင်းမပြုကြရန် ကြိုတင်အသိပေးပြီး အလေးထားမှာကြားလိုပါကြောင်း။

လက်ရှိ လွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်သူများ ပိုမိုရှိ ရှင်းလင်းစွာသိနိုင်စေရန် ရည်ရွယ်၍ အနည်းငယ် ထပ်မံရှင်းလင်းပြောကြားလိုပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧန်နဝါရီ ၂၉ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးအတွက် ပူးပေါင်းကော်မတီ တစ်ရပ်ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်းသည့် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြင်ဆင်ရေးပူးပေါင်းကော်မတီ တစ်ရပ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်နေဆဲကာလ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုကို တင်သွင်းလာခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုသည့် တူညီသည့်အကြောင်းရင်းအပေါ်တွင် ကွဲပြားသည့်ပုံစံကို စတင်တွေ့ရှိရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့အခြေအနေကတည်းကပင် နာယကအပါအဝင် တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က လေ့လာစဉ်းစားသုံးသပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပြီး မဆန့်ကျင်သည့် နည်းလမ်းများကို ချပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ စဉ်းစားခဲ့ရာတွင် လက်ရှိ လွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းအတွင်း ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အကယ်၍

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

ပြင်ဆင်နိုင်ခဲ့ပါက ပြင်ဆင်သည့်ဥပဒေ၏ စတင်အသက်ဝင်ကာလ စသည့် ကိစ္စရပ်များလည်း ပါဝင်ပါကြောင်း၊ ထို့ပြင် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ ထပ်မံ တင်သွင်းလာနိုင်သည့် အခြေအနေ၊ အစီရင်ခံစာအပေါ် ဆွေးနွေးလာနိုင်သည့် အခြေအနေစသည့် အခြေအနေပေါင်းစုံကို သုံးသပ်ပြီးမှ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းအချိန်ကတည်းက စဉ်းစားသုံးသပ်ပြီး အဆိုတင်သွင်းထားသည့် ပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းရေးကိုလည်း ဆက်လက်လုပ်ဆောင်၍ သီးခြားစီတင်သွင်းလာသည့် ပြင်ဆင်သည့် ဥပဒေမူကြမ်းကိုလည်း လက်ခံဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကြိုတင်စဉ်းစားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြင်ဆင်သည့်ဥပဒေမူကြမ်းတစ်ခုထက်ပိုပြီး ရှိလာပါကလည်း ပြင်ဆင်နိုင်ရေး စတင်ဆောင်ရွက်ခဲ့သည့် အဆို၏ လုပ်ငန်းစဉ်၊ နောက်ဆုံးအဆင့်မှ ရရှိလာမည့် ပြင်ဆင်သည့် ဥပဒေမူကြမ်းအပါအဝင် အားလုံးကို ပူးပေါင်းပြုစုထားသည့် ဥပဒေမူကြမ်းအပေါ်တွင်သာ ဆက်လက်ဆောင်ရွက်သင့်သည်ကို မူလကတည်းက စဉ်းစားသုံးသပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းရေးအဆိုကို လွှတ်တော်က လက်ခံပြီးနောက်ပိုင်းတွင် တင်သွင်းလာသည့် ဥပဒေမူကြမ်း (၅)ခုအတွက် တစ်ခုချင်းစီအလိုက် အစီရင်ခံစာတင်သွင်းဆွေးနွေးပြီး အဆုံးအဖြတ်ရယူခဲ့သည့် လွှတ်တော်၏ အတည်ပြုချက်များနှင့် ယခုနောက်ဆုံးအစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် ရှေ့နောက် ညီညွတ်ပြီး ကွဲလွဲလုပ်ဆောင်မှုမရှိခြင်းကို လိုအပ်မည်ဆိုပါက ယခင်အစီရင်ခံစာများ အပါအဝင် ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များကို ပြန်လည်လေ့လာသိရှိနိုင်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေမူကြမ်းများ တင်သွင်းထားသည့် အစုအဖွဲ့များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးအတွက် တူညီသည့် အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရယူအသုံးပြုနိုင်သည့် အခြေအနေဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက တစ်ဦးအနေဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိကို ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ခုချင်းစီအတွက် အခြေအနေ၊ အချိန်အခါ အားလုံးကို သုံးသပ်စဉ်းစားပြီး လုပ်နိုင်သမျှ ပြီးပြတ်ကျေပွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်းသည် နာယကတစ်ဦးတည်း၏ ဆုံးဖြတ်ချက်မဟုတ်ဘဲ လွှတ်တော်၏ အတည်ပြုချက်သာဖြစ်ပါကြောင်း အသိပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့၏ သက်တမ်းကို ၂၀၂၁ ခုနှစ် ဧန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်နိုင်ရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ပြန်လည်ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲနှင့် ဒုတိယတွဲတို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် Telematics စနစ် ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန် ရည်ရွယ်ပြီး Telematics စနစ် တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သွားလာနေသော မော်တော်ယာဉ်လိုင်းများ၊ အသင်းအဖွဲ့များအား အစည်းအဝေးများ ထပ်မံခေါ်ယူညှိနှိုင်းခြင်း၊ ခရီးသည်တင်ယာဉ်များအပေါ်တွင် Telematics စနစ်ပါရှိမှသာ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာ၍ ထိန်းသိမ်းခြင်း၊ အမြန်လမ်းမကြီးပေါ်တွင် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူပြီး အသိပေးခြင်းတို့ကို ပညာပေးပြုလုပ်ပြီး မလိုက်နာသည့် ခရီးသည်တင်ယာဉ်များကို အရေးယူခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)ကို ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရရှိပြီးဖြစ်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီနှင့် နိုင်ငံတော်သမ္မတရုံးသို့ အတည်ပြုချက်ရယူရန် တင်ပြထားပြီးဖြစ်ပါကြောင်း၊ အတည်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက နည်းဥပဒေ ဆက်လက်ထုတ်ပြန်နိုင်ရေးနှင့် Third Party နှင့် ပတ်သက်သည့် အသေးစိတ်ပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲလျက်ရှိပါကြောင်း၊ Third Party Inspection Program အတွက် ညွှန်ကြားချက်များထုတ်ပြန်နိုင်ရန် အရည်အသွေးစစ်ဆေးခြင်း၊ ဆောက်လုပ်ရေးစီမံခန့်ခွဲမှု အကြံပေးခြင်းနှင့် Third Party ဖြင့် စစ်ဆေးခြင်းတို့အတွက် လုပ်ငန်းလမ်းညွှန်ကို ဆက်လက်

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ

ရေးဆွဲလျက်ရှိပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ် ၅၀ ရာခိုင်နှုန်းအောက် အကောင်အထည်ဖော်နိုင်မှုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၅၀ ရာခိုင်နှုန်းအောက် အကောင်အထည်ဖော်သည့်ကိစ္စအများစုသည် JICA ချေးငွေ၊ World Bank ချေးငွေ၊ ADB ချေးငွေတို့ဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းအရ Detail Feasibility Study ဆောင်ရွက်ရခြင်းကြောင့် လည်းကောင်း၊ Environmental Clearance Certificate ရရှိရန်အတွက် အဆင့်ဆင့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကြောင့် လည်းကောင်း၊ Exchange of Notes အရတင်သွင်းလာသည့် ပစ္စည်းများနှင့်ပတ်သက်၍ အခွန်သက်သာခွင့် လျှောက်ထားရမှုကြောင့်လည်းကောင်း လုပ်ငန်းစတင်ချိန်နောက်ကျရခြင်း ဖြစ်ပြီး အဆိုပါချေးငွေလုပ်ငန်းများအားလုံးကို ချောမောစွာအကောင်အထည်ဖော်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ ထောက်ပြချက်များနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းများကို ထောက်ပြဆွေးနွေးသွားသည့် လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ထောက်ပြချက်များကို လိုက်နာပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပိုမိုထိရောက်ကောင်းမွန်သည့် ဌာနတွင်းကြိုးကြပ်ကွပ်ကဲမှုစနစ် ချမှတ်နိုင်စေရေးအတွက် အခြေခံစာရင်းပြုငွေထုတ်စာရင်းများမှ လစဉ်ကြီးကြပ်သူအရာရှိများ၏ စစ်ဆေးမှုအစီရင်ခံစာများ၊ (၃)လပတ်အတွက် စစ်ဆေးမှုအစီရင်ခံစာများ၊ (၆)လပတ်အတွက်ဌာနတွင်း စာရင်းစစ်ဆေးမှုအစီရင်ခံစာများ၊ နှစ်ချုပ်ဒေသန္တရစာရင်းစစ်ရုံးများ၏ စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြစေပြီး စိစစ်၍ ဖြေရှင်းပြီးပြတ်မှုများနှင့်အညီ အဆင့်ဆင့်တင်ပြကာ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဘဏ္ဍာငွေအလွဲသုံးစားမှုဖြစ်စဉ်များအပေါ် သုံးသပ်၍ ဖြစ်ပွားရသည့်အကြောင်းရင်းများကို ဖော်ထုတ်ချပြညွှန်ကြားခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ကြီးကြပ်သူ အရာရှိနှင့် ငွေထုတ်သူအရာရှိတို့၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာဆောင်ရွက်စေရန် သင်တန်းပေး၍ သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဘဏ္ဍာငွေအလွဲသုံးစားမှုမဖြစ်ပေါ်စေရေးအတွက် ဌာနတွင်း စာရင်းစစ်ဆေးမှုများ စနစ်တကျဆောင်ရွက်ခြင်း၊ ရန်ပုံငွေခွဲဝေချထားရာတွင် အနီးစပ်ဆုံးခွဲဝေချထားခြင်းများနှင့်ပတ်သက်၍ ရှင်းလင်း

ထို့ကြောင့် ဘဏ္ဍာငွေအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးအတွက် ဌာနတွင်း စာရင်းစစ်ဆေးမှုများ စနစ်တကျဆောင်ရွက်ခြင်း၊ ရန်ပုံငွေခွဲဝေချထားရာတွင် အနီးစပ်ဆုံးခွဲဝေချထားခြင်း၊ ကြီးကြပ်သူအရာရှိ၊ ငွေထုတ်သူအရာရှိများနှင့် ငွေစာရင်းကိုင်များအား ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ တာဝန်ဝတ္တရားများ သိရှိဆောင်ရွက်စေခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာ ပထမတွဲ၊ အပိုဒ် ၁၅၅ တွင်ပါရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖားဆောင်းမြို့နယ် မော်ချီးစက်ရုံသည် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်ခဲ့၍ စက်ရုံအသစ် ပြန်လည်တည်ဆောက်ရန် မြေနေရာရထားပြီးဖြစ်သော်လည်း စက်ရုံအဆောက်အဦ ဆောက်လုပ်ပြီးမှသာ DVB T2 စက်နှင့် FM စက်များတပ်ဆင်ဆောင်ရွက်နိုင်မည့် အခြေအနေအား ဆောလျင်စွာ စီမံဆောင်ရွက်ပေးရန် အကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း။

ယခုအခါ စက်ရုံတည်ဆောက်ရန် မြေနေရာရရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စက်ရုံတည်ဆောက်ရန် ငွေကျပ် ၆၆ ဒသမ ၅ သန်း ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့မှလည်း စက်ရုံတည်ဆောက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါစည်းမျဉ်းများနှင့်အညီ တင်ဒါအောင်မြင်သော ရွှေဟင်္သာဦးကုမ္ဗဏီနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခြင်းများကို ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စက်ပစ္စည်းများ ချို့ယွင်းမှုမဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာ ပထမတွဲ အပိုဒ် ၆၁ အရ အသုံးစရိတ်များ ကျခံသုံးစွဲရာတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ကျခံသုံးစွဲနိုင်ရေး စီမံကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်းကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သံဆံရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ၆ လ ဘတ်ဂျက်ကာလအတွင်း နှစ်လပိုင်းနှင့် သုံးလပိုင်းတို့တွင် ဝန်ထမ်းများစွမ်းရည်မြှင့် သင်တန်းအတွက် သင်တန်းသားကြေ၊ ပို့ရန် စက်သုံးဆီများ သုံးစွဲခဲ့ရပြီး နယ်ရုံးစာကြည့်တိုက်များအတွက် စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာများ မဖြစ်မနေဝယ်ယူခဲ့ရခြင်းများကြောင့် အသုံးစရိတ်လုံလောက်မှုမရှိဘဲ လေးလပိုင်းမှသာ ပေးချေခဲ့ရခြင်းဖြစ်ပါကြောင်း၊ နောင်တွင် အလားတူ ကိစ္စကဲ့သို့ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး (ခ) သန်းစိုး(ဘောဂဗေဒ) ၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာ ဒုတိယတွဲ အပိုဒ် ၂၅၂ (ဂ)(၁) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေနေသည့် သတင်းစာ(၃)စောင် ရှိသည့်အနက် မြန်မာဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာ(၂)စောင်မှ အမြတ်ငွေရရှိခဲ့ပြီး ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် လွှတ်တော်ကိုယ်စားလှယ် သုံးသပ်တင်ပြခဲ့သည့်အတိုင်း ဖော်ပြပါ ဘဏ္ဍာရေးနှစ်အတွင်းက အရှုံးပေါ်ခဲ့ရပါကြောင်း။

အဆိုပါသတင်းစာ အရှုံးပေါ်ခဲ့ရသည်နှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါကြောင်း၊ The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဖက်စပ်လုပ်ငန်းအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုဖက်စပ်လုပ်ငန်းအတွက် အဓိကဝင်ငွေများကို သတင်းစာရောင်းရငွေ၊ ကြော်ငြာများမှ ဝင်ငွေနှင့် ပုံနှိပ်လုပ်ငန်းတို့မှ ရရှိခဲ့ပါကြောင်း၊ အဆိုပါသတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သောကြောင့် မြန်မာဘာသာဖြင့် ထုတ်ဝေသည့်သတင်းစာများထက် မူလကပင် စာဖတ်ပရိသတ် များစွာလျော့နည်းပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာအရိန်အဟုန်နှင့် တိုးတက်ထွန်းကားလာခဲ့သည့်အတွက် နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာ၊ ပုံနှိပ်သတင်းစာများ ရောင်းအားသည် တရိပ်ရိပ်ကျဆင်းလာခဲ့ပါကြောင်း။

နိုင်ငံတကာတွင် လူအများ၏ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေး အစီအစဉ်များ ရယူသုံးစွဲမှုပုံစံသည် များစွာပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ကိုင်တယ်လီဖုန်း ပျံ့နှံ့သုံးစွဲမှုသည် ၁၀၀ ရာခိုင်နှုန်းကျော်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ Application Software များ ထည့်သွင်းအသုံးပြုနိုင်သည့် စမတ်ဖုန်းသုံးစွဲမှုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး အာဆီယံနိုင်ငံများထဲတွင် အမြင့်ဆုံးဖြစ်သည်ဟု နိုင်ငံတကာသုတေသနအစီရင်ခံစာများအရ သိရှိရပါကြောင်း။

ပြည်သူအများစုသည် သတင်းအချက်အလက်ရရှိရန်အတွက် ပုံနှိပ်သတင်းစာများကို မဖတ်ရှုကြတော့ဘဲ လက်ကိုင်ဖုန်းများမှတစ်ဆင့် Online Media Platfroms များတွင်သာ ဖတ်ရှုလာနေကြပါကြောင်း၊ အမှန်တကယ်အားဖြင့် မိမိတို့၏လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမှုကို ဖော်ပြနေသည့် ညွှန်းပြချက်တစ်ခုဖြစ်သောကြောင့် ဝမ်းသာကြိုဆိုရမည်ဖြစ်ပါကြောင်း၊ သို့သော် အခြားတစ်ဖက်တွင် စီးပွားရေးကြော်ငြာအများစုသည် သမားရိုးကျ မီဒီယာများဖြစ်ကြသည့် ပုံနှိပ်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စရိတ်သက်သာပြီး ကန့်သတ်ထိန်းချုပ်မှုနည်းပါးကာ အကျိုးသက်ရောက်မှုများစွာ သာလွန်ကောင်းမွန်သည့် Online Media Platforms များသို့ ပြောင်းရွှေ့သွားခဲ့ကြသည့်အတွက် ပုံနှိပ်မီဒီယာများအတွက် ကြော်ငြာရရှိမှု များစွာကျဆင်းသွားခဲ့ရပါကြောင်း၊ ထိုဖြစ်စဉ်သည် နိုင်ငံတကာပုံနှိပ်မီဒီယာလောကတွင် အားလုံးရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပြီး မူလကပင် စာဖတ်ပရိသတ် များစွာနည်းပါးခဲ့သည့် The Global New Light of Myanmar သတင်းစာအတွက် ပိုမိုအထိနာစေခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် ပုံနှိပ်မီဒီယာလုပ်ငန်းတွင် ဝင်ငွေကျဆင်းလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုဖက်စပ်လုပ်ငန်းအနေဖြင့် ယခင်က စီးပွားရေးလုပ်ငန်းအဖြစ် ပြင်ပသတင်းစာ(၃)စောင်ကို နေ့စဉ် လက်ခံပုံနှိပ်ပေးခဲ့ရသောကြောင့် ဝင်ငွေအသင့်အတင့် များပြားခဲ့ပါကြောင်း၊ သို့သော် ပုံနှိပ်မီဒီယာလုပ်ငန်းများ ကျဆင်းလာမှုကြောင့် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်မှစတင်၍ သတင်းစာ(၁)စောင်သာ ရိုက်ရသည့်အတွက် ဝင်ငွေကျဆင်းခဲ့ရပါကြောင်း၊ ထို့ပြင် ဖော်ပြသည့်နှစ်အတွင်း သတင်းစာလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သည့် သတင်းစာစက္ကူ ဝယ်ယူခဲ့သည့်အချိန်တွင် စက္ကူစျေးနှုန်းသည် တစ်မက်ထရစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၀၀ ကျော်ခန့် စျေးမြင့်တက်လာခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုစရိတ် ပိုမိုမြင့်တက်လာခဲ့ခြင်းသည်လည်း အရှုံးဖြစ်ပေါ်ရခြင်း၏ လတ်တလော အကြောင်းတစ်ခုဖြစ်ပါကြောင်း။

နောက်ဆုံးတစ်ချက်အနေဖြင့် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် အခြားသော ဖက်စပ်စီးပွားရေးလုပ်ငန်းများနှင့် မတူဘဲ နိုင်ငံတော်အတွက် မရှိမဖြစ်အရေးကြီးသည့် တာဝန်တစ်ခုကို ထမ်းဆောင်နေရသည့် လုပ်ငန်းတစ်ခုဖြစ်သည်ကို အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပေးစေလိုပါကြောင်း၊ ထိုသတင်းစာသည် လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအတွက် နိုင်ငံတကာသို့ သတင်းပြန်ကြားရေးတာဝန်ကို ထမ်းဆောင်နေရသည့် တစ်ခုတည်းသော အင်္ဂလိပ်သတင်းစာဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုမျိုးစုံ ရင်ဆိုင်နေရသည့် မိမိတို့နိုင်ငံအတွက် နိုင်ငံတော်အစိုးရအာဘော်ကို ထင်ဟပ်သည့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာတစ်စောင် မဖြစ်မနေလိုအပ်

ဒီမိုကရေစီသက်တမ်းနုနယ်ပြီး အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုမျိုးစုံ ရင်ဆိုင်နေရသည့် မိမိတို့နိုင်ငံအတွက် နိုင်ငံတော်အစိုးရအာဘော်ကို ထင်ဟပ်သည့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာတစ်စောင် မဖြစ်မနေလိုအပ်ပါကြောင်း၊ The Global New Light of Myanmar သည် ထိုတာဝန်ကို အခက်အခဲမျိုးစုံကြားမှ ကြိုးစားဆောင်ရွက်နေသည့် သတင်းစာဖြစ်သည့်အတွက် အခြားဖက်စပ်လုပ်ငန်းများကဲ့သို့ စီးပွားရေးအကျိုးအမြတ်ရှာထောင့်တစ်ခုတည်းမှ သုံးသပ်ရန်မသင့်တော်ဟု ယူဆမိပါကြောင်း။

The Global New Light of Myanmar သတင်းစာအရည်အသွေး မြင့်တက်ပြီး စီးပွားရေးအရ အောင်မြင်စွာရပ်တည်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ပုဂ္ဂလိကအစုရှယ်ယာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး သင့်လျော်သည့် ပုံနှိပ်စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ရှာဖွေလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများ အနေဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းပိုင်းစစ်ဆေးခြင်းအပြင် မိမိတို့စစ်ဆေးရမည့် Audit Scope အတွင်း ဘတ်ဂျက်အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ ကွင်းဆင်း၊ မျက်မြင်ကြည့်ရှုစစ်ဆေးခြင်းများကို လုံခြုံရေးအနေအထား၊ ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် စစ်ဆေးနိုင်မှုမရှိသည်များမှအပ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေငွေစာရင်းအကောင်အထည်ဖော်မှုနှင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေး၊ ရသင့်ရထိုက်သောငွေများ အပြည့်အဝရရှိစေရေးတို့အတွက် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဌာနအဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိကိုလည်း စစ်ဆေးအစီရင်ခံ တင်ပြလျက်ရှိပါကြောင်းနှင့် ဌာန၊ အဖွဲ့အစည်းအများစုအနေဖြင့် လက်ရှိ စာရင်းထားသိုမှုစနစ်အနေအထားအရ Manual စနစ်ဖြင့်သာ စာရင်းမှတ်တမ်းများ ထိန်းသိမ်းမှုအပေါ် စာရင်းစစ်ရုံးများ အနေဖြင့်လည်း Manual စနစ်ဖြင့် စစ်ဆေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာမှုစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို နိုင်ငံတကာစစ်ဆေးရေးစံများနှင့်အညီ ဆောင်ရွက်တင်ပြ

သို့ဖြစ်ပါ၍ နိုင်ငံတော်အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရည်ရွယ်ချက်များသည် မိမိတို့ရုံး၏ ရည်ရွယ်ချက်နှင့်တူညီကြောင်း တွေ့ရှိရသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များအား များစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း ရှေ့ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်း၊ လိုက်နာမှုစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို နိုင်ငံတကာစစ်ဆေးရေးစံများနှင့်အညီ ဆောင်ရွက်တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အဆိုပါ အစီရင်ခံစာပထမတွဲနှင့် ဒုတိယတွဲတို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲနှင့် ဒုတိယတွဲတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ - စိုးဝင်းထွန်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် ရဲစခန်း၊ တရားရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန လက်အောက်ရှိ ပြည်အကျဉ်းထောင်နှင့် ပေါင်းတည်အချုပ်ထောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာဝုံ)**

ခရီးစဉ်အတွင်း ပြည်ခရိုင်တရားရုံးအချုပ်ခန်း၊ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအချုပ်ဆောင်၊ ပြည်မြို့နယ် မြို့မရဲစခန်းအချုပ်ခန်း၊ အမှတ်(၁)နှင့် အမှတ်(၃) နယ်မြေရဲစခန်းအချုပ်ခန်းများနှင့် ပေါင်းတည်မြို့နယ် တရားရုံးအချုပ်ခန်း၊ ခုတင် ၅၀ ဆံ့ ဆေးရုံဆောင်၊ မြို့မရဲစခန်းနှင့် မှတ်တိုင်နယ်မြေရဲစခန်း အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် ဆေးရုံအချုပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်းတွေ့ဆုံလိုသော အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်း ရှိ မရှိ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများ ရရှိမှုရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ကော်မရှင်အနေဖြင့် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ (၅)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ (၅)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပူးပေါင်း ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Teodoro L. Locsin Jr. နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဝန်ကြီးများက COVID-19 ပြန့်ပွားမှုကို အာဆီယံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းကာကွယ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများ၊ ပြည်သူများ၏ ကျန်းမာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အပေါ် ထိခိုက်နိုင်မှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၌ ယနေ့အထိ ရောဂါဖြစ်ပွားသူ(confirmed case) မရှိသေးသော်လည်း၊ ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိသူ နှစ်ဦး၊ စောင့်ကြည့် ၃၈ ဦး စုစုပေါင်း ၄၀ ဦးအား စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်းတို့အနက် သံသယရှိသူ နှစ်ဦး အပါအဝင် ၃၆ ဦးမှာ ရောဂါပိုးမရှိဟု အတည်ပြုချက်ရရှိ၍ ကျန် လေးဦးသာ ဓာတ်ခွဲခန်းအဖြေကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ ထို့အပြင် COVID-19 အား ကာကွယ်ထိန်းချုပ်မှုပြုရေးအတွက် တရုတ်နိုင်ငံ၏ ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်မှုများအား ချီးကျူးပြောကြားခဲ့ရာ ယင်းရောဂါသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ရောဂါကာကွယ်ကုသရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ကြရန်နှင့် တရုတ်နိုင်ငံနှင့် အတူ စည်းလုံးညီညွတ်မှုပြသကြရန် လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးမှ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ လက်တွဲ၍ COVID-19 တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များပါဝင်သည့် ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ရောဂါဖြစ်ပွားပျံ့နှံ့မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ရောဂါရှာဖွေရေး၊ ကုသရေးဆိုင်ရာ နည်းစနစ်များအပါအဝင် သတင်းအချက်အလက်များဖလှယ်ရေး၊ လက်ရှိ အာဆီယံ၏ ယန္တရားများနှင့် မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ ပြည်သူများထံသို့ တိကျသော သတင်းအချက်အလက်များ ဖြန့်ဝေသွားရေး၊ အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် အခြားလက်ရှိလုပ်ငန်းစဉ်များအား ထိရောက်စွာ အသုံးပြုဆောင်ရွက်သွားရေး၊ တရုတ်နှင့် အာဆီယံနိုင်ငံများရှိ ရောဂါထိန်းချုပ်ရေးဗဟိုဌာနများ (Centers for Disease Control) များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ တရုတ်နှင့် အာဆီယံနိုင်ငံများတွင် ဆေးဝါးများ၊ သုတေသနလုပ်ငန်းသုံးနှင့် ရောဂါကာကွယ်ရေးတွင် အသုံးပြုသောပစ္စည်းများ ပြတ်လပ်မှုမရှိရန် ဆောင်ရွက်သွားရေး၊ သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားရေး ထိခိုက်မှုများအားလျှော့ချရေး စသည်တို့အား ဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

(၅) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး

မွန်းလွဲပိုင်းတွင် (၅)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုကျင်းပခဲ့ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှု အခြေအနေများနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ၏ တိုးတက်မှု အခြေအနေများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့သည်။ ထို့အပြင် ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ တန်းတူရည်တူရှိမှု အခြေခံမူများဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ အစည်းအဝေးမှ "၂၀၂၀ ပြည့်နှစ် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ" ဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစာရင်းကို အတည်ပြုချမှတ်ခဲ့ရာ မြန်မာနိုင်ငံမှအဆိုပြုထားသည့် စီမံကိန်း ၂၂ ခု ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် အဆိုပါ စီမံကိန်း ၂၂ ခု အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇ သန်းကျော်ခန့်ကို မဲခေါင်-လန်ချန်း အထူးရန်ပုံငွေမှ လက်ခံရရှိမည်ဖြစ်ပြီး တရားဥပဒေ စိုးမိုးရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သုတေသန၊ မိုးလေဝသ၊ သိပ္ပံနည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေး၊ လူစွမ်းအားအရင်းအမြစ်ကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ အစည်းအဝေးမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်ချက် (Joint Press Communique) တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေး

အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီအထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးမှ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို အတည်ပြုခဲ့သည်။ အာဆီယံ ၁၀ နိုင်ငံအနက် ဘရူနိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံ လေးနိုင်ငံတွင် Covid-19 ရောဂါအတည်ပြု လူနာမရှိသေးကြောင်း သိရှိရသည်။ **သတင်းစဉ်**

School Bus အစီး ၆၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

School Bus အစီး ၆၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနနှင့် Korea International Cooperation Agency (KOICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ KOICA သည် ၂၀၁၆ ခုနှစ် ဇွန်လတွင် School Bus အစီး ၄၀ ကို ပညာရေးဝန်ကြီးဌာနသို့ ပထမအကြိမ်အဖြစ် လှူဒါန်းခဲ့ပါကြောင်း၊ အဆိုပါ School Bus အစီး ၄၀ ကို နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိနှင့် ဒကိုဏ္ဍာသီရိမြို့နယ်များရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် အသုံးပြုပြေးဆွဲလျက်ရှိပါကြောင်း။

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် Improvement in Access to Education through Provision of School Buses in Myanmar စီမံကိန်းအရ (KOICA) မှ ဒုတိယအကြိမ်အဖြစ်လှူဒါန်းသည့် School Bus အစီး ၆၀ ကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိနှင့် တပ်ကုန်းမြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ School Bus များ ပေးအပ်လှူဒါန်းခြင်းများ အပါအဝင် လုံခြုံစိတ်ချစွာဖြင့် အသုံးပြုနိုင်ရန်အတွက် School Bus ယာဉ်မောင်းများနှင့် ၎င်းတို့ကို ကြီးကြပ်အုပ်ချုပ်သူများကို ယာဉ်မောင်းနှင် အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးခြင်းနှင့် မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းအားလုံးအတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်အလိုက် ယာဉ်အန္တရာယ်ကင်းဝေးရေး လမ်းညွှန်စာအုပ်ပြုစုပြီး သင်တန်းပေးမည်ဖြစ်ပါကြောင်း၊ KOICA မှ ယာဉ်မောင်း ၁၀၀ နှင့် ၎င်းတို့ကို ကြီးကြပ်အုပ်ချုပ်သူများအား ယာဉ်မောင်းနှင်အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းပေးခြင်းကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် တို့အတွင်း သုံးကြိမ်ခွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆောင်ဟွာက လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် KOICA Myanmar Office မှ Chief Represntative Ms. Lee Youn Soo က အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းအား လှူဒါန်းမှုမှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၂/၂၀၂၀) ကျင်းပ

ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများကို ရေးဆွဲထားသော Checklist များဖြင့် ချက်ချင်းစစ်ဆေးလုပ်ဆောင်သွားရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၂/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

မည်သို့ဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစား အသင့်ပြင်ဆင်ထားရှိရမည်

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံတွင် လက်ရှိ၌ Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူများ မတွေ့ရှိရသေးသော်လည်း အချိန်မရွေး လူနာများ ဖြစ်ပွားတွေ့ရှိလာနိုင်သည်ဆိုသည့် အချက်ကို မိမိတို့ဝန်ထမ်းများနှင့် ပြည်သူများသည် အထူးသတိပြုရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် ယင်းအချက်ကို နောက်ခံထား၍ ရောဂါကာကွယ်မှု၊ ထိန်းချုပ်မှုလုပ်ငန်းများကို ဆေးရုံများ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အကယ်၍ COVID–19 လူနာ (၄) – (၅) ဦး တစ်ချိန်တည်း စုပြုံ၍ ဆေးရုံတစ်ရုံသို့ ရောက်ရှိလာပါက မည်သို့ဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထား၍ အသင့်ပြင်ဆင်ထားရှိရမည် ဖြစ်ပါကြောင်း။

ထိုသို့ လူနာများတွေ့ရှိခဲ့ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဖြစ်ရပ်အခြေပြုနှင့် စားပွဲတင်လေ့ကျင့်ခန်းများဖြင့် ဆွေးနွေးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ လမ်းညွှန်မှုများပေးအပ်ရန် အရေးကြီးပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ဆေးရုံများအား ဗဟိုအဆင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကျန်ဆေးရုံကြီးများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ကွပ်ကဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများကို ရေးဆွဲထားသော Checklist များဖြင့် ချက်ချင်းစစ်ဆေး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တရုတ်–မြန်မာနယ်စပ်နှင့်နီးသော ဆေးရုံများ၌ ကြိုတင်စီစစ်ဆန်းစစ်ကာ ဆောင်ရွက်သွားရန် အထူးအရေးကြီးပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၂/၂၀၂၀)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

တစ်ပါတည်း ပြောကြားလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းမှုဖြင့် လုပ်ငန်းများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုတွင် ဆေးရုံနှင့် ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများသည် ယခုလောလောဆယ် အချိန်ကာလ၌ မရှိမဖြစ် လုပ်ဆောင်ရန် အရေးပါသည့်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (TMO) များက သက်ဆိုင်ရာ မြို့နယ်အလိုက် အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပြီးသော COVID–19 နှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် ညွှန်ကြားချက်များ၊ ပြည်သူများအတွက် အသိပေးနှိုးဆော်မှုအကြောင်း အချက်များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်အစည်းအဝေးမှတ်တမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများနှင့် နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းများ၊ ကမ္ဘာတစ်ဝန်း COVID–19 ရောဂါဖြစ်ပေါ်မှုအခြေအနေများ အစရှိသည်တို့ကို သိသာထင်ရှား ဖတ်ရှုလွယ်စေရန်အတွက် စနစ်တကျ ထားသိုထားရမည်ဖြစ်ပါကြောင်း။

ကမ္ဘာတွင် ဆောင်ရွက်နေမှုများနှင့် ချိတ်ဆက်မှုရှိရန် လိုအပ်

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်နှင့် ပြောကြားချက်များ၊ ညွှန်ကြားချက်များအား နေ့စဉ်နားထောင်ခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကို ပြုလုပ်ပြီး လက်တွေ့မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် မဟာဗျူဟာများ ချမှတ် လုပ်ဆောင်ရန် လိုအပ်ပါကြောင်းနှင့် ယခုလက်ရှိတွင် ထိုသို့ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်း တာဝန်ရှိသူများနှင့် ထူးခြားဖြစ်စဉ်များအပြင်၊ လုပ်ငန်းစဉ်များအား အသိပေးညှိနှိုင်းဖလှယ် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်မှ ကမ္ဘာတွင် ဆောင်ရွက်နေမှုများနှင့် ချိတ်ဆက်မှုရှိရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်အဖွဲ့များသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထပ်မံရောက်ရှိကြောင်း သိရှိရသည့်အတွက် ဤ ရောဂါနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားမှု သတင်းအချက်အလက်များ ပိုမိုတိကျပြည့်စုံစွာ သိရှိနိုင်မည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

အလားတူစွာ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ရှိသူများသည် နယ်စပ်ဝင်ပေါက်ထွက်ပေါက်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ် တယ်လီဖုန်းနှင့် ခေတ်ပေါ်ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုဆက်သွယ်၍ သတင်းများဖလှယ်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ ပြောကြားချက်ဖြစ်သော ဤရောဂါဖြစ်ပွားသူ ၁၀၀ လျှင် ၈၀ ရာခိုင်နှုန်းမှာ ပြင်းထန်မှုနည်းပါးသော ရောဂါခံစားရခြင်း၊ ၁၅ ရာခိုင်နှုန်းမှာ ပြင်းထန်သည့် ရောဂါခံစားရခြင်း၊ ၅ ရာခိုင်နှုန်းမှာ အထူးပြင်းထန်စွာ ရောဂါခံစားရခြင်း ဖြစ်ပွားသည်ဟု သိရှိရသည့်အချက်မှာ ပြည်သူ့ကျန်းမာရေးရှုထောင့်နှင့် ကုသရေးရှုထောင့်မှ အရေးကြီးသည့် သတင်းအချက်တစ်ချက်ဟု သတ်မှတ်၍ရသည့် အပြင် မိမိတို့နိုင်ငံ၌ ရောဂါဖြစ်ပွားမှုရှိလာပါကလည်း ဤပုံစံအတိုင်း ဖြစ်နိုင်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယခုလောလောဆယ် ကာလအတွင်း တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ပြုလုပ်ရန် လိုအပ်ပါကြောင်း။

ဓာတုဆေးပစ္စည်း ဖြည့်တင်းဆောင်ရွက်သွားရန် ဘဏ္ဍာငွေချထားမည်

ရောဂါပိုးသတ်သန့်စင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဓာတုဆေးပစ္စည်းများ မိမိတို့လက်ဝယ်ရှိမှု အခြေအနေနှင့် လိုအပ်ပါက ချက်ချင်းဖြည့်တင်းဆောင်ရွက်သွားရန် ဘဏ္ဍာငွေချထားမည်ဖြစ်ပါကြောင်း။

ဒြိုင်ခုံသုံးသပ်ရမည်ဆိုပါက COVID–19 နှင့် ပတ်သက်၍ စောစီးစွာ စုံစမ်းထောက်လှမ်းခြင်းနှင့် ကုသပေးခြင်း (Early detection and prompt treatment) ၊ အနီးကပ်ထိတွေ့သူများအား စုံစမ်းထောက်လှမ်းခြင်း (Contact tracing) သေချာစနစ်ကျစွာ အားလုံးပေါင်းစည်းလုပ်ကိုင်ပါက မိမိတို့မျှော်မှန်းသည့် COVID–19 ရောဂါ ဖြစ်ပွားမှုမရှိခြင်း ဖြစ်ပွားပါကလည်း ထိခိုက်သေဆုံးမှုနည်းပါးခြင်း စသောအခြေအနေများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိအပါအဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများအားလုံးနှင့် နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆေးရုံများအတွက် အသက်ရှူစက်များ ထပ်မံဝယ်ယူဖြည့်တင်းထား

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒ ရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ WHO Situation Report no.31 ၌ သံသယလူနာနှင့် ဓာတ်ခွဲအတည်ပြုလူနာ သတ်မှတ်ချက်ပြောင်းလဲခဲ့မှုအား တင်ပြမှု၊COVID–19 ရောဂါနှင့် ပတ်သက်သည့် ရောဂါဗေဒဆိုင်ရာများ၊ နိုင်ငံတကာတွင် ဆောင်ရွက်ထားရှိသော သုတေသနစာတမ်းများအား အကျဉ်းချုပ်တင်ပြမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အကြောင်းကြားထားသည့် မြန်မာနိုင်ငံသို့ ဝင်ရောက်ရန်ရှိသည့် အပျော်စီးသင်္ဘောများ၏ ခရီးလမ်းစဉ်၊ ခန့်မှန်းခရီးသည်စာရင်း၊ နိုင်ငံတကာဆိပ်ကမ်းများတွင် တက်/ဆင်းခရီးသည် အသစ်များရှိမှု၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆိပ်ကမ်းအာဏာပိုင်များ၊ ကုမ္ပဏီများနှင့် တွေ့ဆုံ၍ ဆွေးနွေးဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ အမေရိကန် US CDC အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ ၎င်းအဖွဲ့မှ ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသော လူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုမှုအပေါ် ဆက်လက်လုပ်ဆောင်ရန် ထောက်ခံမှု၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် တရုတ်နိုင်ငံသား ရှစ်ဦးအား လုပ်ငန်းခွင်အတွင်း အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေအား တင်ပြခြင်း၊ မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံ၌ သီးခြားထားရှိ ကုသဆောင်ပြင်ဆင်ထားရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ ခုတင် (၅၀)နှင့် အထက် ဆေးရုံများတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများတွင် အသုံးပြုရန် လက်ကိုင်အသံချဲ့စက်ငယ်များ စီမံဝယ်ယူနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ စောင့်ကြည့်လူနာများတွင် ရောဂါပိုးမရှိကြောင်း စစ်ဆေးတွေ့ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ပြီးနောက် ၄၈ နာရီ ထပ်မံထားရှိပြီးမှသာ ဆေးရုံမှ ဆင်းခွင့်ပေးမှု၊ ထိုသို့ဆေးရုံမှဆင်းပြီး နောက်တွင်လည်း ၁၄ ရက်ကြာ ရောဂါစောင့်ကြပ်ကြည့်ရှုမှု၊ စောင့်ကြည့်လူနာ၏ လိပ်စာနှင့် ဖုန်းနံပါတ်များရယူ၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများမှ ဆက်သွယ်ဆောင်ရွက်နေမှု၊ ဆေးရုံများအတွက် အသက်ရှူစက်များ (Ventilator)များ ထပ်မံဝယ်ယူ ဖြည့်တင်းထားရှိမှုနှင့် ဆက်လက်ဝယ်ယူရေး စီစဉ်ထားရှိမှု၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို တွက်ဆရေးဆွဲထားသည့် စီမံချက် (COVID–19 Contingency plan) အား ရေးဆွဲထားရှိမှုနှင့် နိုင်ငံတကာမှ လာရောက်ရန်ရှိသည့် ဆေးပစ္စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ကြသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၉ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၇၇ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၃ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ လိပ်မူ၍ သုံးရက်ကြိုတင်ဆက်သွယ် သတင်းပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်၊ နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မကြာမီကာလတွင် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်ထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်မှ စတင်ထွက်ခွာ၍ နယူးဒေလီသို့ ရောက်ရှိမည်ဖြစ်ပြီး သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၂၇ ရက် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံမည်ဖြစ်ပြီး ညပိုင်းတွင် အိန္ဒိယသမ္မတ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၂၈ ရက်တွင် ဂါယာနှင့် ၂၉ ရက်တွင် တာ့ချ်မဟာတို့သို့ သွားရောက်မည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး နားလည်မှုစာချွန်လွှာ (MoU) ၆ ခု လက်မှတ်ရေးထိုးရန် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးဖြစ်ရန် အလားအလာများပါကြောင်း၊ နောက်ထပ် ညှိနှိုင်းနေသည့် MoU များလည်း ရှိပါကြောင်း၊ အချိန်မီပါက နောက်ထပ် MoU များပါ ယခုခရီးစဉ်အတွင်း လက်မှတ်ထိုးရန် ရှိပါကြောင်း၊ နှစ်ဖက်ညှိနှိုင်းထားသည့် MoU များမှာ မြန်မာနိုင်ငံက ဟူးကောင်းတောင်ကြားကျားထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်၊ Quick Impact Project များအတွက် အိန္ဒိယနိုင်ငံက Grant ပေးရန်၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦးမြို့နယ်၊ ဂွမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးအပ်ရန်၊ ရခိုင်ပြည်နယ်ရှိ မြို့ ၅ မြို့ကို ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးရန်၊ ဘူးသီးတောင်မြို့ထဲတွင် လမ်းဖောက်လုပ်ရေးကိစ္စနှင့် ဆေးဝါးသုတေသနကိစ္စရပ်များတွင် အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောက်ဆုံးအခြေအနေမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၁၈ ရက်အတွင်း ရန်ကုန် NRPC ၌ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့နှင့် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို သီးသန့်ဆွေးနွေးကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ၁၈ ရက်တွင် နိုင်ငံရေးပိုင်းဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ တပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး NCA အခန်း(၃)၊ အခန်း(၄)၊ အခန်း (၆) တို့နှင့် ပတ်သက်၍ ဆွေးနွေးရန် JICM ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူညီချက်၊ သဘောတူစာချုပ်အစိတ်အပိုင်း(၃) ကို ညှိနှိုင်းခြင်းဖြစ်ပါကြောင်း။

တရားဝင်ပြန်ကြားမည်

ဖေဖော်ဝါရီ ၁၆ ရက် တပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲရလဒ်မှာ NCA အခန်း(၃) နှင့် အခန်း (၄) တွင် ဆွေးနွေးမည့်အချက်များကို ခွဲခြားခဲ့ပါကြောင်း၊ JMC အစည်းအဝေးကို လာမည့် မတ် ၁၀ ၊ ၁၁ ၊ ၁၂ ရက် တစ်ရက်ရက်တွင် ကျင်းပရန် ညှိနှိုင်းခဲ့ပြီး ညှိနှိုင်းသည့်အပေါ် လာသည့်ကိုယ်စားလှယ်အဖွဲ့က ချက်ချင်းရက်အတိအကျမပေးနိုင်သည့်အတွက် လာမည့် မတ် ၂ ၊ ၃ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ကျင်းပမည့် PPST အစည်းအဝေးတွင် တင်ပြပြီး အစိုးရဘက်ကို တရားဝင်ပြန်ကြားမည်ဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက် ဆွေးနွေးပွဲရလဒ်များမှာ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် ပတ်သက်ပြီး သဘောတူညီချက် ၈ ချက်ရရှိပါ ကြောင်း၊ ကျန်သည့်အချက်များကိုလည်း လာမည့်အစည်းအဝေးတွင် ဆက်လက်ညှိနှိုင်းသွားရန်ရှိပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲအလွန် ဆက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများနှင့် ပတ်သက်သည့် မူဘောင်တစ်ခုကို ရရှိပြီး နှစ်ဖက်သဘောတူ လက်ခံခဲ့ပါကြောင်း၊ ယင်းမူဘောင်ထဲတွင် အသေးစိတ်အချက်အလက်များကို ဆက်လက်ပြီး ဆွေးနွေးသွားရန် ရှိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးကို မတ် ၅ ၊ ၆ ၊ ၇ ရက်တွင် ကျင်းပရန်၊ UPDJC အတွင်းရေးမှူး အစည်းအဝေးကို မတ် ၁၀ ရက်တွင် ကျင်းပရန်၊ UPDJC အစည်းအဝေးကို မတ် ၁၂ ရက်တွင် ကျင်းပပြုလုပ်သွားရန် သဘောတူညီနိုင်ခဲ့ပါကြောင်း။

ယခုကြားကာလတွင် ထူးခြားဖြစ်စဉ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့်အဖွဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်သို့ သွားရောက်ရာတွင် စီးနင်းသည့် ရဟတ်ယာဉ်ကို အပစ်ခံရသည့်ကိစ္စဖြစ်ပါကြောင်း၊ ယခုကိစ္စသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ်၊ ခမွေချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို AA က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါကြောင်း၊ လက်နက်ကြီးကျည်သည် စာသင်ကျောင်းပေါ်သို့ ကျရောက်သည့်အတွက် စာသင်ကြားနေသည့် ကလေး ၁၇ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်ကို သိသိချင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးတို့ ချက်ချင်းသွားရောက်၍ ကူညီထောက်ပံ့မှုများ၊ လိုအပ်သည့် အကူအညီများနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ပေးပါကြောင်း။

ထိခိုက်ဒဏ်ရာရမှု မရှိ

ထပ်မံကူညီဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဒေါက်တာဝင်းမြတ်အေးအား စေလွှတ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဘူးသီးတောင်သို့ သွားရောက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့သွားရောက်ရာတွင် ရာသီဥတုဆိုးသည့်အတွက် ရဟတ်ယာဉ်ကို နှိမ့်၍ပျံသန်းခဲ့ရပါကြောင်း၊ နှိမ့်၍ပျံသန်းခဲ့သည့်အတွက် စက်သေနတ်ဖြင့် ပစ်သည့်အချိန်တွင် ထိမှန်ခြင်းဖြစ်ပါကြောင်း၊ ရဟတ်ယာဉ်အောက်မှ ပစ်ခတ်သည့်အတွက် ဝမ်းဗိုက်ကြမ်းပြင်မှ ဖောက်ပြီး ရဟတ်ယာဉ်မောင်းနေသည့် Pilot နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးကြားက ကာထားသည့် နံရံကို သွားရောက်ထိမှန်ခဲ့ပါကြောင်း၊ ထိမှန်သော်လည်း ရဟတ်ယာဉ်မှာ ဆက်လက်မောင်းနှင်နိုင်ပြီး ဘူးသီးတောင်သို့ ဆင်းသက်နိုင်ခဲ့ပါကြောင်း၊ ဆင်းသက်ပြီး ရဟတ်ယာဉ်အား စစ်ဆေးရာတွင် ရဟတ်ယာဉ်အောက်ခံသတ္တုပြား တစ်လက်မခန့် ပေါက်ပြဲသွားပြီး လျှပ်စစ်ဝိုင်ယာများ ထိသွားပါကြောင်း၊ ထိမှန်ခဲ့သည့်အတွက် ၃ နာရီခန့် အချိန်ယူခဲ့ရပြီး ပြန်လာခဲ့ပါကြောင်း၊ တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့၏ ခရီးစဉ် ရည်ရွယ်ချက်သည် ဘူးသီးတောင်မြို့တွင် ရောက်နေသည့် ကလေးငယ်များကို သွားကြည့်ရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများပေးရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက်ကို မဖြစ်မနေ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ သွားရောက်သည့် ခရီးစဉ်သည် မူလရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သို့သော်လည်း ကလေးငယ်များ စာသင်ကြားနေသည့် အခြေခံပညာမူလတန်းလွန်ကျောင်းအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး၊ ကလေးငယ်များကို ကူညီကယ်ဆယ်ရန် သွားရောက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် ရည်ရွယ်ချက်ဖြင့် သွားရောက်သည့် ရဟတ်ယာဉ်ကို ပစ်ချသည့်ဖြစ်စဉ်သည် လူသားမဆန်သည့်၊ လုပ်အပ်သည့်ကိစ္စမဟုတ်သည့်အတွက် အထူးသတိပြုရှောင်ကြဉ်ရန် အစိုးရအနေဖြင့် ပြောကြားလိုပါကြောင်း။

အမှုမှန်ပေါ်ပေါက်ရန်

ဗစ်တိုးရီးယားအမှုနှင့် ပတ်သက်၍ ဒီဇင်ဘာ ၂၂ ရက်တွင် ဗစ်တိုးရီးယား၏ ဖခင်ဖြစ်သူက နိုင်ငံတော်သမ္မတထံ လိပ်မူပြီး ကူညီဆောင်ရွက်ပေးရန် စာဖြင့် တင်ပြထားပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ကို အမှုမှန်ပေါ်ပေါက်ရန်၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်၊ ဥပဒေနှင့် အညီဖြစ်ရန်၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ပကတိတွေ့ရှိချက် အမှန်တရားအတိုင်း ပြန်လည်တင်ပြရန် စသည့် ညွှန်ကြားချက် ၄ ချက် ညွှန်ကြားထားပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြကြပါကြောင်း၊ နိုင်ငံတော်သမ္မတက ယင်းတင်ပြချက်များနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ မဆောင်ရွက်နိုင်သော၊ တာဝန်ကျေပွန်စွာ မဆောင်ရွက်နိုင်သော၊ လစ်ဟာမှုများဖြစ်ပေါ်ခဲ့သော၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသော တာဝန်ရှိသူများကို သက်ဆိုင်ရာအဖွဲ့အစည်းက လိုအပ်သလို အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း၊ ညွှန်ကြားထားသည့်အတိုင်း သက်ဆိုင်ရာအဖွဲ့အစည်းများက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက အစိုးရအနေဖြင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နေမှုအခြေအနေ၊ အစိုးရအနေဖြင့် AA အပေါ် နိုင်ငံတော်ပုန်ကန်မှု၊ အကြမ်းဖက်မှုတို့ဖြင့် အရေးယူသွားရန် အစီအစဉ်ရှိ၊ မရှိ၊ စစ်ရေးဆိုင်ရာ သတင်းများနှင့် ပတ်သက်ပြီး အစိုးရက တရားဝင်ထုတ်ပြန်ပေးရေး၊ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး ခိုင်မာအောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အတွင်း အင်တာနက်ဖြတ်တောက်ထားမှုအခြေအနေ၊ အစိုးရအနေဖြင့် အရပ်ဘက်သုံး ရဟတ်ယာဉ်များ အသုံးပြုသွားရန် ရှိ၊ မရှိ၊ ဗစ်တိုးရီးယားအမှု တရားမျှတမှု ရရှိရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အရှုံးပေါ်နေသည့် မြင်းခြံသံမဏိစက်ရုံအတွက် တရုတ်နိုင်ငံ China Exim Bank မှ ငွေချေးယူထားသည့်ကိစ္စ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ICJ တွင် ပြောကြားခဲ့သည့် လျှောက်လဲချက်များကို ဘာသာပြန်ပေးရေး၊ ပလက်ဝဘက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့မှုနှင့် ရိက္ခာပြတ်လပ်မှုကြုံတွေ့နေရမှုအား ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ ဝူဟန်တွင် ကျန်နေသည့် မြန်မာနိုင်ငံသားအချို့အား ပြန်လည်ခေါ်ယူရေး ဆောင်ရွက်နေမှု၊ ကားပါမစ်များ ရပ်ဆိုင်းထားမှု စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သတင်းစဉ်

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ကတိဖြစ်မေးခွန်းများနှင့် စပ်လျဉ်း၍ မေးခွန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာ ဆောင် အမှတ်(I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး ဇန်နဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ကွင်းဆင်းစိစစ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ထို့နောက် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) နှင့် ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များကို တင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နိန်ဝင်း၊ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

သန်လျင် – သီလဝါ တိုးချဲ့လမ်းမကြီး စီမံကိန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သန်လျင် – သီလဝါ တိုးချဲ့လမ်းမကြီး စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် သန်လျင်မြို့နယ် သန်လျင် တံတားအနီးတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချီရော့ မာရူယားမား၊ ဂျပန်နိုင်ငံ MLIT ဒုတိယဝန်ကြီး Mr. Yamada Kunihiro ၊ JICA မှ ဌာနေကိုယ်စားလှယ် Mr. Karazawa၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ၊ မြို့မိမြို့ဖနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သန်လျင်သည် ရန်ကုန်မြို့တော် စည်ပင် သာယာရေး နယ်နိမိတ်ပြင်ပတွင် ရှိသည့် စီးပွားရေးအဖွဲ့ဖြိုးဆုံး၊ အအောင်မြင်ဆုံး စီးပွားရေးစက်မှုဇုန် တည်ရှိရာနေရာ ဖြစ်ပါကြောင်း၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တိုးတက်ရန်လိုကြောင်း၊ အခုအဆင့်မြင့်လမ်းမကြီးကို ဂျပန်နိုင်ငံ JICA ODA Loan ဖြင့် ဖောက်လုပ် ခြင်းဖြစ်ပြီး ဂျပန်ကန်ထရိုက်တာမှ အဆင့်မြင့်နည်းပညာများဖြင့် တည်ဆောက်ခဲ့သည့် Technical Transfer များ ရရှိခဲ့ကြောင်း၊ သို့ပါ၍ ယခုလို အဆင့်မီလမ်းမကြီးကို စံနမူနာ ယူပြီး အခြားလမ်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုလို အဆင့်မြင့် လမ်းမကြီး ဖောက်လုပ်လိုက်သည့် အတွက် ပင်လယ်ထွက်ပေါက်ရှိသည့် သန်လျင်မြို့မှာ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်း၌ ယာဉ်ကြော ပိတ်မှုရှိနေသော်လည်း သန်လျင် – သီလဝါဘက်မှ ကုန်တင်ပို့မှုကို ၂၄ နာရီ ပို့ဆောင်နေရသောကြောင့် ကုန်စည်စီးဆင်းမှု အားကောင်းသဖြင့် သန်လျင်မြို့သည် စီးပွားရေးအားကောင်းသကဲ့သို့ ၎င်းနှင့် ဆက်စပ်သည့် ကျောက်တန်း၊ ခရမ်း၊ သုံးခွ စသည့်မြို့များလည်း ဖွံ့ဖြိုးလာမည်ဖြစ်၍ ရန်ကုန်မြို့အတွက် စီးပွားရေးအထောက်အကူများ ရရှိလာမည်ဖြစ်ကြောင်း။

ယခုလို သန်လျင် – သီလဝါ လမ်းမကြီးကို ဖွင့်လှစ်နိုင်ခဲ့သည့် အတွက် JICA နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် အကောင်အထည်ဖော် ဆောင်ရွက်ကြသည့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီများ၊ ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဒေသခံပြည်သူများကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့် သန်လျင် – သီလဝါ လမ်းမကြီး အဖွန့်ရှည်တည်တံ့အောင် ဒေသခံပြည်သူများမှလည်း ပူးပေါင်းပါဝင် ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရော့ မာရူယားမား၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် ဂျပန်နိုင်ငံ MLIT မှ ဒုတိယဝန်ကြီး Mr. Yamada Kunihiro တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံတစ်ဦးက လမ်းတည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး မြို့မိမြို့ဖ လေးဦးနှင့် လူရည်ချွန် ငါးဦးတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဂျပန်သံအမတ်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ MLIT မှ ဒုတိယဝန်ကြီး၊ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး (ဝဲပုံ) အမွေးနံ့သာရည်များ ပက်ဖျန်းပေးကာ လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး သွားရောက်သည့် ရဟတ်ယာဉ်အား AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၁
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုတို့ လိုက်ပါလာသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး သွားရောက်ခဲ့သည့် ရဟတ်ယာဉ်သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် AA လက်နက်ကိုင်အဖွဲ့က မြေပြင်မှ စက်သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသော်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းများအား မူလအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒဏ်ရာအပြင်းအထန်ရရှိထားသဖြင့် စစ်တွေဆေးရုံတွင် ကုသမှုခံယူနေသူ ကျောင်းသူ မခင်မေဦးအား ရန်ကုန်မြို့သို့ စနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ မခင်မေဦးသည် ရန်ကုန်တွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေး

ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ် ခမွေချောင်းကျေးရွာ မူလတန်းလွန်ကျောင်းသို့ AA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် စာသင်ကျောင်းပေါ် လက်နက်ကြီးကျည်ကျရောက်ခဲ့ပြီး စာသင်ကြားနေသော မူလတန်းလွန် ကျောင်းသား ကျောင်းသူ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ချင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့သည် ခမွေချောင်းကျေးရွာသို့ အမြန်ဆုံးသွားရောက်ခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ထောက်ပံ့ခြင်း၊ ဒဏ်ရာရ ကျောင်းသူ၊ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအား စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် အဖွဲ့သည် AA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည် ကျရောက်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရန် ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ရာတွင် ရာသီဥတု ဆိုးရွားနေသဖြင့် အနိမ့်ပျံ၍ ပျံသန်းလာစဉ် မြေပြင်မှ AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်၏ ရှေ့ဦးပိုင်း လေယာဉ်မောင်းထိုင်ခုံနောက်ဘက် ရဟတ်ယာဉ် ဝမ်းဗိုက်ကြမ်းပြင်မှ ဖောက်ဝင်ပြီး လေယာဉ်မောင်းအခန်းနှင့် ခရီးသည်အခန်းတို့ကို ကန့်ထားသောနံရံကို ကျည်ထိမှန်ခဲ့သည်။ ထိုသို့ကျည်ဖောက်ဝင်မှုကြောင့် ရဟတ်ယာဉ် ဝမ်းဗိုက်သတ္တုပြားသည် တစ်လက်မကျော်ခန့် ပေါက်ပြဲသွားပြီး ဝိုင်ယာရိန်းအချို့ ပျက်စီးသွားခဲ့သော်လည်း ဆက်လက် ပျံသန်းခဲ့ရာ ဘူးသီးတောင်မြို့သို့ ဆင်းသက်နိုင်ခဲ့သည်။ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူအားလုံး ထိခိုက်ဒဏ်ရာ ရရှိမှု တစ်စုံတစ်ရာ မရရှိခဲ့သော်လည်း ရဟတ်ယာဉ်ကို သုံးနာရီခန့် အချိန်ယူ၍ ပြန်လည်ပြုပြင်ခဲ့ရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တွေမှ ဘူးသီးတောင်သို့ သွားရောက်ရာတွင် ရဟတ်ယာဉ်အား AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်သည့် နေရာပြမြေပုံကြမ်း



ထောက်ပံ့ကူညီမှုများ ပေးအပ်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒဏ်ရာရရှိ၍ အတွင်းလူနာအဖြစ် ကုသမှုခံယူနေရသည့် မူလတန်းလွန် ကျောင်းသူတစ်ဦးနှင့်မိသားစုဝင်များအား တွေ့ဆုံပြီး ထောက်ပံ့ကူညီမှုများ ပေးအပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ဆောင်ရွက်ခြင်း၊ ဆေးရုံခန်းမဆောင်၌ ဒဏ်ရာရ မူလတန်းလွန် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၁၅ ဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံပြီး ထောက်ပံ့ကူညီမှုများ ပေးအပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

AA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် မူလတန်းလွန် ကျောင်းသား၊ ကျောင်းသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများပေးအပ်ရန် သွားရောက်ခဲ့သည့် ရဟတ်ယာဉ်ကို AA လက်နက်ကိုင်အဖွဲ့ကပင် မြေပြင်မှ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ AA လက်နက်ကိုင်အဖွဲ့သည် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ နေရာများ၊ အထူးသဖြင့် စာသင်ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ မပြုလုပ်သင့်သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရန် သွားလာနေသည့် ရဟတ်ယာဉ်အပါအဝင် အခြားသောယာဉ်များအား ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းများအား ရှောင်ကြဉ်ရန် လိုအပ်သည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

စတင်ပြင်ဆင်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ပဏာမကစားသမား ၂၅ ဦးဝန်းကျင်ဖြင့်သာ ဖွဲ့စည်းမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်မည့် AFC Cup ပြိုင်ပွဲအုပ်စုတတိယပွဲအပြီးတွင် လေ့ကျင့်မှုစတင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအတွက် ပြင်ဆင်ချိန်နှစ်ပတ်ကျော်ရရှိမည်ဖြစ်ပြီး ယင်းနှစ်ပွဲ မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများကစားတော့မည်မဟုတ်ဘဲ လေ့ကျင့်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထားပြီး လက်ရှိနည်းပြ အန်တွမ်နီဟေး လက်ထက်တွင် နှစ်ပွဲစလုံး အနိုင်ရထားသည်။ မြန်မာအသင်းသည် မတ်လတွင် ကစားမည့်နှစ်ပွဲစလုံးနှင့် ပထမအကျော့တွေ့ဆုံရာတွင် ရှုံးပွဲကြုံတွေ့ထားပြီး ဂျပန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး–ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းကို အဝေးကွင်း၌ ခုနစ်ဂိုး–ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ကစားပြီးနောက် လေ့ကျင့်မှုရပ်နားထားပြီး မတ်လမှသာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ကာ ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၀) ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ အဓိကလမ်းမကြီးဖြစ်သော ကျန်စစ်သားလမ်းမကြီးသည် ရွှေပေါက်ကံတံတားမှ မင်းရဲကျော်စွာလမ်းအထိ ၄၈ ပေ အကျယ်ရှိပြီး ရာဇဓိရာဇ်လမ်းမှ အမှတ်(၂)လမ်းအထိ ၂၄ ပေအကျယ်သာရှိ၍ ကျဉ်းမြောင်းနေပါသဖြင့် ကျန်စစ်သားလမ်းမကို ရာဇဓိရာဇ်လမ်းမှ အမှတ်(၂)လမ်းအထိ ၄၈ ပေ အကျယ်ချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြုပြင်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် ပေ ၁၀၀၀၀ ခင်းခဲ့ပြီး မင်းရဲကျော်စွာလမ်းမှ အမှတ် (၂) လမ်းမကြီးအထိ ၂၄ ပေ အကျယ်ကို တိုးချဲ့ရန် အစီအစဉ်ရှိသော်လည်း ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ခွဲဝေမှုပိုင်းတွင် လမ်းမကြီးပိုင်းနှင့် လမ်းသွယ်ပိုင်းကို ယူရသည့်အတွက် ခွဲဝေမှုကျန်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဘတ်ဂျက်လုံလောက်ပါက တိုးချဲ့ရန် အစီအစဉ်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

ပြန်လည်ဖြေကြား

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ လှော်ကားလမ်းမကြီးအား ၄၈ ပေအကျယ် လမ်းမကြီးအဖြစ်မောင်းမကန်သာလမ်းမှ ရိုးမရိပ်သာလမ်းအထိ ခင်းပေးရန်၊ လမ်းဘေး တစ်ချက်စီတွင် ၅ ပေအကျယ် ၅ ပေအနက် အုတ်ရေမြောင်းတူးဖော်ပေးရန်နှင့် လူသွားပလက်ဖောင်းလမ်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မောင်းမကန်သာလမ်းမှ ရိုးမရိပ်သာလမ်းအထိ အရှည် ပေ ၁၄၃၀၀ ရှိပြီး လမ်းအကျယ် ၂၄ ပေရှိသည့် ကွန်ကရစ် လမ်းမဖြစ်ကြောင်း၊ ယင်းလမ်းမကြီးကို လမ်းအကျယ် ၄၈ ပေရရန် ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘတ်ဂျက် တွင် ပုဂံလမ်းနှင့် ကျန်စစ်သားလမ်းပိုင်း ပေ ၈၀၀ ကို ၄၈ ပေအကျယ် တိုးချဲ့ပေးမည်ဖြစ်ကြောင်း၊ မောင်းမကန်သာလမ်းနှင့် ပုဂံလမ်း လမ်းဆုံတွင် ဘတ်ဂျက်အတို့ ကာလအတွင်း ပေ ၄၀၀ ကို ၄၈ ပေအကျယ် တိုးချဲ့ခဲ့ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် မောင်းမကန်သာလမ်းနှင့် ပုဂံလမ်းအပိုင်းကို ပေ ၂၉၆၀ အထိ လမ်းတိုးချဲ့ရန် ငွေကျပ် ၃၂၇ ဒသမ ၆ သန်း လျာထားရေးဆွဲထားပါကြောင်း၊ ရေမြောင်းတူးဖော်ခြင်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၅ ပေ x ၅ ပေ၊ အရှည်ပေ ၇၀၀၀၊ နှစ်ဖက်အတွက် ပေ ၁၄၀၀၀ ကို ငွေကျပ် ၁ ဒသမ ၈ ဘီလီယံ လျာထားကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် လမ်းအရှည်ပေ ၂၉၆၀ ခင်းရန်နှင့် ရေမြောင်း ပေ ၇၀၀၀ နှစ်ဖက်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆောင်ရွက်ပေးရန် လျာထား

ဆက်လက်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူနေများသော ရပ်ကွက်(၃၂)ရပ်ကွက်တွင် လမ်းခင်းရန် လိုအပ်သော မြေသားလမ်းများအား လာမည့် ၂၀၂၀ - ၂၀၂၁ ဘတ်ဂျက်တွင် ကွန်ကရစ်လမ်းများ ပိုမိုခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ကို ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် လမ်းမကြီး ၃ လမ်းနှင့် လမ်းသွယ် ၃၀ ၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် လမ်းမကြီး ၇ လမ်းနှင့် လမ်းသွယ် ၁၀ လမ်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် လမ်းမကြီး ၃ လမ်းနှင့် လမ်းသွယ် ၂၂ လမ်း၊ ၂၀၁၈ ခုနှစ် ဘတ်ဂျက်တိုကာလတွင် လမ်းမကြီး ၅ လမ်းနှင့် လမ်းသွယ် ၆ လမ်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် လမ်းမကြီး ၄ လမ်းနှင့် လမ်းသွယ် ၃၆ လမ်းတို့ကို ဆောင်ရွက်ခဲ့သည့် အပြင် ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် လမ်းမကြီး ၃ လမ်းနှင့် လမ်းသွယ် ၄၅ လမ်းတို့ကို ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စုစုပေါင်းလမ်းမကြီး ၂၅ လမ်းနှင့် လမ်းသွယ် ၁၄၉ လမ်းအထိ ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် လမ်းသွယ် ၂၉ လမ်းကို ဆောင်ရွက်ပေးရန် လျာထားပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် အရေးပေါ်အစည်းအဝေး (၁/၂၀၂၀) ပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ လစ်လပ်လျက်ရှိသည့် တရားသူကြီးနေရာတွင် ဒေါ်ချိုမာလာအား ခန့်အပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

လွှတ်တော်သို့တင်ပြ

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတင်သွင်းသည့် တိုင်းဒေသကြီး၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း(လျာထားချက်)နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာကို ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၀) တတိယနေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သတင်း - ဇော်ကြီး၊ ဓာတ်ပုံ - ဖေဇော်

မူဆယ်(၁၀၅)မိုင် ကြက်ခြေနီတပ်ဖွဲ့မှ ကိုရိုနာဗိုင်းရပ်စ်(COVID-19)လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကာကွယ်ရေး စတေကာကပ်ခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၂၁

မူဆယ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိန်မောင်(ခ)ဦးစိုးနိုင်အပါအဝင် (၁၀၅)မိုင် ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက်က ကိုရိုနာဗိုင်းရပ်စ်(COVID-19)လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေး၊ ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့် လက်ကမ်းစာစောင်များကို လူစည်ကားသည့် နေရာများတွင် စတေကာများ ကပ်ပေးခြင်း၊ ဖြန့်ဝေပေးခြင်းနှင့် ချိတ်ဆွဲပေးခြင်းများ ဆောင်ရွက်လျက်ရှိ သည်။ **(အပေါ်ပို့)**

ပူးပေါင်းဆောင်ရွက်

အဆိုပါ(၁၀၅)မိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် (COVID -19) ရောဂါနှင့်ပတ်သက်ပြီး ခရိုင်/မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

ကိုရိုနာဗိုင်းရပ်စ်(COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူ လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီအထိ ကိုရိုနာဗိုင်းရပ်စ်(COVID-19) ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ယနေ့ ည ၈ နာရီအထိ စောင့်ကြည့်လူနာ (၁)ဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်း၏ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါလူနာ၏ ဓာတ်ခွဲအဖြေရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အလင်း

● *ကျောဖုံးမှ*

မြန်မာစာအသင်း၊ ကွန်ပျူတာသိပ္ပံအသင်းနှင့် ရုက္ခဗေဒအသင်း၊ ကုန်ထုတ်ဓာတုအသင်းနှင့် ဓာတုဗေဒအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာစာအသင်းနှင့် သင်္ချာအသင်း၊ စိတ်ပညာအသင်းနှင့် ဥပဒေပညာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၃ သင်း၊ အမျိုးသမီး ၁၀ သင်း စုစုပေါင်း ၂၃ သင်း ပါဝင်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး သတင်းအမှားများပျံ့နှံ့မှုကို သိပ္ပံပညာရှင်များက ပြစ်တင်ဝေဖန်

ပေကျင်း ဖေဖော်ဝါရီ ၂၁

ကိုရိုနာဗိုင်းရပ်စ် သတင်းမှားများပျံ့နှံ့မှုကြောင့် ကြောက်ရွံ့မှုများ မြင့်တက်လာပြီး ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်ရာတွင် အနှောင့်အယှက်များ ဖြစ်ပေါ်လာသည်ဟု နိုင်ငံအများအပြားမှ ကျွမ်းကျင်သူများက ဝေဖန်ပြောကြားခဲ့သည်။

ကမ္ဘာတစ်လွှားရှိ နိုင်ငံပေါင်းများစွာက ပြည်သူ့ကျန်းမာရေးပညာရှင်ပေါင်း ၂၇ ဦးတို့သည် ပူးပေါင်းကြေညာချက် ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်ကို ဗြိတိန်ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။ မျိုးရိုးဗီဇနှင့် သက်ဆိုင်သည့်လေ့လာမှုအရ ကိုရိုနာဗိုင်းရပ်စ်သည် တောရိုင်းတိရစ္ဆာန်မှ အစပြုခဲ့ခြင်းဖြစ်ပြီး လူလုပ်ဖန်တီးထားခြင်းမဟုတ်ဟု အဆိုပါကြေညာချက်တွင် ထည့်သွင်းကြေညာခဲ့သည်။

လျှို့ဝှက်ပူးပေါင်းကြံစည်မှုကြောင့် ဖြစ်ပေါ်လာသည်ဆိုသည့်အယူအဆကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး ယင်းသတင်းကြောင့် ကြောက်ရွံ့မှုကို ပိုမိုဖြစ်ပေါ်လာစေကြောင်း၊ ကြောက်ရွံ့မှုများ၊ ကောလာဟလများ၊ အာဃာတတရားများကြောင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အန္တရာယ်များဖြစ်လာစေကြောင်း ကျွမ်းကျင်သူများက ဝေဖန်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားချိန်မှစတင်ကာ တစ်ကမ္ဘာလုံးတွင် ကောလာဟလများ ပျံ့နှံ့ခဲ့သည်။ အမေရိကန်မှ လွတ်တော်အမတ်တစ်ဦးသည် တီဝီအစီအစဉ်တွင် ကိုရိုနာဗိုင်းရပ်စ်မှာ ဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းမှ ပျံ့နှံ့လာခြင်းဖြစ်ပြီး ဓာတုလက်နက်ဖြစ်သည်ဟု စွပ်စွဲကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တောင်းဆိုခဲ့သည်။

သတင်းအမှားများ၊ အခြေအမြစ်မရှိသည့် ကောလာဟလများကို တုံ့ပြန်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းအမှန်များကို ထောက်ပံ့ပေးသည့် ဝက်ဘ်ဆိုက်တစ်ခု လွှင့်တင်ခဲ့သည်။

အင်နန်အိတ်ချ်ကေ

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး သုတေသနပြုလုပ်နေသည့် အနောက်တိုင်း သိပ္ပံပညာရှင်တစ်ဦးကို တွေ့ရစဉ်။

တောင်ဆူဒန်တွင် ကာလရှည်ကြာ နှောင့်နှေးခဲ့ရသည့် ညွှန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းသွားမည်

ဂျူဘား ဖေဖော်ဝါရီ ၂၁

တောင်ဆူဒန်သမ္မတ ဆယ်ဗာကီရာနှင့် သူပုန်ခေါင်းဆောင် ရိုခ်မာချာတို့သည် ဖေဖော်ဝါရီ ၂၀ ရက်က ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။ ခြောက်နှစ်ကျော်ကြာပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေး ကြိုးပမ်းမှု ခြေလှမ်းတစ်ခုလည်းဖြစ်သည်။

တောင်ဆူဒန်သမ္မတနှင့် သူပုန်ခေါင်းဆောင်တို့အကြား ပဋိပက္ခများကြောင့် လူပေါင်း ၃၈၀၀၀၀ ထက်မနည်းသေဆုံးခဲ့ရပြီး လူပေါင်းလေးသန်းခန့် နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ဖေဖော်ဝါရီ ၂၂ ရက်တွင် အစိုးရဖွဲ့သွားရန် သဘောတူထားပြီးဖြစ်ကြောင်း၊ အခြားအချက်များကိုလည်း ဆွေးနွေးဆဲဖြစ်ကြောင်း ပြဿနာအားလုံး ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရိုခ်မာချာက ကီရာနှင့် တွေ့ဆုံမှုအပြီးပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်လွတ်လပ်ရေးရပြီးချိန်မှ စတင်ကာ တတိယအကြိမ်မြောက် ပူးပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူပြီးဖြစ်သည်ဟု သမ္မတက အတည်ပြုပြောကြားခဲ့သည်။

ယခင်နှစ်ကြိမ်ပူးပေါင်းအစိုးရဖွဲ့စည်းခြင်းမှာ အောင်မြင်မှုမရရှိဘဲ ပဋိပက္ခများနှင့်သာ အဆုံးသတ်ခဲ့ရသည်။ သမ္မတတစ်ဦးအနေဖြင့် ဒုတိယသမ္မတကိုလည်း ခန့်အပ်ခွင့်ရှိကြောင်း ရိုခ်မာချာကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ရာထူးခန့်အပ်ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် အစိုးရသစ်ဖွဲ့စည်းသွားမည်ဟု သမ္မတက ပြောကြားခဲ့သည်။ ယခုပြောင်းလဲမှုသည် ငြိမ်းချမ်းရေးကို သယ်ဆောင်လာမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယခုကဲ့သို့ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခြင်းသည် ၂၀၁၈ခုနှစ်စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်၏ နောက်ဆက်တွဲရလဒ်ပင်ဖြစ်သည်။ တောင်ဆူဒန်နိုင်ငံတစ်လွှား ကုလသမဂ္ဂ၏အကာအကွယ်အောက်တွင် နေထိုင်ကြသည့် လူပေါင်း ၁၉၀၀၀၀ကိုလည်း ငြိမ်းချမ်းရေးရောင်ခြည် သန်းလာပြီဖြစ်သည့်အတွက် ယာယီတဲစခန်းများမှထွက်လာရန် သမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

အေအက်ဖ်ပီ



သူပုန်ခေါင်းဆောင် ရိုခ်မာချာ(ဝဲ)၊ တောင်ဆူဒန်သမ္မတ ကီရာ(ယာ) တို့ကို အတူတွေ့ရစဉ်။

ဗြေလနှောင်းပိုင်းမှစတင်ကာ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးစမ်းသပ်မှု စတင်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၁

ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရန် လက်တွေ့ကာကွယ်ဆေးစမ်းသပ်မှုကို ဗြေလနှောင်းပိုင်းနှင့် မေလတို့တွင် စတင်သွားဖွယ်ရှိသည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

တိုင်းပြည်အတွင်းရှိ သုတေသနအဖွဲ့အစည်းများသည် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးစားနေကြပြီး တချို့သုတေသနဌာနများတွင် တိရစ္ဆာန်များ၌ ဆေးဝါးစမ်းသပ်မှုကို စတင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်တွင် တရုတ်အစိုးရက ကြေညာခဲ့သည်။

တစ်စုံတစ်ခုသောအတိုင်းအတာအောက်တွင် အဆိုပါကာကွယ်ဆေးကို အရေးပေါ်အခြေအနေအဖြစ် အသုံးပြုရန် အကြံပြုထားသည်။ ၄က်ဖျားရောဂါဆေး၊ ကလိုရိုကိန်းဖော့စ်ဖိတ်တို့ကို ရောဂါပြင်းထန်သူ လူနာဂါးဦးအပါအဝင် လူနာပေါင်း ၁၃၅ ဦးကို စမ်းသပ်ပေးခဲ့ကြောင်း၊ အဆိုပါဆေးများ စမ်းသပ်ပေးရာတွင် ကောင်းမွန်သည့်ရလဒ်များ တွေ့ရှိရကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

ရောဂါကူးစက်ခံရပြီး ရောဂါသက်သာသွားသူများ၏ သွေးရည်ကြည်ကို အသုံးပြုကာ ကုသမှုမှာလည်း ရောဂါလက္ခဏာပြင်းထန်သူများအတွက် အကျိုးသက်ရောက်မှုရှိကြောင်း တရုတ်အာဏာပိုင်များက ပြောသည်။ ရောဂါသက်သာသွားသူ ၁၀၀ ခန့်မှာလည်း ရောဂါပြင်းထန်နေသည့် လူပေါင်း ၂၀၀ အတွက် လိုအပ်သည့် သွေးရည်ကြည်ပမာဏကို လျှာ်ဒါန်းခဲ့သည်။ ဆေးရုံမှ ဆင်းသွားသူများထံမှ သွေးရည်ကြည်ပိုမိုရရှိရေး လျှာ်ဒါန်းမှုပြုကြရန်လည်း အာဏာပိုင်များက တောင်းဆိုထားသည်။

အင်နန်အိတ်ချ်ကေ

တောမီးလောင်မှုနှင့် ပတ်သက်ပြီး ဩစတြေးလျှတွင် အမျိုးသားစုံစမ်းရေးကော်မရှင် ဖွဲ့စည်းသွားမည်

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁

ဩစတြေးလျှဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်က ၎င်း၏အစိုးရအဖွဲ့သည် ဩစတြေးလျှတွင် တောမီးလောင်သည့် ကိစ္စအတွက် အမျိုးသားစုံစမ်းရေးကော်မရှင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါကြေညာချက်ကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျှနိုင်ငံ လုံခြုံစိတ်ချမှုရရှိစေရေးအတွက် လက်တွေ့ကျသည့် လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် အမျိုးသားအဆင့် စုံစမ်းစစ်ဆေးမှုကို ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေဆိုင်ရာ အာဏာပိုင်များကို သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အကဲဖြတ်မှုများလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ ဩစတြေးလျှအစိုးရသည် လတ်တလောတွင် တိုင်းပြည်အဆင့် အရေးပေါ်အခြေအနေကြေညာရန်နှင့် ထောက်ပံ့မှုများပြုလုပ်ရန် အာဏာမရှိသေးပေ။

ပြည်နယ်နှင့် ဒေသန္တရအစိုးရများသည် ပြည်ထောင်စုအစိုးရထံမှ အကူအညီများ တောင်းခံရသည်။ ဝန်ကြီးချုပ်စကောက်မောရစ်ဆင်သည် ဩစတြေးလျှတောမီးကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်စကောက် မောရစ်ဆင်သည် ဝေဖန်မှုများနှင့် ရင်ဆိုင်နေ ရသည်။

နယူးဆောက်ဝေးပြည်နယ်တွင် တောမီးလောင်နေမှုကို တွေ့ရစဉ်။

ထို့ပြင်တောမီး ပြင်းထန်စွာလောင်နေချိန်တွင် ၎င်းသည် ဟာဝိုင်ယီတွင် အပန်းဖြေခရီးရောက်ရှိနေသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဩစတြေးလျှနိုင်ငံ၏ အဆိုး ရွားဆုံးသော တောမီးကြောင့် လူပေါင်း ၃၃ ဦး သေဆုံးခဲ့ရပြီး နေအိမ်ပေါင်း ၃၀၀၀ မှာ ပျက်စီးသွားခဲ့ရသည်။ ပျက်စီးမှုအရေအတွက်မှာ ဆက်လက် မြင့်တက်သွားဖွယ်ရှိသည်။

အင်နန်အိတ်ချ်ကေ

အမေရိကန်နှင့် အစ္စရေးတို့က ကျူးကျော်ရေးအစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်နေကြသည်ဟု ပါလက်စတိုင်းပြော

ရာမာလာ ဖေဖော်ဝါရီ ၂၁

အခြေချနေထိုင်ရေး ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် အမေရိကန်နှင့် အစ္စရေးတို့သည် ကျူးကျော်ရေးအစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်နေကြသည်ဟု ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဆိုက်ဘ်အီရီကက်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရသည် အစ္စရေးနှင့် မိတ်ဖက်ဖြစ်နေကြောင်း၊ အစ္စရေးတို့သည် ပါလက်စတိုင်းပိုင်နယ်မြေများတွင် တရားမဝင် သိမ်းယူအခြေချနေထိုင်မှုများ ပြုလုပ်နေကြောင်း အီရီကက်က ပြောသည်။ ဂျေရုဆလင်တောင်ပိုင်းတွင် အိမ်ရာသစ် ၅၂၀၀ တည်ဆောက်ရန် အစ္စရေး၏ ဆုံးဖြတ်ချက်ကို အီရီကက်က ရှုတ်ချပြောဆိုခဲ့သည်။

ထို့ပြင် ဂျေရုဆလင်မြောက်ပိုင်းတွင် အိမ်ရာသစ် ၉၀၀၀ တည်ထောင်ရန် အစီအစဉ်အတည်ပြုပေးရေးကိုလည်းရှုတ်ချခဲ့သည်။ အစ္စရေးနိုင်ငံ၏ အခြေချနေထိုင်ရေးအစီအစဉ်များသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ်ကို ကိုယ်စားပြုပြီး အမေရိကန်နှင့် အစ္စရေးတို့၏ လှုပ်ရှားမှုများကိုတားဆီးရန် အပြည်ပြည်ဆိုင်ရာ၏ အရေးယူဆောင်ရွက်မှု ချက်ချင်းလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

ခြူးစန္ဒီနွေး

အပတ်စဉ် ဖော်ပြနေကျဖြစ်တဲ့ ကမ္ဘာတစ်ဝန်းမှာ ပေါ်ပေါက်ခဲ့တဲ့ စိတ်ဝင်စားဖွယ်အကြောင်းအရာတွေကို ဖော်ပြပေးဖို့အချိန် ရောက်လာပါပြီ။ အခုတစ်ပတ်မှာတော့ ကမ္ဘာတစ်လွှားမှာ ပေါ်ပေါက်ခဲ့တဲ့ ဆေးပညာ၊ အာကာသနဲ့ အခြားသော ထူးခြားတဲ့ အဖြစ်အပျက်တွေကို စုစည်းတင်ပြလိုက်ရပါတယ်။

အိပ်ရာဝင်ချိန်နောက်ကျခြင်းနှင့် အဝလွန်ခြင်း

အိပ်ရာဝင်ချိန်နောက်ကျခြင်းနဲ့ အဝလွန်ခြင်းတို့ ဆက်စပ်မှုရှိတယ်လို့ လေ့လာမှုအသစ်တစ်ခုအရ သိရပါတယ်။ အသက်ခြောက်နှစ်အောက် ကလေးငယ်တွေဟာ အိပ်ရာဝင်ချိန် နောက်ကျတဲ့အခါ အဝလွန်ခြင်းဖြစ်နိုင်တယ်လို့ သိရပါတယ်။ နောက်ကျမှ အိပ်စက်တဲ့ကလေးတွေဟာ ခါးတုတ်လာပြီးတော့ ခန္ဓာကိုယ်အလေးချိန်ဟာလည်း မြင့်တက်လာတယ်ဆိုတာကို သုတေသီတွေက လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒီလေ့လာမှုကိုတော့ ဆွီဒင်နိုင်ငံမှာရှိတဲ့ ကလေးပေါင်း ၁၀၇ ဦးကို တစ်နှစ်ပတ်လုံး လေ့လာမှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

ကလေးတွေအတွက် အိပ်ရာဝင်ချိန် ၉ နာရီနောက်ပိုင်းကို အိပ်ရာဝင်ချိန်နောက်ကျတယ်လို့ သတ်မှတ်ထားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ကလေးဘဝအစောပိုင်းမှာကတည်းက အဝလွန်ခြင်းဟာ အိပ်ရာဝင်ချိန်နောက်ကျတာတစ်ခုတည်းကြောင့်ပဲတော့ မဟုတ်ဘူးလို့ ကလေးအထူးကုနှစ်ဦးက အကြံပြုထားပါတယ်။ နောက်ထပ်အရေးကြီးတဲ့ အချက်တွေကတော့ မိသားစုအတွင်းမှာ ဆိုးရွားတဲ့ ကျန်းမာရေးအလေ့အထရှိတာတွေ၊ ဖုန်း၊ တီဗီ၊ ကွန်ပျူတာအကြည့်များတာတွေနဲ့ လုံလောက်တဲ့ ကိုယ်လက်လှုပ်ရှားမှု မရှိတာတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဟိုးအရင် တွေ့ရှိခဲ့တဲ့ လေ့လာမှုအရတော့ အိပ်ချိန်တိုတောင်းလွန်းခြင်းဟာလည်း ကလေးအရွယ်မှာပဲ အဝလွန်ခြင်းနဲ့ သက်ဆိုင်မှုရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ နေ့စဉ် မစောလွန်း၊ နောက်မကျလွန်းပဲ အိပ်စက်ခြင်းဟာ ကလေးငယ်တွေအတွက် ပိုပြီးသင့်လျော်တယ်လို့သုတေသီတွေက ပြောပါတယ်။

မအိပ်ခင် ဖုန်းအသုံးပြုနေသည့် ကလေးတစ်ဦးကို တွေ့ရစဉ်။

ဂျူပီတာဂြိုဟ်ပေါ်မှာ ရေဘယ်လောက်ရှိသလဲ

ဂျူပီတာဂြိုဟ်ရဲ့ လေထုဖိအားအတွင်းမှာ ရေပမာဏဘယ်လောက်များများ ရှိပါသလဲ။ ၁၉၉၀ ဝန်းကျင် နှစ်တွေတုန်းက နာဆာကနေ ဂယ်လီလီယိုအာကာသယာဉ်ကို ဂျူပီတာဂြိုဟ်ကို လေ့လာဖို့ စေလွှတ်ခဲ့ပါတယ်။ အာကာသယာဉ်က ရလာတဲ့အချက်အလက်တွေနဲ့ သိပ္ပံပညာရှင်တွေအတွက် ပဟေဠိဖြစ်နေတာတွေကို ရှင်းလင်းနိုင်လိမ့်မယ်လို့ ယူဆခဲ့ကြပါတယ်။

သိပ္ပံပညာရှင်တွေ သိချင်ခဲ့တာကတော့ ဂျူပီတာဂြိုဟ်ရဲ့ လေထုအတွင်းမှာ ရေပမာဏ ဘယ်လောက်များများ ရှိသလဲဆိုတာပါပဲ။ ဂယ်လီလီယိုအာကာသယာဉ်ဟာ ၅၇ မိနစ်ကြာ ထုတ်လွှင့်ပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရရှိခဲ့တဲ့ ဒေတာအချက်အလက်တွေအရ ရေပမာဏဟာ ခန့်မှန်းထားတာထက် ၁၀ ဆနည်းနေတာကို တွေ့ရတော့ သိပ္ပံပညာရှင်တွေ စိတ်ပျက်ခဲ့ရပါတယ်။ နာဆာရဲ့ ဂျူနို အာကာသယာဉ်ကိုတော့ ၂၀၁၁ ခုနှစ်မှာ လွှတ်တင်ခဲ့ပါတယ်။ အဲဒီကရတဲ့အချက်အလက်တွေနဲ့ ဂျူပီတာလေထုအတွင်း ရေပမာဏ ဘယ်လောက်ရှိမလဲဆိုတာကို လေ့လာခဲ့ကြပါတယ်။ ဂျူပီတာဂြိုဟ်ရဲ့ နေရာအနှံ့အပြားမှာ ရေပမာဏ ဘယ်လောက်ရှိသလဲ ဆိုတာကို ဆုံးဖြတ်ဖို့ အဓိကလုပ်ဆောင်ချက် ဖြစ်ခဲ့ပါတယ်။

ဂျူနိုအာကာသယာဉ်မှ ရိုက်ကူးထားသည့် ဂျူပီတာဂြိုဟ်ပုံ။

ဂျူနိုအာကာသယာဉ်ရဲ့ ရလဒ်တွေကို ယခုလအတွင်းမှာပဲ ဖော်ပြခဲ့ရာမှာတော့ ရေပမာဏဘယ်လောက်ရှိနိုင်မလဲဆိုတာကိုပါ ခန့်မှန်းဖော်ပြခဲ့ပါတယ်။ ဂျူပီတာရဲ့ အီကွေတာရှိရေသည် လေထုအတွင်းရှိ မော်လီကျူများ၏ ၀ ဒသမ၂၅ ရာခိုင်နှုန်းရှိတယ်ဆိုတာကို အချက်အလက်တွေအရ သိရပါတယ်။

အဲဒီပမာဏဟာ နေထက်သုံးဆလောက်နီးပါး ရှိပါတယ်။ အခုရရှိတဲ့ရေနဲ့ ပတ်သက်တဲ့အချက်အလက်တွေရ ဂျူပီတာဂြိုဟ် ဘယ်လိုဖြစ်လာသလဲဆိုတာကိုပါ လေ့လာဖို့ သိပ္ပံပညာရှင်တွေအတွက် အထောက်အကူဖြစ်စေမှာပဲ ဖြစ်ပါတယ်။

အနီရောင် အသားစားသုံးခြင်းနှင့် နှလုံးရောဂါ

အနီရောင်ရှိပြီး စီမံပြုပြင်ထားတဲ့အသားကို စားသုံးခြင်းဟာ နှလုံးရောဂါဖြစ်ပွားမှုနဲ့ ဆက်စပ်မှုရှိတယ်လို့ လေ့လာမှုအသစ်တစ်ခုမှာ တွေ့ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာ ပုံနှိပ်ထုတ်ဝေခဲ့ရာမှာတော့ အနီရောင်ရှိပြီး ပြုပြင်ထားတဲ့ အသားတွေကို လျှော့ပြီးစားသုံးစရာမလိုဘူးလို့ ဖော်ပြခဲ့ပါတယ်။

အဲဒီနောက်မှာတော့ အငြင်းပွားဖွယ်အချက်ဖြစ်ခဲ့ပြီး အခုလိုတွေ့ရှိမှု အသစ်ထွက်ပေါ်လာတာပါပဲ။ အခုလေ့လာမှုကိုတော့ ဖေဖော်ဝါရီ ၃ ရက်က ဂျေအေ အမ်အေဆေးစာဆောင်မှာ ဖော်ပြထားပြီး အနီရောင်အသားနှစ်တုံး၊ မွေးမြူရေး အသားတွေကို ပုံမှန်စားသုံးမယ်ဆိုရင် ၃ ရာခိုင်နှုန်းကနေ ၇ ရာခိုင်နှုန်းအထိ နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားနိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒီလေ့လာမှုကိုတော့ နယူးယောက်မှာရှိတဲ့ ကော်နယ်တက္ကသိုလ်နဲ့ အီလီနွိုက်ပြည်နယ် အနောက်မြောက်ပိုင်းတက္ကသိုလ်တို့က သုတေသီတွေ ပူးပေါင်းပြီး လေ့လာမှု ပြုလုပ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ အသက် ၅၃ ဒသမ ၇ နှစ်အရွယ်ရှိတဲ့ လူပေါင်း ၂၉၆၈၂ ကို လေ့လာမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း ဟင်းချက်တဲ့အခါ ချက်ပုံချက်နည်းအပေါ်မှာ ထည့်သွင်းစဉ်းစားတာမျိုး မရှိတဲ့အတွက်ကြောင့် ဒီလေ့လာမှုမှာ အကန့်အသတ်တွေတော့ ရှိနေပါသေးတယ်။

မြွေအကောင်ရေလျော့ကျလာ

လေ့လာမှုအသစ်အရ မြွေများပျောက်ကွယ်မယ့် အခြေအနေရှိလာပြီး ကမ္ဘာပေါ်မှာရှိတဲ့ ဇီဝမျိုးကွဲဆိုင်ရာပြဿနာနဲ့ ရင်ဆိုင်နေရပြီဆိုပြီး အချက်ပေးခေါင်းလောင်းသံ မြည်လာပါတယ်။ မြွေတွေတင်မကပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေ ဆုံးရှုံးမှုပြဿနာနဲ့ပါ ရင်ဆိုင်နေရတာပါ။ ဇီဝမျိုးကွဲဆိုင်ရာပြဿနာနဲ့ တောရိုင်းတိရစ္ဆာန်များ ဆုံးရှုံးမှုပြဿနာကို မီချီဂန်ပြည်နယ်တက္ကသိုလ်နဲ့ မာလန်းတက္ကသိုလ်တို့ ပူးပေါင်းပြီး လေ့လာမှု ပြုလုပ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဘယ်မျိုးစိတ်ပဲ ပျောက်ကွယ်ပျောက်ကွယ် ဒါဟာကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုပါပဲ။ ပနားမားနိုင်ငံ အယ်ကုတ်ဒေသက ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာက မြွေတွေအရေအတွက် လျော့နည်းသွားရခြင်းအကြောင်းကတော့ သူတို့ရဲ့ မူလအစာအရင်းအမြစ်ဖြစ်တဲ့ ဖားတွေ ရှင်းလင်းခံလိုက်ရလို့ပဲ ဖြစ်ပါတယ်။ လေ့လာရေးအုပ်စုဟာ မြွေတွေပေါက်ဖွားရာဒေသမှာ ခုနစ်နှစ်ကြာ လေ့လာမှုတွေ ပြုလုပ်ခဲ့ပြီး ဖားအကောင်ရေ လျော့နည်းမသွားခင်ကတည်းက လေ့လာမှုတွေ ပြုလုပ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဖားအကောင်ရေ လျော့နည်းသွားရခြင်းဟာလည်း အစားအသောက်ကွင်းဆက်ထိခိုက်မှုကြောင့်ပဲ ဖြစ်ပါတယ်။ သေသေချာချာ ရှင်းလင်းဖော်ပြနိုင်ဖို့ ကာလရှည်ကြာ ကောက်ယူထားတဲ့ အချက်အလက်တွေတော့ လိုအပ်ပါလိမ့်မယ်။

ကိုးကား – ဆင်ဟွာ၊ ဆိုင်းရင့်ဒေးလီး၊ အိတ်စပရက်ဒ့ဇ်ကွန်း၊

အပူပိုင်းဒေသတွင် တွေ့ရသည့် မြွေတစ်ကောင်။

> **“ ဘယ်မျိုးစိတ်ပဲ ပျောက်ကွယ်ပျောက်ကွယ် ဒါဟာ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုပါပဲ။ ပနားမားနိုင်ငံ အယ်ကုတ်ဒေသက ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာက မြွေတွေ အရေအတွက် လျော့နည်းသွားရခြင်း အကြောင်းကတော့ သူတို့ရဲ့ မူလ အစာအရင်းအမြစ်ဖြစ်တဲ့ ဖားတွေ ရှင်းလင်းခံလိုက်ရလို့ပဲ ဖြစ်ပါတယ်”**

နိုင်ငံတကာ သတင်းတိုတွဲ

ဟူသီသူပုန်များ ပစ်ခတ်လိုက်သည့်ဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ဟု ဆော်ဒီမဟာမိတ်အဖွဲ့ပြော

ရီယာ့ဒ် ဖေဖော်ဝါရီ ၂၁

ဟူသီသူပုန်များဘက်က ဆော်ဒီမြို့ကြီးများသို့ ဦးတည်ပစ်ခတ်လိုက်သည့် ဒုံးကျည်များကို ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆော်ဒီသတင်းဌာနတွင် ဖေဖော်ဝါရီ ၂၁ ရက်က ဖော်ပြထားသည်။

ယခုလို ဒုံးကျည်များပစ်ခတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း မဟာမိတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်မာလီကီက ပြောသည်။ ဟူသီသူပုန်များသည် ယီမင်နိုင်ငံဆာနားမှနေ၍ ဆော်ဒီနိုင်ငံကိုဦးတည်၍ ဒုံးကျည်များပစ်ခတ်နေခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

အတိုက်အခံနိုင်ငံရေးပါတီကို ဖျက်သိမ်းရန် ထိုင်းတရားရုံးက အမိန့်ချ

ဗန်ကောက် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသည် အနာဂတ်ရှေ့ဆောင်ပါတီကို ဖျက်သိမ်းရန် ဖေဖော်ဝါရီ ၂၁ ရက်က အမိန့်ထုတ်ပြန်ခဲ့သည်။ အနာဂတ်ရှေ့ဆောင်ပါတီသည် ထိုင်းနိုင်ငံ၏ အတိုက်အခံနိုင်ငံရေးပါတီလည်း ဖြစ်သည်။

အသက် ၄၁ နှစ်အရွယ် သူဌေးကြီးဖြစ်သည့် ပါတီခေါင်းဆောင် သန်နာသွန်ထံမှ အမေရိကန်ဒေါ်လာ ၆ သန်း ချေးယူခဲ့ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။ ပါတီဖျက်သိမ်းခြင်းရလဒ်အနေဖြင့် အဆိုပါ ပါတီမှ အလုပ်အမှုဆောင်အဖွဲ့နှင့် ပါတီခေါင်းဆောင်တို့ကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ၁၀ နှစ်တိုင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။

အနာဂတ်ရှေ့ဆောင်ပါတီသည် နှစ်နှစ်တာသက်တမ်းရှိပြီး လွန်ခဲ့သည့်နှစ်အတွင်း အငြင်းပွားဖွယ်ရွေးကောက်ပွဲပြီးနောက် ဒုတိယအကြီးဆုံးအတိုက်ခံပါတီ ဖြစ်လာခဲ့သည်။ အဆိုပါ ပါတီသည် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ဖြင့် လူငယ်မဲဆန္ဒရှင်များကို အများဆုံးဆွဲဆောင်နိုင်ခဲ့သည်။

ဆင်ဟွာ

လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

မြီရှင်များမှ စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်ရှိခြင်း

၉၁။ (က) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့် တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ လက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးခြင်းသည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မရှိစေရ-

(၁) အစိုးရဌာန သို့မဟုတ်အစိုးရဌာန၏တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကိုယ်တိုင်ကခွင့်ပြုသဖြင့် စစ်ဆေးခြင်း။

အပိုင်း (၆)

မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း

အခန်း (၁)

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ သဘောသဘာဝ

ဤအပိုင်းနှင့် သက်ဆိုင်ခြင်း

၉၂။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်စေရမည်။

(ခ) ဤအပိုင်းပါ လူမဲ့ခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုတွင် အောက်ပါတို့ပါဝင်သည်-

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၇) အရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များဖြစ်ပါက အပိုင်း (၈) အရ လူမဲ့ခံခြင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ

၉၃။ (က) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းအဆင့်များ ပါဝင်သည်-

(၁) အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်၊

(၂) အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်။

အပိုင်း (၆) လုပ်ငန်း ကယ်ဆယ်ခြင်းအဆင့်နှင့် အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်တို့သည် အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

ရှင်းလင်းချက် (၁)။ အပိုင်း (၆) လုပ်ငန်း ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး အပိုင်း (၆) လုပ်ငန်း၏ ရှေ့အလားအလာနှင့် စပ်လျဉ်း၍ မြီရှင်များက ဆုံးဖြတ်ခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင် မြီရှင်များက အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ဆုံးဖြတ်ပြီး အကောင်အထည်ဖော်ခြင်း ပါဝင်သည်။

(ခ) အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်သည် ပြန်လည်ထူထောင်ရေးအကြံပေးကို ပုဒ်မ ၁၀၁ နှင့်အညီ ခန့်အပ်သည့် အချိန်တွင် စတင်ပြီး အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြီးဆုံးသည်-

(၁) အပိုင်း (၆) လုပ်ငန်းအစီအစဉ် စတင်သည့်အဆင့်၊

(၂) အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်ကို ဆောင်ရွက်ခြင်း မရှိလျှင် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း သို့မဟုတ် လူမဲ့ခံယူခြင်း စတင်သည့်အဆင့်။

(ဂ) အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်သည် ထိုအစီအစဉ်ကို ပုဒ်မ ၁၂၅ ပုဒ်မခွဲ (c) နှင့်အညီ လက်မှတ်ရေးထိုးချိန်တွင် စတင်ပြီး အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြီးဆုံးသည်-

(၁) ပုဒ်မ ၁၃၅ အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပေးပို့ပြီးဖြစ်ခြင်း၊

(၂) ပုဒ်မ ၁၃၈ နှင့်အညီ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် အမိန့်ချမှတ်ထားပြီးဖြစ်ခြင်း၊

(၃) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်မပြုရန် မြီရှင်များက ဆုံးဖြတ်ခြင်း။

(ဃ) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် ပြန်လည်ထူထောင်ရေး အကြံပေး သို့မဟုတ် အစီအစဉ် ကြီးကြပ်သူ ရာထူးလစ်လပ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခံရခြင်းကြောင့် ရပ်စဲသွားခြင်း မရှိစေရ။

ဤအပိုင်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ

၉၄။ (က) ဤအပိုင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အပိုင်း(၆)လုပ်ငန်းကို ဆက်လက်လည်ပတ်နေရန် အတွက် ကယ်ဆယ်ရန်၊

(၂) ပုဒ်မခွဲငယ်(၁) ပါ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက လုပ်ငန်း၏ အစိတ်အပိုင်းအများဆုံးကို ဆက်လက်ရပ်တည်နိုင်စေရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ရန်၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက အပိုင်း (၆) လုပ်ငန်းအား လူမဲ့ခံယူခြင်း စီမံခန့်ခွဲမှုပြုခြင်းထက် ယင်း၏ မြီရှင်အားလုံးအတွက် ယေဘုယျအကျိုးဖြစ်စေရန်။

(ခ) ဤအပိုင်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အပိုင်း (၆)လုပ်ငန်းကိစ္စရပ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်းများ၏ သာမန်အားဖြင့် ပေါ်ပေါက်လာနိုင်သည့် ကန့်သတ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေခြင်း၊

(၂) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မြန်ဆန်သော နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်စေနိုင်ခြင်း။

တရားရုံးက ကြီးကြပ်ခြင်း

၉၅။ အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးနှင့် အစီအစဉ်ကြီးကြပ်သူတို့သည် တရားရုံး၏ ကြီးကြပ်မှုအောက်တွင်ရှိသည်။

ပြန်လည်ထူထောင်ရေး အကြံပေး

၉၆။ ဤဥပဒေအပိုင်း (၃) အရ လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူကိုသာလျှင် အပိုင်း (၆) လုပ်ငန်းအတွက် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်အပ်နိုင်သည်။

အခန်း (၂)

အပိုင်း (၆) လုပ်ငန်းစဉ်

အပိုင်း (၆) လုပ်ငန်းစဉ် စတင်ခြင်း

၉၇။ အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို ပြန်လည်ထူထောင်ရေး အကြံပေးအဖြစ် ခန့်အပ်နိုင်သည်-

(က) အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများက ထိုကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်း ယူဆပြီး လုပ်ငန်းပြန်လည်ထူထောင်ရေး အကြံပေးခန့်အပ်သင့်သည်ဟု သဘောတူ ဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားချမှတ်ခြင်း။

(ခ) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားခြင်း မရှိသည့် အပိုင်း (၆) လုပ်ငန်းဖြစ်လျှင် ထိုလုပ်ငန်း၏ပိုင်ရှင်က လုပ်ငန်းသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန်စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်း ယူဆပြီး ပြန်လည်ထူထောင်ရေးအကြံပေး ခန့်အပ်သင့်သည်ဟု စာဖြင့် ရေးသားကြေညာခြင်း၊

(ဂ) အစုစပ်လုပ်ငန်းဖြစ်လျှင် အစုစပ်လုပ်ငန်းဝင်များက ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည် ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်း ယူဆပြီး ပြန်လည်ထူထောင်ရေး အကြံပေး ခန့်အပ်သင့်သည်ဟု စာဖြင့်ရေးသားကြေညာခြင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ခြင်းကို ကန့်သတ်ခြင်း

၉၈။ (က) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိလျှင် အပိုင်း (၆) လုပ်ငန်းစဉ် စတင်နိုင်ခြင်း မရှိစေရ-

(၁) လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်မှုကို လက်ခံရန် စာဖြင့် ရေးသားသဘောတူညီမှု မရှိခြင်း၊

(၂) ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးကို အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေဆဲဖြစ်ခြင်း။

(ခ) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်း မရှိသော အပိုင်း (၆) လုပ်ငန်းသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိလျှင် အပိုင်း(၆) လုပ်ငန်းစဉ်ကို စတင်နိုင်ခြင်း မရှိစေရ-

(၁) လူမဲ့ခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်မှုကို လက်ခံရန် စာဖြင့် ရေးသားသဘောတူညီမှု မရှိခြင်း၊

(၂) လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောလုပ်ငန်းရှင်များသည် လူမဲ့ဖြစ်နေခြင်း၊

(၃) အစုစပ်လုပ်ငန်းဖြစ်လျှင် ထိုအစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန် သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် လျှောက်ထားဆဲဖြစ်ပြီး အမိန့်ချမှတ်မှု မရှိသေးခြင်း သို့မဟုတ် အခြားနည်း စာရင်းရှင်းလင်း ဖျက်သိမ်းရန် အတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း။

(ဂ) အပိုင်း (၆) လုပ်ငန်းကပေးရမည့် မြီရှင်များ အမည်၊ လိပ်စာ၊ ထိုသူတို့ထံပေးရန်ရှိသော ခန့်မှန်းခြေ ကြွေးမြီတန်ဖိုးနှင့် အခြားသော မှတ်တမ်းတို့ကို ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းထားသော လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက လက်ခံရရှိကြောင်းနှင့် ၎င်း၏ စုံစမ်းစစ်ဆေးမှုများအရ ၎င်းအား ခန့်ထားခြင်းဖြင့် ပုဒ်မ ၉၄ ပါ ရည်ရွယ်ချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း စာဖြင့်ရေးသားအတည်ပြုခြင်း မရှိသေးလျှင် လုပ်ငန်းစဉ်ကို စတင်ခြင်း မရှိစေရ၊

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ယခင် အပိုင်း (၆) လုပ်ငန်းစဉ် စတင်ခဲ့သည့်နေ့မှ ၁၂ လ အတွင်း မစတင်ရ။

အာမခံအကျိုးခံစားခွင့်ရ မြီရှင်များထံ အကြောင်းကြားခြင်း

၉၉။ ပြန်လည်ထူထောင်ရေးအကြံပေးကိုခန့်အပ်ထားခြင်းဖြစ်ပြီး အပိုင်း (၆) လုပ်ငန်းပိုင်ပစ္စည်း အားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ရှိသည့် အခြေအနေတွင် ပြန်လည်ထူထောင်ရေး အကြံပေးသည် ၎င်းအား ခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံအကျိုးခံစားခွင့်ရ မြီရှင်သို့ ပေးပို့ရမည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မိမိခန့်ထားလိုသော လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေး အကြံပေးအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေး အကြံပေးက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်းစာဖြင့် ရေးသားသဘောတူရမည်။

ပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ ပေးပို့ရခြင်း

၁၀၀။ (က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးအကြံပေးသည် မိမိအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုသို့ခန့်အပ်ပြီးကြောင်းကို -

(၁) အပိုင်း(၆)လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေများပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်၊

(၂) မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊

(၃) မိမိ လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိထံ ပေးပို့သည့် အကြောင်းကြားစာနှင့်အတူ ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ဂ) ပါ စာဖြင့် ရေးသားထားသည့် အတည်ပြုချက်လည်း ပူးတွဲပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည် ထိုစာကိုလည်း တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

ခန့်အပ်မှု စတင်အကျိုးသက်ရောက်ခြင်း

၁၀၁။ ပြန်လည်ထူထောင်ရေး အကြံပေးခန့်အပ်ခြင်းသည် လူမဲ့ခံယူခြင်းဆိုင်ရာကျွမ်းကျင်သူထံ ထိုသို့ခန့်အပ်ကြောင်း စာဖြင့် ရေးသားခန့်အပ်လွှာ ပေးပို့သည့်အချိန်တွင် စတင် အကျိုးသက်ရောက်စေရမည်။

အခန်း (၃)

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်

ပြန်လည်ထူထောင်ရေးအကြံပေး၏ လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပြန်လည်ထူထောင်ရေးအကြံပေး၏လုပ်ငန်းများ

၁၀၂။ (က) ပြန်လည်ထူထောင်ရေးအကြံပေး၏ အဓိက လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ပြန်လည်ထူထောင်ရေးအစီအစဉ်အတွက် ရွေးချယ်သင့်သည့် နည်းလမ်းများကို ရှာဖွေအကြံပေးခြင်းနှင့် အကူအညီပေးခြင်း၊

(၂) ကယ်ဆယ်ခြင်းအဆင့်တွင် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်အတွက် အကြံပေးခြင်းနှင့် အကူအညီပေးခြင်း၊

(၃) အဆိုပြုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဤအပိုင်းတွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၄) ဤအပိုင်းတွင် ပြဋ္ဌာန်းထားသည့် အခြားအကူအညီများ ပေးခြင်း။

(ခ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံ ပေးပို့လျှင် ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) အစီအစဉ်၏ ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၉၄ ပါ ရည်ရွယ်ချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

(၂) အဆိုပြုထားသည့်အစီအစဉ်သည် အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

ဆက်လက်ဖော်ပြပါမည်

(၇၂) ကြိမ်မြောက် ချင်းအမျိုးသားနေ့ မော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ရွှေမြယာကျေးရွာ ကျေးဇူးတော်လူငယ်ဖွဲ့ဖြိုးရေးဂေဟာတွင် "(၇၂)ကြိမ်မြောက် ချင်းအမျိုးသားနေ့"ကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးယေဘီဟိန်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။ ထို့နောက်ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို ဦးဗန်ပုမ်က ဖတ်ကြားပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလျင်ဟိန်းက ကျေးဇူးတင်စကားပြောကြားကာ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကိုဆွေ

ထန်တလန်မြို့ကိုယ်စားပြု ချင်းရိုးရာအကဖြင့် ဖျော်ဖြေစဉ်။

အပင်မျိုးသစ်များကို ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများနှင့်ချိတ်ဆက် ဖြန့်ဖြူးရောင်းချရေး လက်မှတ်ရေးထိုးရန်ညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်သည့် သီးနှံအပင်မျိုးသစ်များကို ပုဂ္ဂလိကမျိုးစေ့ ကုမ္ပဏီမှ မျိုးစေ့လိုင်စင်ယူပြီး ဖြန့်ဖြူးရောင်းချသွားမည့် မျိုးစေ့လုပ်ငန်းဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်လုပ်ထားတဲ့ စပ်မျိုးပြောင်းအသစ်တွေကို ပုဂ္ဂလိကကဏ္ဍနဲ့ ဘယ်လိုချိတ်ဆက်ပြီး ဆောင်ရွက်မယ်ဆိုတာကို ပထမဦးဆုံးခြေလှမ်းအနေနဲ့ ညှိနှိုင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဌာနအနေနဲ့ မျိုးသစ်တွေကို သုတေသနပြုရှာဖွေတယ်။ နည်းပညာအသစ်တွေကို သုတေသနပြုရှာဖွေတာတွေ ဆောင်ရွက်ပါတယ်။ သုတေသနရှာဖွေချက်ကို တောင်သူတွေဆီ တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စပ်မျိုးပြောင်းများကို တောင်သူများလက်ထဲ ကျယ်ကျယ်ပြန့်ပြန့်ရောက် နိုင်ရန် ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ဖြန့်ဖြူးနိုင်ရန် သဘောတူလက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ပြောင်းသီးနှံမှာ ပထမဆုံးဖြစ်ပြီး ကျန်သီးနှံများကိုလည်း မျိုးစေ့ကုမ္ပဏီများနှင့် ချိတ်ဆက်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် နိုင်ငံခြားမှ လာသည့် မျိုးများကို စွဲးကြီးပေးဝယ်ရသည့် အနေအထားမှ သုတေသနဦးစီးဌာနက ထုတ်သည့်မျိုးများကို စွဲးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်မိုး

YBS ၇၆ ယာဉ်လိုင်းအား ယာဉ်အစီးရေနှင့် ခရီးစဉ်တိုးချဲ့ပြောင်းဆွဲပေးနေ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ ပြောင်းဆွဲလျက်ရှိသော YBS ၇၆ ယာဉ်လိုင်းအား ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ယာဉ်အစီးရေနှင့် ခရီးစဉ် တိုးချဲ့ပြောင်းဆွဲပေးလျက်ရှိကြောင်း သိရသည်။

မိနိဿတစ်ယာဉ်များဖြင့် YBS ၇၆ ယာဉ်လိုင်း ခရီးစဉ်လမ်းကြောင်းအား အရှေ့ပိုင်းတက္ကသိုလ် (ဂိတ်ရင်း)– တာမွေ – စက်မှု(၁) (ဂိတ်ဖျား) အထိ ပြောင်းဆွဲလျက်ရှိရာမှ ယခုအခါ စီးတီးဘတ်စ်ယာဉ်ကြီးများပါ ပူးပေါင်း၍ ဂိတ်ရင်းကို သီလဝါ ၆ လမ်းသွား(ဆန်စက်ရှေ့)မှ တာမွေ ဗလီ၊ လှည်းတန်း၊ သမိုင်းလမ်းဆုံ၊ မင်းဓမ္မလမ်း (ရွှေကမ္ဘာအိမ်ရာရှေ့) ဂိတ်ဖျားအထိ ခရီးစဉ်ကို တိုးချဲ့ပြောင်းဆွဲပေးလျက်ရှိကြောင်း သိရသည်။

မိနိဿတစ်ယာဉ်များဖြင့် ပြောင်းဆွဲပေးစဉ်အခါက ဂိတ်ရင်းနေရာမှာ အရှေ့ပိုင်းတက္ကသိုလ် (တာဝ)ဖြစ်သော်လည်း တက္ကသိုလ်ရှေ့တွင် ယာဉ်ကြောပိတ်ဆို့မှုရှိခြင်းကြောင့် သီလဝါဆန်စက်ရှေ့သို့လည်းကောင်း၊ ဂိတ်ဖျားနေရာ စက်မှု(၁)တွင် ရပ်နားရန်နှင့် စီးတီးဘတ်စ်ယာဉ်ကြီးများ ပြန်ကွေ့ရန် အခက်အခဲရှိသဖြင့် ခရီးစဉ်လမ်းကြောင်း တိုးချဲ့ကာ ဂိတ်ဖျားနေရာကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း (ရွှေကမ္ဘာအိမ်ရာရှေ့) သို့လည်းကောင်း ပြောင်းရွှေ့ပြောင်းဆွဲခြင်းဖြစ်ကြောင်း သိရသည်။

မိနိဿတစ်ယာဉ်များဖြင့် ပြောင်းဆွဲစဉ်က ကားကျပ်ခြင်း၊ ထိုင်ခုံမလုံလောက်ခြင်းများ ကြုံတွေ့ခဲ့ရသည့် အပြင် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများထံမှ အုပ်စုဖွဲ့ခါးပိုက်နှိုက်ခြင်း၊ ကားကျပ်သည့် အချိန်တွင် ကျောင်းသူများအား ထိပါးနှောင့်ယှက်ခြင်းများ မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရန် အတွက် မိနိဿတစ်ယာဉ် ၃၂ စီး၊ စီးတီးဘတ်စ်ယာဉ် ၂၆ စီးတို့ဖြင့် Trans Link Public Co., Ltd က ခရီးစဉ်နှင့် ယာဉ်အစီးရေတိုးချဲ့ပြောင်းဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၂၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဒါနကုသိုလ်ကောင်းမှုပြုခြင်းကြောင့် ရရှိလာမည့် အကျိုးတရားများအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းဒစ်ဂျစ်တယ်၏ "များများလှူပါ" မျက်နှာဖုံးကာတွန်း၊ လူ့လောကသဘာဝတွင် ဖြစ်ပေါ်လျက်ရှိသော အကြောင်းအရာအချို့ကို ကလေးများ လိုက်နာရှောင်ရှားနိုင်စေရန် အလို့ငှာ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မပေါင်းအပ်သူ ဤခြောက်မူ" ရွှေသွေးသုတဆောင်းပါး၊ လူသားမျိုးနွယ်အားလုံး၏ ဘုံရန်သူဖြစ်သော မူးယစ်ဆေးဝါးကို ရှောင်ရှားသင့်ပုံ အကြောင်းကို တင်ဆက် ထားသည့် "ရိုးရိုးလေး၏ ဘုံရန်သူ" နှစ်မျက်နှာ ကာတွန်း၊ သူတစ်ပါး အပေါ်တွင် စိတ်ကောင်း စေတနာ ထားကာ ကူညီလုပ်ဆောင် ပေးပါက မိမိတွင်လည်း ကောင်းကျိုး ချမ်းသာရ စေနိုင်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ကျွန်တော့်နာမည် စိုးကြီးပါ" ကလေးဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားပိုင်း ပဟေဠိကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်းသိရသည်။

သတင်းစဉ်

သရက်မြို့ ဈေးရပ်ကွက်ရှိ ဈေးဆိပ်ကမ်းမြို့ ကာကွယ်ရေးလုပ်ငန်းအခြေပြု ကျောက်စီမြေထိန်းနံရံအလျားပေ ၂၃၀ တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေစဉ်။

(မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ သရက်၊ ကံမ၊ အောင်လံ၊ ဆင်ပေါင်ဝဲမြို့နယ်များတွင် မြစ်ချောင်းများ ကမ်းပြိုကျမှုများအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၇၀၀ ကျော်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။)

ပေါက်ကလေး(သရက်)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁–၂–၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၈၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၀၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၇၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၁၀/၈၆၅	ကျပ်	၈၅၀/၈၇၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၂၀/၈၇၅	ကျပ်	၈၆၅/၈၈၀	ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၈၀	ကျပ်	၈၀၀/၈၁၀	ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀	ကျပ်	၉၀၀/၉၄၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၅၀ . ၅
ဥရောပ	တစ်ယူရို	ကျပ်	၁၅၆၉ . ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၃၆ . ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၇၃ . ၃
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၉၈ . ၃
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၈ . ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၂၀၆ . ၁၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၀ . ၁၉၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၉ . ၈၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၄၅ . ၈၁
ထိုင်း	တစ်ဘတ်	ကျပ်	၄၅ . ၉၄၆

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၄၄၅၂	၅၃၄၄၄၀၀၀
MTSH	၃၉၅၀	၃၉၅၀	၄၂၅၂	၁၆၇၉၅၄၀၀
MCB	၈၂၀၀	၈၂၀၀	၇၀	၅၇၄၀၀၀
FPB	၂၃၀၀၀	၂၃၀၀၀	၆၇	၁၅၄၁၀၀၀
TMH	၂၉၀၀	၂၉၀၀	၂၄	၆၉၆၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – စိုးစိုးနိုင်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ဌေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၅၈၃၄၊ ၀၁–၅၅ဖ၁၁၈၊ Fax ၀၁–၅ဖ၁၂၁၀၊ ၀၆၇–၃၆၁၄၆၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–ခ၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

လူငယ်အချစ်နှင့် ဒရာမာပုံစံ "နှင်းဆီရဲတိုက်"ဇာတ်ကား စတင် ရုံတင်ပြသလျက်ရှိ

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သော လူငယ်အချစ်နှင့် ဒရာမာပုံစံ ဇာတ်လမ်းအမျိုးအစား ဖြစ်သည့် "နှင်းဆီရဲတိုက်" ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂၀ တွင် ရုပ်ရှင်ရုံများ၌ စတင် ရုံတင်ပြသနေပြီ ဖြစ်သည်။

ထိုဇာတ်ကားကို ၂၀၁၆ ခုနှစ်က ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့၌ ရိုက်ကူးခဲ့ကြောင်း သိရသည်။ "ဒီကားလေးရိုက်ထားတာ လေးနှစ်ကျော် လောက်ရှိပါပြီ။ ခေတ်ကာလက နည်းနည်းတော့ ကွာခြားသွားတယ်ပေါ့။ ကျွန်တော်ကတော့ စိတ် တိုင်းတော့ကျပါတယ်။ ဒီလိုအချိန် ရိုက်ရရင်တော့ ပိုအဆင်ပြေတာပေါ့။ သရုပ်ဆောင်တွေ အနေနဲ့ အကြီးပိုင်းလည်းပါတယ်၊ အငယ်ပိုင်းလည်းပါတယ်။ လူငယ်တွေရဲ့ အချစ်ကိုလည်း ဖော်ကျူးထားတယ်။ လူကြီး တွေရဲ့ ဒရာမာပိုင်းတွေလည်း ပါပါတယ်။ ရသစုံပါတဲ့ ဇာတ်မို့ ရွေးချယ်ပြီးရိုက်ခဲ့တာပါ။ သွေးကစကားပြောတယ် ဆိုတာနဲ့ သူများဥစ္စာ အလကားမယူသင့်ဘူး ဆိုတာကို လျှို့ဝှက်ချက်လေးတွေနဲ့ ထည့်ရိုက်ထားပြီး လူကြီးပိုင်း ပရိသတ်တွေ ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်"ဟု ဒါရိုက်တာ နေပိုင်က ပြောသည်။

အဆိုပါ ဇာတ်ကားသည် အင်ကြင်းဟန်၏ ဇာတ်လမ်းကို နေခြည်အောင်သစ် ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ နေပိုင် ရိုက်ကူးကာ သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ကောင်းပြည့်၊ ရဲအောင်၊ မိုမိုမြင့်အောင် ၊ ရွှေမှုံရတီ၊ နေနော်၊ အောင်တိုး၊ မင်းရဲစည်သူ၊ ကောင်းဆက်ထူး၊ သာသာ၊ သံစဉ် ဖြိုးပိုင်နှင့် သဒ္ဒါ စသည့် သရုပ်ဆောင်များစွာ ပါဝင်ကြောင်း သိရသည်။

ကိုလင်း

နှင်းဆီရဲတိုက် ဇာတ်ကားမှ ဒါရိုက်တာနှင့် သရုပ်ဆောင်များ

"ချစ်ခင်စမှော်ရုံ"ရုပ်ရှင်ကို မတ် ၂ ရက်တွင် စတင်ရိုက်ကူးမည်

၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ပုံရိပ်များဖြင့် ပြန်လည်ပုံဖော် ရိုက်ကူးသွားမည့် "ချစ်ခင်စမှော်ရုံ" ရုပ်ရှင် ဇာတ်ကားကို တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးက မတ် ၂ ရက်မှ စ၍ ရိုက်ကူးသွားတော့မည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ မောင်ဝဏ္ဏ၏ ဝတ္ထုကို အခြေခံကာ ဒါရိုက်တာ ဏကြီးက ပုံဖော်ရိုက်ကူး ပြီး သရုပ်ဆောင် ဒေါင်း၊ ထက်အောင်ရှင်း၊ ကျော်ထက် အောင်၊ မိုးဟေကို၊ ပိုင်ဖြိုးသု၊ မေသဏ္ဌာဦး စသည့် သရုပ် ဆောင်များနှင့်အတူ မြန်မာအိုင်ဒေါလ်ပြိုင်ပွဲဝင် အေးမြဖြူလည်း ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။

သရုပ်ဆောင် ထက်အောင်ရှင်းက "ဒီဇာတ် ကားထဲမှာ ကျွန်တော်က ရုပ်ရှင်မင်းသားတစ်ယောက် ကာရိုက်တာအနေနဲ့ ပါဝင်ရမှာပါ။ ကိုဒေါင်းကတော့ ဒါရိုက်တာတစ်ယောက်ရဲ့ ကာရိုက်တာပေါ့နော်၊ ဇာတ်ကားလေးက ရိုးရှင်းတယ် ဆိုပေမယ့် စိတ်ဝင်စား ဖို့လည်း ကောင်းပါတယ်၊ ကာရိုက်တာလေးတွေက အစပေါ့နော်၊ကျွန်တော့်အနေနဲ့ ဒီအနုပညာလောကထဲကို ရောက်တာ သိပ်မကြာသေးဘူးဆိုပေမယ့် ကိုယ့်အထက် က စိန်ယာတွေက အကောင်းဆုံး သင်ကြားပေးကြပါ တယ်၊ တွဲခေါ်ပေးကြတာတွေလည်းရှိတော့ ဒီကားမှာ လည်း အကောင်းဆုံးသရုပ်ဆောင်သွားမှာပါ။ ဒီကား လေးရဲ့ ထူးခြားမှုက ထုတ်လုပ်ရေးပိုင်းက သေချာလေး လုပ်ပေးတယ်၊ အရင်ကဆို ကိုယ့် အဝတ်အစားကအစ ကိုယ်တိုင်ပဲ ပြင်ဆင်ရတာလေ၊ အခုက production ပိုင်းက အားလုံးစီစဉ်ပေးပါတယ်၊ ကျွန်တော်တို့ ဘာမှကို စီစဉ်စရာမလိုဘူး၊ လူပဲသွားရုံပဲ"ဟု ပြောသည်။

ရိုက်ကူးမည့်အစီအစဉ်များနှင့် ပတ်သက်၍လည်း ထက်အောင်ရှင်းက "ဒီကားက ကွာလတီ မီအောင်ရိုက်ပြီး အခြားနိုင်ငံတွေမှာပါ ပြမှာဆိုတော့ အားလုံးကို Prodution က သူတို့စိတ်တိုင်းကျ စီစဉ်ပေးပါတယ်၊ ပြီးတော့ ကားလေးက ခေတ်နှစ်ခေတ်ခွဲပြီးရိုက်တဲ့ ပုံစံ လေးပါ။ ရုပ်ရှင်အကြောင်းလေးလည်းဖြစ်တော့ ရုပ်ရှင် နှစ်(၁၀၀)ပြည့်မှာ အမှတ်တရလည်း ဖြစ်သွားအောင်နဲ့ တူပါတယ်၊ အရင်ခေတ်ကဆို ရုပ်ရှင်ကို ဘယ်လို ခက်ခက်ခဲခဲတွေ ရိုက်ခဲ့ရတယ်ဆိုတာကိုလည်း တွေ့ရ မှာပါ"ဟု ထက်အောင်ရှင်းက ဆက်ပြောသည်။ **ကိုလင်း**

ခေတ်သစ်ဖောင်ဒေးရှင်းက တစ်နှစ်အတွင်း နှလုံးရောဂါရှင် ကလေး ၂၇ ဦးအား ကူညီထောက်ပံ့နိုင်

အဆိုတော် လင်းလင်းနှင့် သရုပ်ဆောင် ချစ်သုဝေတို့ ဇနီးမောင်နှံအနေဖြင့် မေမြန်မာခေတ်နှင့် မေမြန်မာ သစ်ဆိုသည့် အမြွှာသမီးငယ်နှစ်ဦးကို မွေးဖွားခဲ့ပြီး နောက် ၎င်းတို့ နှစ်ဦး၏ အမည်ဖြင့် ခေတ်သစ် ဖောင်ဒေးရှင်းကို တည်ထောင်၍ လူမှုအကျိုးပြု လုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ ယခုဆိုလျှင် တစ်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ခေတ်သစ်ဖောင်ဒေးရှင်းကို အနာဂတ်ရင်သွေး ငယ်များ ကျန်းမာရေးကောင်းမွန်သောဘဝကို ပိုင်ဆိုင်နိုင်စေရန်နှင့် ဆင်းရဲချို့တဲ့ပြီး အမှန်တကယ် အကူအညီလိုအပ်နေသော ကလေးသူငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက် ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ရာ ယခုတစ်နှစ်အတွင်း၌ နှလုံးရောဂါဝေဒနာ ခံစားနေရသူ ကလေးငယ် ၂၇ ဦးအား ထောက်ပံ့ကူညီ လျှာ်ခါန်းမှုများ ပြုလုပ် ပေးနိုင်ခဲ့ကြောင်း သိရသည်။

ခေတ်သစ်ဖောင်ဒေးရှင်း စတင်ထူထောင်စဉ်က နှလုံးရောဂါ ခံစားနေရသူ ကလေးငယ်များအား တစ်လလျှင် နှစ်ဦးနှုန်းဖြင့် တစ်နှစ် တာအတွင်း ၂၄ ဦးအား ကုသပေးနိုင်အောင် ထောက်ပံ့နိုင်ရန် မျှော်မှန်းထားခဲ့သော်လည်း မျှော်မှန်းသည်ထက်ပို၍ ကလေးငယ် ၂၇ ဦးအထိ လျှာ်ခါန်းပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"၂၀၁၉ မှာ အားလုံးသိတဲ့အတိုင်းပဲ နှလုံး ခွဲစိတ်ဖို့ ရာချီစောင့်နေကြတဲ့ နှလုံးဝေဒနာရှင် ကလေးငယ်တွေထဲက ဖောင်ဒေးရှင်းမှ လုပ်နိုင်တဲ့ အားလေးနဲ့ တစ်လကို နှစ်ယောက် တာဝန်ယူမယ် ဆိုပေမယ့် အချို့လတွေမှာတော့ တစ်ယောက်ပဲ ဖြစ်သွားတာလည်း ရှိခဲ့တယ်။ အချို့လတွေမှာ သုံးယောက်၊ လေးယောက်လည်း လျှာ်ခါန်းထောက်ပံ့ ပေးနိုင်ခဲ့တယ်။ ဖောင်ဒေးရှင်းအနေနဲ့ အစမှာ ၂၄ ယောက် တာဝန်ယူမယ် ပြောခဲ့ပေမယ့် ၂၀၁၉ တစ်နှစ်တာကာလအတွင်းမှာ ၂၇ ယောက်ကို တာဝန်ယူနိုင်ခဲ့ပါတယ်"ဟု ခေတ်သစ်ဖောင်ဒေးရှင်း ၏ အလုပ်အမှုဆောင်ချုပ်လည်းဖြစ်သူ ချစ်သုဝေ က ပြောသည်။

ခေတ်သစ်ဖောင်ဒေးရှင်းအနေဖြင့် စစ်ကိုင်း တိုင်းဒေသကြီး ပုလဲမြို့နယ် သရက်လှကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်း ဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၂၀၀ ကိုလည်း ၂၀၁၉ ခုနှစ်အတွင်း ပေးအပ်လျှာ်ခါန်းနိုင်ခဲ့ကြောင်း သိရသည်။ **ကိုလင်း**

အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံပြေးခုန်ပစ်ဥက္ကဋ္ဌဖလားနှင့် (၆၅) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ် ၁၃ ပွဲကျင်းပခဲ့ပြီး မာရသွန်၊ လုံတံပစ်၊ တန်းမြင့်ခုန်၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ မီတာ ၁၅၀၀၊ သုံးဆင့်ခုန်၊ မီတာ ၁၅၀၀၊ မီတာ ၁၀၀ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ၊ အမျိုးသား၊ အမျိုး သမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ တံခွန်စိုက်ဆုရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အသင်း၊ အမျိုးသမီးပြိုင်ပွဲ တံခွန်စိုက်ဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသား အမျိုးသမီးပြိုင်ပွဲနှစ်ခုပေါင်းတွင် တံခွန်စိုက် ဆုဖလားရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမျိုးလှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရိန်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသမီးပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းက ရွှေ ၁၂ ခု၊ ငွေ ၁၀ ခု၊ ကြေးငါးခု ၁၈၅ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ရွှေရှစ်ခု၊ ငွေကိုးခု၊ ကြေးခြောက်ခု ၁၅၄ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခု ၅၄ မှတ်ဖြင့် တတိယ၊ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းက ရွှေ ၁၃ ခု၊ ငွေကိုးခု၊ ကြေးလေးခု ၁၆၇ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ရွှေငါးခု၊ ငွေသုံးခု၊ ကြေးရှစ်ခု ၁၁၆ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးငါးခု ၈၇ မှတ်ဖြင့် တတိယ၊ အမျိုးသား အမျိုးသမီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကာကွယ်ရေးအသင်းက စုစုပေါင်းရမှတ် ၂၇၉ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေး အသင်းက စုစုပေါင်းရမှတ် ၂၇၅ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီအသင်းက စုစုပေါင်းရမှတ် ၁၈၆ မှတ်ဖြင့် တတိယတို့ ရရှိခဲ့သည်။

ယခုပြိုင်ပွဲတွင် စံချိန်သစ်သုံးခုတင်ခဲ့ပြီး အမျိုးသားကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် ရဲထက်အောင် (ပြည်ထဲရေး)က ၂၀၁၉ ခုနှစ်က ၎င်းတင်ထားသည့် ၅၁.၄၄ မီတာကို ၅၅.၀၅ မီတာဖြင့်လည်းကောင်း၊ အမျိုးသမီးကြိုးတပ်သံလုံး ပစ်ပြိုင်ပွဲတွင် ပပဦး (ပြည်ထဲရေး)က ၂၀၁၇ ခုနှစ်က အမ်စိုးဇာ တင်ထားသည့် ၄၃.၉၆ မီတာကို ၄၅.၃၅ မီတာဖြင့်လည်းကောင်း၊ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် နှင်းယုစိုး (ကာကွယ်ရေး)က ၂၀၁၉ ခုနှစ်က အေးအေးမြို့ တင်ထားသည့် ၁၁ မိနစ် ၁၇.၈၉ စက္ကန့်ကို ၁၁ မိနစ် ၁၂.၂၄ စက္ကန့်ဖြင့်လည်းကောင်း စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းသည် အမျိုးသားတံခွန်စိုက်ဆုကို ကိုးကြိမ် ဆက်တိုက်ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွှန့်

နိုင်ငံတကာအနုပညာ သတင်းပဒေသာ

သည်းထိတ်ရင်ဖိုသိပ္ပံဇာတ်ကားတွင် မီဂန်ဖောက်စ် ပါဝင်သရုပ်ဆောင်မည်

Transformers ဇာတ်ကားမှာ အကောင်းဆုံးပါဝင်သရုပ်ဆောင်နိုင်ခဲ့တဲ့ မော်ဒယ်နဲ့သရုပ်ဆောင် မီဂန်ဖောက်စ်ဟာ Aurora လို့ အမည်ပေးထားတဲ့ သိပ္ပံသည်းထိတ်ရင်ဖိုရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်မယ်လို့ သိရပါတယ်။

Aurora ဆိုတဲ့ရုပ်ရှင်ကားရဲ့ ဒါရိုက်တာကတော့ လာဇာဘော့ရိုဇာဖြစ်ပြီး အမျိုးသမီးအာကာသယာဉ်မှူးတစ်ယောက်ဟာ ကမ္ဘာကြီးကို အန္တရာယ်ပေးနိုင်မယ့် ဆိုလာမုန်တိုင်းတွေကိုစောင့်ကြည့်ဖို့အတွက် အာကာသအပြင်ဘက်မှာ နေရာယူစောင့်ကြည့်တဲ့အကြောင်းကို ရိုက်ကူးထားတာပါ။

မီဂန်ဟာ မိသားစုအရေးဦးစားပေးစရာတွေရှိတာကြောင့် ဟောလိဝုဒ်ကနေ ခေတ္တကျောခိုင်းခဲ့ပြီး အခုတစ်ဖန် Aurora ရုပ်ရှင်မှာ ပါဝင်ဖို့ဖြစ်လာခဲ့တာပါ။ ဒီဇာတ်ကားမှာ အာကာသအတွင်းစိတ်လှုပ်ရှားဖွယ် အခန်းတွေနဲ့ပြည့်နှက်နေပြီးမီဂန်ဟာလည်း သူသရုပ်ဆောင်ရမယ့်ဇာတ်ရုပ်ကို အပီပြင်ဆုံးဖြစ်အောင် သရုပ်ဆောင်သွားနိုင်တယ်လို့ အာကလိုက် ရုပ်ရှင်ဝက်ဘ်ဆိုက်မှာဖော်ပြထားပါတယ်။ Aurora ရုပ်ရှင်ဇာတ်ကြောင်းကတော့ မီဂန်ဟာ ပြင်းထန်တဲ့ဆိုလာလှိုင်းတွေနဲ့ ရင်ဆိုင်ရပြီးတဲ့နောက်မှာအသိစိတ်ပျောက်သွားတဲ့ နေရာကနေ သရုပ်ဆောင်ရမှာပါ။ လွန်ခဲ့တဲ့နှစ်အတွင်းမှာတော့ မီဂန်ဟာ ရုပ်ရှင်သုံးကားမှာ ပါဝင်ခဲ့ပေမယ့် ကြီးကျယ်တဲ့အောင်မြင်မှုတွေမရရှိခဲ့ပါဘူး။ ဂျာမနီနိုင်ငံဘာလင်မြို့မှာ ဘာလင်ရုပ်ရှင်ပွဲတော်ကျင်းပနေစဉ်အတွင်း ရုပ်ရှင်ဇာတ်ကားသစ်မှာ မီဂန်ဖောက်စ် ပါဝင်သရုပ်ဆောင်မယ်ဆိုတဲ့သတင်း ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။

ဒေးလီးမေးလ်

ရုပ်ရှင်သရုပ်ဆောင် မီဂန်ဖောက်စ်

ဂျနီဖာဂါနာနဲ့ကွာရှင်းခဲ့တဲ့အတွက် အကြီးအကျယ်နောင်တရကြောင်း ဘင်အက်ဖလက်ခ်ပြောကြား

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ဟောလိဝုဒ်မင်းသား ဘင်အက်ဖလက်ခ်ဟာ ဂျနီဖာဂါနာနဲ့ ကွာရှင်းခဲ့တဲ့အတွက် အကြီးအကျယ်နောင်တရမိတယ်လို့ ဝန်ခံပြောကြားခဲ့ပါတယ်။ ဒီလိုမျိုးဖြေကြားခဲ့တဲ့အတွက် သူတို့နှစ်ဦးပြန်ပေါင်းထုတ်မှာလားဆိုပြီး ခန့်မှန်းခဲ့ကြပါတယ်။ ဘင်အက်ဖလက်ခ်ဟာ ၂၀၁၈ ခုနှစ်မှာ ရုပ်ရှင်မင်းသမီးဂျနီဖာဂါနာနဲ့ ကွာရှင်းခဲ့ပါတယ်။

ကွာရှင်းခဲ့ပေမယ့်သားသမီးသုံးဦးအတွက် သူတို့နှစ်ဦးဟာ တပူးတွဲတွဲပဲ ရှိနေခဲ့ပါတယ်။ ဘင်အက်ဖလက်ခ်ဘက်ကနေ ကွာရှင်းမှုအတွက် နောင်တရကြောင်းပြောတဲ့အခါမှာတော့ ဂျနီဖာဂါနာဟာ စိတ်ကျေနပ်မှုရရှိခဲ့ပါတယ်။ ဒါပေမယ့် သူတို့ပြန်တွဲဖို့စိတ်ကူးတော့မရှိပါဘူး။ အရက်စွဲလမ်းမှုပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရတဲ့ ဘင်အက်ဖလက်ခ်ဟာ လူကောင်းတစ်ယောက်ပြန်ဖြစ်လာဖို့ ပြန်ကြိုးစားခဲ့တာကိုတော့ ဂျနီဖာဂါနာက အသိအမှတ်ပြုပေးခဲ့ပါတယ်။

ဒါပေမယ့်ပြန်ပြီးလက်တွဲဖို့တော့ မဖြစ်နိုင်တော့ပါဘူး။ သားသမီးတွေကို အတူတကွအုပ်ထိန်းတဲ့အခါမှာတော့ အရင်ကထက်ပိုမိုကောင်းမွန်တဲ့ဆက်ဆံရေးရှိလာလိမ့်မယ်လို့ ဂျနီဖာဂါနာက ပြောပါတယ်။ အော်စကာနှစ်ဆုရှင်ဖြစ်တဲ့ ဘင်အက်ဖလက်ခ်ဟာအရက်စွဲလမ်းမှုပြဿနာ၊ ဂျနီဖာဂါနာနဲ့ ကွာရှင်းမှုအစရှိတဲ့အခက်အခဲတွေကြောင့် The Batman ရုပ်ရှင်ကားမှာ ပါဝင်ဖို့မဖြစ်နိုင်တော့ဘဲ Batman ဇာတ်ကောင်နေရာကို စွန့်လွှတ်ခဲ့ရတာပါလို့ ဖေဖော်ဝါရီ ၁၈ ရက်က နယူးယောက်တိုင်းမဲနဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ဂျနီဖာဂါနာနှင့်ဘင်အက်ဖလက်ခ်

ခြူး

ဘာသာစာပေပေါင်းကူး(၃)

မောင်ခင်မင် (ဓနုဖြူ)

"အရင်အပတ်က ဘာပြောတာ သမီးစဉ်းစားခဲ့ပြီးပြီပေါ့နော်"

"ဟုတ်ကဲ့၊ ဘုရားရှင်ကို အာဌဝက ဘီလူးက ခေါ်တဲ့ 'ငါ့ရှင်ရဟန်း၊ အရှင်ရဟန်း၊ အရှင်ဘုရား' ဆိုတဲ့ စကားသုံးခွန်းကို နှိုင်းယှဉ်ကြည့်တော့ တစ်ခွန်းထက်တစ်ခွန်း ပိုပိုပြီး ယဉ်ကျေးလာတာတွေ့ရပါတယ် ဘဘ"

"မဆိုးပါဘူး။ ကဲ...အရင်အပတ်က လိုရင်းပဲ ပြောလိုက်ရလို့ ဇာတ်ရေလည်အောင်ထပ်ပြောကြမယ်။ အာဌဝကဘီလူးရဲ့ ဗိမာန်ကိုဘုရားရှင်ကခွင့်မတောင်းဘဲဝင်ပြီး သီတင်းသုံးတော့ ဘီလူးက စိတ်ဆိုးသွားတယ်။ အဲ...ကြံ့လို့ပြောရအုံးမယ်။ ဘီလူးနာမည်က 'အာဌဝက' နော်၊ ဒါကျမ်းဂန်ထဲကအတိုင်းရေးတာ အမှန်ပဲ။ 'အာဌာဝက' မဟုတ်ဘူး။ ရေးချမပါဘူး"

"သမီးသိပါတယ် ဘဘ"

"အဲ...သမီးသိပေမဲ့ ကွန်ပျူတာစာစီ စာရိုက်တဲ့သူတွေက သိပုံမရဘူးကွဲ့။ ဘဘက 'အာဌဝက' လို့ရေးတာကို 'အာဌာဝက' လို့ မှားရိုက်တယ်။ ဘဘက မြန်မာစာပေအကြောင်း ရေးနေတာပဲ၊ မှားရေးပါ့မလားကွယ်။ သူတို့က 'အာဌာဝက' လို့ပဲ ကြားဖူးနေလို့ထင်တယ် ရေးချထည့်ရိုက်ထားတယ်"

"ဟုတ်တယ်၊ ဟုတ်တယ် ဘဘ။ သမီးတွေ့လိုက်တယ်"

"ပြောလက်စနဲ့ပြောရအုံးမယ်။ မကြာခင်က ၂၀၁၉ ခု မကုန်ခင်ကပေါ့၊ မြန်မာစာအဖွဲ့ကထုတ်တဲ့ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း ဒုတိယအကြိမ်ပြန်ထွက်တယ်။ အဲဒီထဲမှာ ဖြည့်စရာ စကားလုံးတချို့ကို ဖြည့်ထားတယ်။ ဒီသတ်ပုံကျမ်းကို အစိုးရအဖွဲ့ကိုတင်ပြပြီး အတည်ပြုချက်ယူပြီးလို့ အားလုံးကိုဖြန့်နေပြီလေ။ ဒီတော့ ဒီသတ်ပုံကျမ်းထဲကအတိုင်း လိုက်ရေးဖို့ပြဋ္ဌာန်းထားတဲ့ အဓိပ္ပာယ်ပေါ့။ အထူးသဖြင့် အပြောသုံးစကားတွေဖြစ်တဲ့ 'လဲ' ရယ်၊ 'ပေမဲ့' ရယ်၊ 'အုံး' ရယ်၊ အဲဒီစာလုံးတွေကို အပြောစကားမှာအဲဒီအတိုင်းရေးဖို့ ပြဋ္ဌာန်းထားပြီးပြီလေ။ အဲဒါကို လိုက်ပြင်တဲ့သူတွေ လဲပြင်တယ်။ တချို့က မပြင်ဘဲ အရင်ကအတိုင်းပဲ အပြောစကားတွေမှာ 'လည်း'၊ 'ဦး'၊ 'ပေမယ့်' ဆိုတဲ့ စာသုံးတွေအတိုင်း ကွန်ပျူတာရိုက်နေကြတုန်းပဲကွဲ့။ အဲဒါတွေ ပြင်သုံးရမှာလေ"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ...စကားစတောင် ပျောက်သွားပြီ။ အဲဒီအာဌဝကမှာ သူ့ဘိုးဘွားတွေ ရေးပေးထားတဲ့ အမေးရစ်ခု၊ အဖြေရှစ်ခုရှိတယ်တဲ့။ နှစ်တွေကြာလာတဲ့အခါကျတော့ အာဌဝက က အမေးတွေပဲ မှတ်မိတော့တယ်၊ အဖြေတွေကို မေ့သွားတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး သူ့ဗိမာန်ကို ဝင်လာကြည့်တဲ့ ရဟန်းတွေ၊ လူတွေကို အဲဒီအဖြေတွေဖြေခိုင်းတယ်။ မဖြေနိုင်ကြတော့ အဲဒီရဟန်းတွေ၊ လူတွေကို အမျိုးမျိုးနှိပ်စက်ညှဉ်းဆဲနေတာတော်တော်ကြာပြီပေါ့။ ဘုရားရှင်ကိုလဲ လက်နက်တွေနဲ့ အမျိုးမျိုးတိုက်ခိုက်တယ်။ မအောင်မြင်တော့ မေးခွန်းတွေမေးပြီး မဖြေနိုင်ရင်နှိပ်စက်မယ်ဆိုတဲ့ အကြံနဲ့မေးတာလေ"

"ဩော်၊ ဟုတ်ကဲ့ပါ။ သမီးပြန်သတိရပါပြီ"

"ပထမမေးခွန်းလေးခုမေးတော့ လေသံက ခပ်ပြတ်ပြတ်ပဲ၊ 'ငါ့ရှင်ရဟန်း' တဲ့။ တန်းတူချင်းခေါ်တဲ့စကားနဲ့ခေါ်တာ၊ အာဌဝက က ဘုရားရှင်ကို ခုခေတ်စကားနဲ့ပြောရင် သူနဲ့ 'လယ်ဗယ်ချင်း' လိုသဘောထားပြီးခေါ်တာပေါ့။ မေးခွန်းတွေက သိပ်ကောင်းတယ်။ သမီးလဲ သင်ခဲ့ရမှာပေါ့။ 'မည်သို့သောအသက်မွေးခြင်းသည် မြတ်သော အသက်မွေးခြင်းနည်း' ဆိုတဲ့ မေးခွန်းကစတယ်။ ဘုရားရှင်က 'ပညာဖြင့် အသက်မွေးခြင်းသည် မြတ်သော အသက်မွေးခြင်းတည်း' လို့ ပြန်ဖြေပြီး အကျယ်ရှင်းပြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလိုပဲ မေးခွန်းလေးခုစလုံးကို ဘုရားရှင်က ပြေလည်အောင်ရှင်းပြလိုက်တော့ အာဌဝက ကျေနပ်သွားတာပေါ့။ ဒီတော့ နောက်မေးခွန်းလေးခုထပ်မေးတယ်။ ခေါ်ပုံလဲပြောင်းသွားတယ်။ 'အရှင်ရဟန်း'...တဲ့"

"ဘာဘရှင်းပြလို့ သမီးမြင်လာပါပြီ။ အာဌဝက ဘီလူးက ဘုရားရှင်အပေါ်စိတ်ထားပြောင်းလာတာပေါ့နော်ဘဘ။ ဒါကြောင့် ခေါ်ပုံပိုယဉ်ကျေးလာတာပေါ့"

"အဲဒါထင်ရှားနေတာပဲလေ။ အဲဒီမေးခွန်းလေးခုကိုလဲ ဘုရားရှင်က ပြေလည်အောင်ဖြေရှင်းပေးလိုက်တော့၊ အာဌဝက တရားရသွားပြီလေ။ သာမန်မဟုတ်တော့ဘူး။ သောတာပန်တည်သွားပြီမဟုတ်လား။ ဒီတော့ နောက်ထပ်မေးချင်တဲ့ အကြောင်းအရာတွေကို လျှောက်ထားတဲ့အခါ ကျတော့ လေသံလုံးဝပြောင်းသွားပြီလေ"

"ဟုတ်ပါတယ် ဘဘ၊ ဘုရားရှင်ကို 'အရှင်ဘုရား' လို့ခေါ်ပြီး လျှောက်ပါတယ်"

"ကဲ...ဒီတော့ စဉ်းစားကြည့်လေ။ အဲဒီလိုအခေါ်တွေ ပိုပိုပြီးယဉ်ကျေးလာတာ ဘာကြောင့်ဖြစ်မလဲ"

"အာဌဝက က ဘုရားရှင်အပေါ်ထားတဲ့ သဘောထား တဖြည်းဖြည်းပြောင်းလာလို့ ပိုပိုယဉ်ကျေးလာတာပါ ဘဘ"

"ဟုတ်တယ် ပထမအဆင့်က ရန်သူလိုသဘောထားတဲ့ အဆင့်၊ ဒီတော့ပြောတဲ့ စကားကလဲ ခပ်ကြမ်းကြမ်းပဲ 'ငါ့ရှင်ရဟန်း' တဲ့၊ လေးစားတဲ့ သဘောမပါဘူး။ ဒုတိယအဆင့်ကျတော့ ကျေနပ်စပြုလာတဲ့အဆင့်။ ဒီတော့ 'အရှင်ရဟန်း' ဆိုပြီး ပြေပြေပြစ်ပြစ်ပြောလာတော့ နောက်ဆုံးအဆင့်က သောတာပန်တည်သွားပြီဆိုတော့ 'အရှင်ဘုရား' လို့ ရိုရိုသေသေ ခေါ်တော့တာပေါ့ကွယ်"

" ဘဘရှင်းပြတာ ကောင်းလိုက်တာ ဘဘ ရယ်"

" ရေးဟန်လေ့လာတာကို ပြန်ကောက်ရရင် ရှင်မဟာသီလဝံသရဲ့ ရေးဟန်ဟာ အကြောင်းအရာနဲ့ အရေးအသား ဘယ်လောက်လိုက်ဖက်တယ်ဆိုတာ တွေ့ရတယ်လေ။ တစ်ဖက်က အာဌဝကရဲ့ စကားသုံးခွန်း အာလုပ်စကားလို့ ခေါ်တာပေါ့။ အဲဒီစကားသုံးခွန်းကို သရုပ်ဖော်ပြီး တစ်ဖက်က အာဌဝကရဲ့ စိတ်သဘောထားပြောင်းလာပုံကို အထင်အရှား ပြတာပေါ့ကွယ်။ ဒီတော့ အာဌဝကရဲ့ စကားသုံးခွန်းကို ဘာသာစကားရှုထောင့်က သရုပ်ဖော်ပြီး အာဌဝကရဲ့ သဘောထားပြောင်းလဲလာတဲ့ စရိုက်ကို ဒီစကားသုံးခွန်းအရ တန်ဖိုးဖြတ်တာပေါ့ကွယ်"

" ဟုတ်ပါတယ် ဘဘ"

"သာမန်ပဲ ကြည့်ရင်တော့ 'ရှင်မဟာသီလဝံသ သည် အာဌဝက၏ အာလုပ်စကားများ တစ်ခုနှင့်တစ်ခု မထပ်အောင် စကားပရိယာယ် ကြွယ်ဝစွာ ရေးသားထားသည်' လို့ အကဲဖြတ်နိုင်တာပေါ့။ ဒီလောက်ပြောရုံနဲ့ မလုံလောက်ဘူးလေ။ စိတ်နေသဘောထားပြောင်းလဲမှုကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြတဲ့ စကားတွေအဖြစ် အကဲဖြတ်မှဘာသာစကားနဲ့ စာပေဆက်စပ်ပုံဟာ လေးနက်ထင်ရှားလာမှာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ကဲ...နောက်သာဓကတစ်ခုပြောရအောင်။ သမီးသိပြီးသား သာဓကပါပဲ။ လက်ဝဲသုန္ဒရ အမတ်ကြီးရဲ့ မဲဇာတောင်ခြေရတု၊ သမီးရတယ် မဟုတ်လား"

"ရပါတယ် ဘဘ"

"အမတ်ကြီး မဲဇာတောကြီးထဲရောက်သွားချိန်မှာ ရာသီဥတုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရတယ် မဟုတ်လား။ ဆီးနှင်းတွေက မိုးရွာသလိုအလွန်အမင်းကျနေတာလေ။ အမတ်ကြီးက အဲဒီအကြောင်းကို ဘယ်လိုဖွဲ့ထားသလဲ သမီး၊ ဆိုပြစမ်းပါ"

"ဟုတ်ကဲ့၊ 'သံဝါ ဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်'လို့ ဖွဲ့ထားပါတယ် ဘဘ"

"အဲဒီ အဖွဲ့မှာ ကာရန်ယူထားတဲ့ စကားလုံးတွေကို ထုတ်ပြစမ်းပါ။ 'ဖြောက်-ပေါက်-လောက်' ဆိုတဲ့စကားလုံးတွေပါ ဘဘ"

"ဟုတ်ပြီ။ အဲဒီစကားလုံးတွေကို အသံထွက်ပြီးဆိုကြည့်တော့ ဘယ်လိုထင်သလဲ။ အသံတွေက နူးညံ့သလား၊ ကြမ်းတမ်းသလား"

"ကြမ်းတမ်းပါတယ် ဘဘ"

"'ဖြောက်-ပေါက်-လောက်'ဆိုတဲ့ အသံတွေဟာ နားဝင်မချိုတဲ့အသံကြမ်းတွေ မဟုတ်လား။ ဆီးနှင်းတွေ ဗောက်ခနဲ ဗောက်ခနဲအရှိန်ပြင်းပြင်းနဲ့ကျနေတဲ့ အသံမျိုးလေ။ ဒီတော့ရေးဖွဲ့တဲ့ အကြောင်းအရာနဲ့ ရေးဖွဲ့တဲ့စကားလုံးတွေနဲ့ အင်မတန်လိုက်ဖက်ဆီလျော်တယ်လို့ ဆိုရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"စကားသံတွေကို လေ့လာကြည့်တဲ့အခါ အဲဒီ 'ဖြောက်-ပေါက်-လောက်'ဆိုတဲ့ 'က'သတ်သံတွေဟာ လည်ချောင်းထဲက အသံကြိုးကို ပိတ်ထားရာက ရုတ်တရက် ဖွင့်ထုတ်လိုက်တဲ့အတွက် အရှိန်နဲ့ပြတ်ပြတ်တောက်တောက်နဲ့ထွက်လာတဲ့ အသံတွေပေါ့ကွယ်။ 'ကသတ်၊ စသတ်၊ တသတ်၊ ပသတ်' ဆိုတဲ့ အသတ်လေးမျိုးပါတဲ့ အသံတွေဟာ အဲဒီလိုပြတ်တောက်တဲ့ သဘာဝရှိတယ်။ အဲဒီအသံတွေကို ဘာသာစကားလေ့လာတဲ့ ပညာရှင်တွေက 'သံရပ်၊ သံပြတ်'လို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"အဲဒီတော့ ပြင်းထန်တဲ့အသံနဲ့လိုက်ဖက်အောင် ပြတ်တောက်တဲ့ ရပ်သံတွေကို သုံးထားတယ်လို့ သရုပ်ဖော်နိုင်တာပေါ့ ကွယ် "

" ဟုတ်ကဲ့ပါ"

"အဲဒီလိုဆိုရင် ကွဲကွဲပြားပြားမြင်သွားအောင် ' မဲဇာတောင်ခြေ'ရတုရဲ့ အစပိုဒ်ကလေးကို ဆိုကြည့်ပါအုံး"

"ဟုတ်ကဲ့ပါ 'မဲဇာတောင်ခြေ၊ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက၊ ရွှေပြည်ကိုသာ၊ တရှာတော့မိ..."

"ရပြီ၊ ရပြီ။ အခုဒီအပိုဒ်ကလေးကို သမီးဆိုလိုက်တော့ စိတ်ထဲမှာသာယာတယ်လို့ ထင်သလား၊ ကြမ်းတမ်းတယ်လို့ ထင်သလား၊ ဘယ်လို ထင်သလဲကွယ်"

"သာယာတယ်လို့ ထင်ပါတယ် ဘဘ"

"အေး...ရေးထားတဲ့အကြောင်းက မဲဇာတောင်ခြေမှာ မဲဇာမြစ်က ရစ်ခွေစီးဆင်းနေပုံ၊ မဲဇာတောက စည်စည်ပင်ပင်နဲ့ လွမ်းစရာကောင်းလို့ နေပြည်တော်ဖြစ်တဲ့ ရွှေဘိုမြို့ကို လွမ်းဆွတ်တမ်းတမိပုံကို ဖွဲ့တာလေ"

"ဟုတ်ကဲ့ပါ"

"ကာရန်ယူထားတဲ့စာလုံးတွေကြည့်ရင် 'ဝေ-တွေ-ရေ၊ လည်-စည်-ပြည်'ဆိုတဲ့ သံလွင်လို့ ခေါ်တဲ့ သာယာတဲ့ အသံတွေနဲ့ ဖွဲ့ထားတာလေ။ မဲဇာ၏ ပတ်ဝန်းကျင်သာယာပုံကို သာယာတဲ့ အသံတွေနဲ့ ဖွဲ့ထားတာမို့ အကြောင်းအရာနဲ့ အရေးအဖွဲ့ လိုက်ဖက်တဲ့ ရေးဟန်ပေါ့ကွယ်"

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာချိုဝင်း၊ ပါမောက္ခ(ဌာနမှူး) သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်တိကျသော တွက်နည်းများနှင့်အဖြေများကို စနစ်တကျဖြေဆိုတတ်စေရန်၊ မှန်ကန်သောသင်္ချာသဘောတရားအတွေးအခေါ်အယူအဆများကို အခြေခံ၍ စနစ်တကျ တွက်ချက် ရေးသားဖြေဆိုတတ်စေရန်၊ မှားတတ်သော အမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် ဖြေဆိုရာတွင် သတိပြုရမည့် အချက်အလက်များကို သိရှိကြစေရန် ရည်ရွယ်ရေးသား ဆွေးနွေးပါမည်။

၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် မေးမြန်းခဲ့သော မေးခွန်းပုံစံအတိုင်း ဖြေဆိုကြရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက်သိနားလည်မှုတို့ကို အခြေခံသော မေးခွန်းများ ပိုမိုပါဝင်ပါမည်။ မေးထားသောမေးခွန်းများကို သေချာစွာ နားမလည်ဘဲ အဖြေကိုမှန်းဆထည့်ခြင်း၊ အကွာရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသော မေးခွန်းများ မပါဝင်ပါ။ ယခုမေးခွန်းပုံစံတွင် စဉ်းစားတွေးခေါ်မှုကိုအခြေခံသော လွယ်သင့်ခက် မျှတသောမေးခွန်းများ ပိုမိုပါဝင်မည်။ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းရရှိစေရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာ အားလုံးအပြင် သင်ခန်းစာတစ်ခုချင်းနှင့် ဆက်နွယ်သော ဥာဏ်စမ်းပုစ္ဆာများကိုလည်း တွက်ချက်လေ့ကျင့်ထားရန် အကြံပြုလိုပါသည်။ သို့မှသာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်္ချာဘာသာရပ်အထူးပြုသင်တန်းများ၊ သင်္ချာဘာသာရပ်နှင့် နီးနွယ်သောသင်တန်းများ တက်ရောက်ရာတွင် အထောက်အကူများရရှိနိုင်မည် ဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ် မေးခွန်းလွှာပုံစံကို တင်ပြပါမည်။ ယခုမေးခွန်းပုံစံတွင် Multiple Choice မေးခွန်းများ မပါဝင်တော့ပါ။ Section (A), Section (B) နှင့် Section (C) အပိုင်း (၃) ပိုင်းပါဝင်ပြီး ဖြေဆိုချိန်မှာ (၃)နာရီဖြစ်ပါသည်။ မေးခွန်းအပိုင်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး သင်ခန်းစာ အားလုံးကို လွှမ်းခြုံအောင် မေးထားသည့် မေးခွန်းလွှာဖြစ်ပါသည်။ SECTION တစ်ခုချင်းအလိုက် ရှင်းပြပါမည်။

SECTION (A) တွင် မေးခွန်း(၅) ပုဒ်မေးထားပြီး မေးခွန်းအားလုံး ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ် ဖြစ်သည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆)ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ(၄)ပုဒ် မေးမှာဖြစ်ပြီး စုစုပေါင်း အပုဒ်ခွဲ (၁၀)ပုဒ်ပါဝင်မှာ ဖြစ်သည်။ အပုဒ်ခွဲ(၁၀) ပုဒ်တွင် Chapter (4)နှင့် Chapter (9)အခန်းများမှ မေးခွန်းများ ပါဝင်ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

SECTION(B)တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ်မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ် ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၅) မှတ် ပေးထားပါသည်။ စုစုပေါင်း (၄၀) မှတ်ဖြစ်သည်။ SECTION(B)အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapter တစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ သို့သော် Chapter 1 to 7 မှ ပုစ္ဆာ များကိုသာ တွဲမေးမည်ဖြစ်ပြီး ဘာသာရပ်အခြေခံအနည်းငယ်ရှိရုံမျှဖြင့် ဖြေဆိုနိုင်သော မေးခွန်းများ ပါဝင်ပါမည်။ မေးခွန်းတစ်ခုစီတွင်ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသောအတွဲများဖြင့် တွဲ၍မေးမည် ဖြစ်သော်လည်း စဉ်းစားတွေးခေါ်မှု အနည်းငယ်သာပါဝင်သော မေးခွန်းများ ပါဝင်ပါမည်။ Chapter 1 to 7 မှ အခန်းအားလုံး ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသော မေးခွန်းများသာ ဖြစ်သည်။

SECTION (C) တွင် Chapter 8 to 12 မှ မေးခွန်း (၄) ပုဒ်မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း (၃) ပုဒ် ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍မေးမည်ဖြစ်ပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၅) မှတ် ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်သည်။ SECTION(C)အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapterတစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ မေးခွန်းတစ်ပုဒ်စီတွင် ပါဝင်သော အပုဒ်ခွဲ (a)နှင့် (b)အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် မေးမည်ဖြစ်ပါသည်။ သို့သော် သာမန်ရိုးစင်းရှင်းလင်းလွယ်ကူသော မေးခွန်း များနှင့် စဉ်းစားတွေးခေါ်မှုကိုအားပေးသော မေးခွန်းများပါဝင် ပါမည်။ ဖြေ ဆိုသူကျောင်းသားကျောင်းသူများအတွက် ဖြေဆိုမှုအခက်တွေ့စေမည့် ပညာပြမေးခွန်းများ မပါဝင်ပါ။ ကျောင်းသားကျောင်းသူများ သင်္ချာ ဘာသာရပ်ကို ကျေညက်ပြီး စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည့် မေးခွန်းများသာ ပါဝင်ပါမည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section(A)ကို မိနစ်(၅၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (B) ကို မိနစ်(၆၀)ခန့် အများဆုံး ထား၍လည်းကောင်း၊ Section (C) ကို မိနစ်(၅၀)ခန့် အများဆုံးထား၍ လည်းကောင်း လေ့ကျင့်ဖြေဆိုသင့်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ ဖြေဆိုနိုင် မှသာ ဖြေဆိုပြီးသား အဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံးမိနစ်(၂၀) ခန့် အချိန်ရပါမည်။ ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် မေးခွန်းလွှာများကို အချိန်နှင့် လေ့ကျင့်ဖြေဆိုသင့်ပါသည်။ မေးခွန်းလွှာ ကိုဖြေဆိုရာ၌ မေးခွန်းတစ်ပုဒ်စီတွင်ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဖြေဆိုချိန်ကန့်သတ်ချက်အရ ဖြေဆိုရခြင်း ကြောင့် ချက်ချင်းမဖြေဆိုနိုင်သေးသည့် ပုစ္ဆာများကို အချိန်ကုန်ခံမစဉ်းစားဘဲ ရနိုင်သည့်ပုစ္ဆာများကို ဦးစွာဖြေဆိုသင့်ပါသည်။ သို့သော် အပုဒ်ခွဲ (b) ဖြေဆိုတိုင်း (b) တစ်ခုတည်း မရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့် (b) ကိုတွဲရေးရန် လိုအပ်ပါသည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ ပုဒ်ရေထက် ပိုဖြေသော်လည်း အမှတ်ပိုရမည် မဟုတ်ပါ။ ပုဒ်ရေပိုဖြေထားခြင်းမရှိစေရန် ဖြေဆိုပြီးတိုင်း ပြန်လည်စစ်ဆေးသင့် ပါသည်။ ဖြေဆိုရာတွင် SECTION(A) ပြီးမှSECTION(B)၊ SECTION(B)ပြီးမှSECTION(C) အစဉ်လိုက်ဖြေဆိုရန် မလိုအပ်ပါ။ မိမိဖြေဆိုလိုသည့် မေးခွန်းကို နံပါတ်တပ်၍ ဖြေဆိုနိုင်ပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန် အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

Chapter (1) Functions အခန်းတွင် ဖန်ရှင်တစ်ခု၏ image, range, composition of functions, inverse function, binary operation တို့နှင့် ပတ်သက်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပုံသေနည်းများကို ကျွမ်းကျင် ပိုင်နိုင်အောင် လေ့လာထားရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာသင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ f နှင့် g ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ ရသော ဖန်ရှင်ဖြစ်သည့် composite of f and g ကို သင်္ကေတဖြင့် $g \circ f$ ဟုရေးပြီး၊ $g \circ f$ ၏ formula ကို $(g \circ f)(x) = g(f(x))$ ဟု မှန်ကန်စွာရေးတတ်ရ မည်။ သို့သော်

$(g \circ f)(x) = g(f(x)$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ပိုက်ကွင်းတစ်ခု ကျန်နေခြင်း) (သို့မဟုတ်)

$(g \circ f)(x) = g(f(x)))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ပိုက်ကွင်းတစ်ခု ပိုနေခြင်း) (သို့မဟုတ်)

$g \circ f(x) = g(f(x))$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းပိတ် ပိုက်ကွင်းနှစ်ခု ကျန်နေခြင်း) (သို့မဟုတ်)

$(g \circ f)(x) = g \circ (f(x))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် $\circ$ ပိုနေခြင်း စသည်တို့ မဖြစ်စေရန် သတိပြုရပါမည်။

အစုနှစ်ခုကြားဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one to one correspondence ဖြစ်လျှင်နှင့် ဖြစ်မှ သာလျှင် ၄င်း၏ inverse function တည်ရှိပြီး inverse function သင်္ကေတကို f^{-1} ဟုရေးသည်။ ကျောင်းသား ကျောင်းသူအများစုမှားတတ်သောအမှားမှာ f^{-1} အစား f' (သို့မဟုတ်) f^{-} သင်္ကေတများ မှားယွင်းရေးသား ခြင်းဖြစ်သည်။ ထိုသို့မဖြစ်စေရန် သတိပြုရပါ မည်။

A သည်အစုတစ်ခုဖြစ်ပြီး product set $A \times A$ ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခု $\odot$ ဖြင့် ဆက်သွယ်၍ရရှိသော image ကို သင်္ကေတ $x \odot y$ ဖြင့် ဖော်ပြလေ့ရှိသည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင်ရှိလျှင် $\odot$ ကို binary operation ဟုခေါ်သည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင်ရှိခြင်းကို closure law ပြေလည်သည် ဟုခေါ်သည်။ ဖြေဆိုသူများအတွက် နားလည်အောင်ပြောလိုသည်မှာ binary operation ဖြစ်ကြောင်းပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်းသက်သေပြရမည်။ Binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ် ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရဥပဒေသ (commutative law)နှင့် ဖက်စပ်ရဥပဒေသ (associative law)များ မှန်ကြောင်း သက်သေပြ လိုလျှင် မည်သည့်အစုဝင်တိုင်းအတွက်မဆို ဥပဒေသများ မှန်ကြောင်း သက် သေပြ ရန်လိုအပ်သည်။အစုဝင်အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသမှန် ကြောင်း သက်သေပြချက်သည် ပြီးပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိ ပြုရမည်။

Chapter (2) The Remainder Theorem and The Factor Theorem အခန်းတွင် Remainder Theorem နှင့် Factor Theorem ပါဝင်ပြီး x ပါဝင်သော polynomial များကို f(x), g(x), h(x), . . . စသည့် သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။ ဖြေဆိုသူအချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာပုစ္ဆာများကို ဖြေဆိုရာတွင် မေးထားသောမေးခွန်းကို သေချာစွာ မဖတ်ဘဲ ဖြေဆိုခြင်းကြောင့် အဖြေများ လိုနေခြင်း၊ ပိုနေခြင်းများ တွေ့ရပါသည်။

ဥပမာ။ Find the remainder when the polynomial $x^3 + 2x - 3$ is divided by $x - 1$.

အထက်ပါ ပုစ္ဆာ၏ အဖြေမှာ

Let $f(x) = x^3 + 2x - 3$.

When f(x) is divided by $x - 1$, the remainder = f(1)

$= 1 + 2 - 3 = 0$.

အထက်ပါဖြေဆိုခြင်းအတွက် ရှင်းပြလိုသည်မှာ မေးထားသောမေးခွန်း တွင် Find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder = f(1) အချက်သည် ပါဝင်ရမည်ဖြစ်ပါသည်။ အလားတူ find the factors, find the other factor, solve the equation နှင့် factorize the polynomial completely စသည့် မေးခွန်းများကိုလည်း ဖြေဆိုမှု မှန်ကန်အောင် သေချာစွာနားလည်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင် ရလာသော factor များ၏ မြှောက်ခြင်းဌာသာ ဖြေဆိုမှုကို အဆုံးသတ် ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းသည် မေးထားသောမေးခွန်းကို နား မလည်ရာ ရောက်ပါသည်။ အလားတူ find the other factors ဟု မေးထား သော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ရေးသား ဖော်ပြရမှာဖြစ်ပြီး၊ factor အားလုံးကို ရေးသားဖော်ပြရန် မလိုအပ်ပါ။

Chapter (3) The Binomial Theorem အခန်းမှာ Binomial Expansion ကို ကျွမ်းကျင်ရန် လိုအပ်ပါသည်။ Binomial Theorem အရ ကောင်းစွာ အကျယ်ဖွင့်တတ်ရမှာဖြစ်ပြီး the general term (သို့မဟုတ်) $(r + 1)^{th}$ term formula ကို သိထားရပါမည်။

ဥပမာ $(2x - y)^{13}$ အကျယ်ဖွင့်မှ $(r + 1)$ အကြိမ်မြောက်ကိန်းကို ရေးသားရာတွင်

$(r + 1)^{th}$ term = ${}^{13}C_r (2x)^{13-r}(-y)^r$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရန် လိုအပ်သည်။ သို့သော် $(r + 1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ

$(2x - y)^{13}$ = ${}^{13}C_r (2x)^{13-r}(-y)^r$ ဟု ရေးသားခြင်း(သို့မဟုတ်)

$(r + 1)^{th}$ term = ${}^{13}C_r (2x)^{13-r} - y^r$ ဟု ညီမျှခြင်း လက်ယာဘက်တွင် "– y" ကို ဝိုက်ကွင်းမခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရပါမည်။ အကယ်၍ $(2x - y)^{13}$ ကို ပထမကိန်သုံးလုံး အကျယ်ဖွင့်ပုံစံဖြင့် ရေးမည်ဆိုလျှင် $(2x - y)^{13} = {}^{13}C_0 (2x)^{13} + {}^{13}C_1 (2x)^{12}(-y) + {}^{13}C_2 (2x)^{11}(-y)^2 + \cdots$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် $(2x - y)^{13}$ ၏ ပထမကိန်းသုံးလုံး အကျယ်ဖွင့်ကို

$(2x - y)^{13} = {}^{13}C_0 (2x)^{13} + {}^{13}C_1 (2x)^{12}(-y) + {}^{13}C_2 (2x)^{11}(-y)^2$ ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်း ကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံလုံလောက်မှုမရှိပါ။ အကျယ်ဖွင့်တွင် ပါဝင်သော "…" ၏ သဘောမှာ ပထမကိန်းသုံးလုံး၏နောက်တွင် လက်ကျန်ကိန်းများ ရှိနေသေးသည်သဘော ကို ဆောင်ပါသည်။ ထို့အပြင် find the coefficient of x^2 ဟု မေးထားသော မေးခွန်းကို ဖြေဆိုမည်ဆိုလျှင် မြှောက်ဖော်ကိန်းဆိုသည့်စကားလုံး ပါဝင်ခြင်း ကြောင့် အဖြေတွင် x^2 မပါဝင်ရန် လိုအပ်ပါသည်။ အလားတူ find the term independent of x, find the constant term, find the coefficient of x^0 စသည့် မေးခွန်းများကို ဖြေဆိုရာတွင်လည်း အဖြေ၌ ကိန်းရှင် "x" မပါဝင်ရန် လိုအပ်ပါသည်။

ဥပမာ။ Find the term in x^2 and the term independent of x in the expansion of $(2 + 3x)^5$.

ပထမဦးစွာ $(2 + 3x)^5$ ကို x^2 ပါဝင်သော ကိန်းတန်းရသည်အထိ အောက်ပါ အတိုင်း အကျယ်ဖွင့်ပါမည်။

$(2 + 3x)^5 = 2^5 + 5 \cdot 2^4(3x) + 10 \cdot 2^3(3x)^2 + \ldots$

$= 32 + 240x + 720x^2 + \ldots$

$\therefore$ the term in $x^2 = 720x^2$ (အဖြေတွင် x^2 ပါဝင်ရန် လိုအပ်ပါသည်။)

$\therefore$ the term independent of x = 32 (အဖြေတွင် x မပါဝင်ရန် လိုအပ် ပါသည်။)

Chapter (4) Inequations အခန်းမှာ x ပါဝင်သော နှစ်ထပ်ကိန်းမညီမျှခြင်း (quadratic inequation) များ၏ solution set ကို method နှစ်ခုဖြင့် ဖြေရှင်းခြင်း ဖြစ်သည်။ မေးခွန်းတွင် သတ်မှတ်ထားသော method ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ graphical method ကို အသုံးပြု၍တွက်ပါဟု မေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးထားသောမေးခွန်းကို graphical method အသုံးပြု၍တွက်လျှင် မေးခွန်း တွင်ပါဝင်သော သတ်မှတ်ချက်ကို ဆန့်ကျင်ရာရောက်ပါသည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဆိုသည့် သတ်မှတ်ချက်မပါလျှင် ကြိုက်နှစ်သက်ရာ method ကို အသုံးပြု၍ တွက်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် method နှစ်ခုလုံးဖြင့် တွက်တတ်အောင် လေ့ကျင့် ထားသင့်သည်။ algebraic method ကို အသုံးပြု၍ပုစ္ဆာများဖြေရှင်းရာတွင် and နှင့် or ကို သူ့နေရာနှင့်သူ သေချာစွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ကို အသုံးပြု၍ ပုစ္ဆာများဖြေရှင်းရာတွင် မျဉ်းကွေးပုံကို သတ်မှတ်ချက် ပြည့်စုံအောင် ဆွဲသားရန်လိုအပ်ပါသည်။

Chapter (5) Sequences and Series အခန်းမှာ A.P., G.P. တို့နှင့် ပတ်သက်သော n^{th} term formula, A.M. formula, G.M. formula, sum of the first n terms formula နှင့် G.P. တစ်ခု၏ sum to infinity formula များ သိထားရန်လိုအပ်ပါသည်။ ဖြေဆိုသူအများစုမှာ ပုံသေနည်းများကို သေချာစွာမသိဘဲ မှားယွင်းစွာ အသုံးပြုတတ်ပါသည်။ သင်္ကေတများကိုလည်း ကိုယ့်သဘောနှင့်ကိုယ် ပြုပြင်မရေးမိစေရန် သတိထားရပါမည်။ ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ်ပုံသေနည်း $S_n = \frac{n}{2}\{2a + (n-1)d\}$ ဟုရေးပြီး နောက်တစ်ကြောင်းတွင် $= \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "S_8" မပါဘဲရေး ခြင်း) (သို့မဟုတ်)

$S_n = \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "S_8" အစား "S_n" ဟုရေးခြင်း)

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

စသည်တို့မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

Chapter (6) Matrices အခန်းတွင် matrix နှစ်ခုတူညီခြင်း၊ အခြေခံလုပ်ထုံးများ ဖြစ်သော matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့် မြှောက်ခြင်း၊ matrix နှစ်ခုမြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာတတ်ထားရပါမည်။ order 2×2 ရှိသော matrix တစ်ခု A ၏ determinant of A = 0 ဖြစ်လျှင် A ကို singular matrix ဟုခေါ်ပြီး A^{-1} မရှိပါ။ အကယ်၍ determinant of A ≠ 0 ဖြစ်လျှင် A ကို nonsingular matrix ဟုခေါ်ပြီး A^{-1} ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2×2 ရှိသော matrix တစ်ခု၏ inverse ကို ရှာတတ်ရမှာဖြစ်ပြီး inverse matrix ကို အသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာဖြစ်ပါသည်။ ထို့အပြင် transpose matrix of A ကို " A' " နှင့် inverse matrix of A ကို " A^{-1} " ဟု မှန်ကန်စွာရေးသားရမည်။

Chapter (7) Introduction to Probability အခန်းတွင် ဖြစ်ရပ်တစ်ခု၏ ဖြစ်နိုင်စွမ်း (probability of an event) ကို တွက်ချက်နိုင်ရန် random experiment ၏ possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော event တစ်ခု၏ favourable outcomes အရေအတွက်ကို လည်းရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ် A အတွက်မဆို ဖြစ်နိုင်စွမ်းတန်ဖိုး P(A) သည် 0 ≤ P(A) ≤ 1 ဖြစ်သည်ကို မှတ်သားထားရမည်။ ထို့ပြင် ဖြစ်ရပ် A မဖြစ်သော ဖြစ်နိုင်စွမ်း P(not A) = 1 – P(A) ဖြစ်ကြောင်းကိုလည်း သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍သော်လည်းကောင်း၊ table (ဇယား) တည်ဆောက်၍ သော်လည်းကောင်း ရှာယူတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက်ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ Mutually exclusive events နှင့် independent events များအကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံးမဖြစ်နိုင်သောဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တွင် ဘုံပါဝင်သော outcomes မရှိလျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို mutually exclusive events ဟုခေါ်ပြီး P(A or B) = P(A) + P(B) ဟုရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံး ဖြစ်နိုင်သောဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့သည် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို independent events ဟုခေါ်ပြီး P(A and B) = P(A) × P(B) ဟုရေးသည်။ အထူးသဖြင့် ကျောင်းသားကျောင်းသူအများစုမှာ မေးထားသော probability ပုစ္ဆာများ၏ အဖြေကိုစဉ်းစားရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းစွာ ဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်ချက်စေလိုပါသည်။

Chapter (8) Circles အခန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သောသီအိုရမ်များ(Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကိုဖော်ပြသော သီအိုရမ်များ(Theorem 5 မှ Theorem 6 ထိ)၊ တတိယအပိုင်းတွင် concyclic points နှင့် concyclic သီအိုရမ်များ(Theorem 7, Theorem 9, Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံပါရမည် ဖြစ်ပြီး ဆွဲသားထားသောပုံသည် မှန်ကန်ရန် လိုအပ်ပါသည်။ အသုံးပြုသော ထောင့်သင်္ကေတများကိုလည်း ဆွဲသားသောပုံတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သက်သေပြရာတွင် သင်ကြားပေးထားသည့်အတိုင်း အလွတ်ကျက်မှတ်ဖြေဆိုခြင်းများကို ရှောင်သင့်ပါသည်။ မေးထားသောပုစ္ဆာ၏ အဖြေအား စဉ်းစားသည့်အခါ မည်သည့်သီအိုရမ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်ဟု ကြံဆတွေးတောနိုင်ရမည်။ သို့မှသာ geometry ပုစ္ဆာများကို ကြောက်ရွံ့မှုမရှိစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

Chapter (9) Areas of Similar Triangles အခန်းတွင် နဝမတန်းတွင် သင်ကြားခဲ့ရသည့် တြိဂံနှစ်ခုသဏ္ဌာန်တူခြင်းဆိုင်ရာ သီအိုရမ်များကို ပြန်လည်သိထားရန် လိုအပ်ပါသည်။ ယခုအတန်းတွင် သဏ္ဌာန်တူ တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသောအချက်များ သိထားရပါမည်။ ထို့အပြင် သဏ္ဌာန်တူတြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် ပတ်လည်အနားများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသော အချက်ကိုလည်း သိထားရပါမည်။

ထို့အပြင် statement များဖြစ်သည့်

(က) အခြေ(အမြင့်)တူသော အနားပြိုင်စတုဂံနှစ်ခု၏ ဧရိယာများ အချိုးသည် လိုက်ဖက်အမြင့် (လိုက်ဖက်အခြေ)မျဉ်းများနှင့် အချိုးတူသည်။

(ခ) အခြေ(အမြင့်)တူသော တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အမြင့် (လိုက်ဖက်အခြေ) မျဉ်းများနှင့် အချိုးတူသည် ဆိုသည့်အချက်များ လည်း သိထားရန်လိုအပ်ပါသည်။

တြိဂံနှစ်ခု သဏ္ဌာန်တူကြောင်း သက်သေပြပြီးတိုင်း မည်သည့်သီအိုရမ် မည်သည့်ကော်ရော်လာရီအရ သဏ္ဌာန်တူသည်ကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ သဏ္ဌာန်တူခြင်းသင်္ကေတ "~"နှင့် ထပ်တူညီခြင်းသင်္ကေတ "≅" များ မှားယွင်းစွာ ဖော်ပြခြင်း မပြုမိစေရန် သတိပြုရပါမည်။

Chapter (10) Introduction to Vectors and Transformation Geometry အခန်းတွင် geometric vector များ၏ပေါင်းခြင်း၊ နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်း စသည့်အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional များအကြောင်းကိုလည်း သိထားသင့်ပါသည်။ transformation geometry ဆိုင်ရာ matrix များ ဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များ ကိုလည်း မှတ်သားထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် ဗက်တာသင်္ကေတမြား"⟶" မကျန်စေရန် သတိပြုရမည်။

Chapter (11) Trigonometry အခန်းတွင် နဝမတန်းတွင် သင်ကြားခဲ့ရသည့် ထောင့်မှန်တြိဂံတစ်ခုအတွင်းရှိ ထောင့်ကျဉ်းတစ်ခုမှရသော အခြေခံအချိုး(၆)ချိုးနှင့် အထူးထောင့်များဖြစ်သော 30°, 45°, 60° စသည်တို့၏ trigonometric ratio များကိုလည်း မှတ်ထားရမည်။ ထို့ပြင် general angle formulae, compound angle formulae, double angle formulae, half angle formulae, factor formulae စသည်များကိုလည်း သိထားသင့်ပါသည်။ သို့မှသာ ၎င်း formula ကို အသုံးပြု၍ trigonometric equation, trigonometric identity များကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ law of sines နှင့် law of cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်နှင့် လိုအပ်သောအနားများကို ရှာတတ်ရန်လည်း လိုအပ်ပါသည်။ အကြံပြုလိုသည်မှာ law of sines ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်များ ရှာရာတွင် အငယ်ဆုံးထောင့်မှစ၍ ရှာသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှာသော ထောင့်သည် ထောင့်ကျယ်ဖြစ်နေသော်လည်း law of sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာရလာပြီး ဖြေဆိုသူအနေနှင့် အမှန်ဟုယူဆ တတ်ပါသည်။ ဧည့်ထောင့်ပါသော ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောပုံ ပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့်တွက်ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ်သင်္ကေတများ မကျန်စေရန် သတိပြုပါ။

Chapter (12) Calculus အခန်းမှာ ပထမဦးစွာ ကျောင်းသားကျောင်းသူအများစု limit ရှာသောပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံလိုအပ်ချက်ကို တင်ပြပါမည်။ ဥပမာ Calculate $\lim_{x\to\infty}\frac{2x}{3x+4}$. ပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$=\frac{2}{3+0} \quad -----(*)$$

$$=\frac{2}{3}$$ ဟု မှန်ကန်စွာ ဖြေဆိုရမည်။ (*)ပြထားသော အဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော "0"သည် $\lim_{x\to\infty}\frac{4}{x}=0$ ဆိုသည့်အဓိပ္ပာယ်ဆောင်သည်။ ထို့ကြောင့် $\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}=\frac{2}{3}$ ဟု ဖြေဆိုခြင်းနှင့် $\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}=\lim_{x\to\infty}\frac{2}{3}$ ဟု ဖြေဆိုခြင်းများ မရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏တန်ဖိုးသေးငယ်သော ပြောင်းလဲမှုပမာဏကို ဖော်ပြသည့် "δx" ကို δ နှင့် x မြှောက်ထားခြင်းဟု ယူဆပြီး၊ $(\delta x)^2 = \delta^2x^2$ နှင့် $2x\delta x = 2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်ပါသည်။ ဖြေဆိုသူများအနေဖြင့် some particular derived functions, trigonometric functions, logarithm functions နှင့် exponential functions တို့၏ derivative formula များကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့် ဆိုင်သော ပုစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်ပါသည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့်အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- ပြန်လည်စစ်ဆေးချိန်ပိုမိုရရှိအောင် မေးခွန်းလွှာများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုရန်
- သရုံ့သင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသော အဆင့်များမကျန်ရန်
- မေးခွန်းတွင်အသုံးပြုရမည့် တွက်နည်းသတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- ခန့်မှန်းမေးခွန်းများကိုသာ ရွေးချယ်လေ့ကျင့် ဖြေဆိုခြင်းများ မပြုလုပ်ရန်
- သတ်မှတ်ထားသော ပုဒ်ရေထက်ပို၍ မဖြေဆိုမိစေရန်
- အခန်းတစ်ခုချင်းစီတွင် ပါဝင်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သရုံ့သဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန် တို့ဖြစ်သည်။

ယခုဆွေးနွေးခဲ့သော သိကောင်းစရာများနှင့်အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ သရုံ့ဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့်အတူ ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် အောင်မြင်မှုများရရှိပါစေဟု ဆန္ဒပြုရင်း သရုံ့ဘာသာရပ် သိကောင်းစရာများ ဆွေးနွေးပို့ချခြင်းကို ရပ်နားအပ်ပါသည်။ ။

MRTV Channel အား HD စနစ်ဖြင့် ပုံမှန်ထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံအရည်အသွေးပိုမိုကြည်လင်စွာကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ဖြင့်ပါ (၁၅-၁-၂၀၂၀) ရက်နေ့မှစတင် စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး (၁၅-၂-၂၀၂၀) ရက်နေ့မှ စတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပုံမှန်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်းဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်းဆက်လက် ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်ကိုကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည် ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက
Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
Menu ⟶ Channel Search ⟶ Auto Search ⟶ OK

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက
Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။
ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် (DTV+ ATV) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
Menu ⟶ Channel ⟶ Tuner Type ⟶ Antenna
Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV)
Start ⟶ OK

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက်
Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။
Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည်-

(1) MRTV HD	(12) MNTV
(2) MRTV Hluttaw	(13) Channel-9
(3) MRTV NRC	(14) Mizzima
(4) MRTV Farmer	(15) DVB
(5) MRTV Sport	(16) Channel K
(6) MITV	(17) YTV
(7) EDU	(18) Fortune TV
(8) MRTV Entertainment	(19) Myanma Radio
(9) MRTV-4	(20) Upper Tineyinthar
(10) Channel-7	(21) Lower Tineyinthar
(11) 5 Plus	

၆။ ဒီဂျစ်တယ်ရုပ်သံလိုင်းများအားဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ အထက်ပါအစီအစဉ်များအတိုင်းရရှိရန် Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာ ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀
(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဖောင်းပြင်၊ ဖယ်ခုံနှင့် မိုးနဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၃ နာရီခွဲက ဖောင်းပြင်မြို့နယ် မှန်ပင်ကျေးရွာအုပ်စု ဟော်ဇောင်းကျေးရွာ အနီးတွင် ကျော်ဇင်လင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် သိန်း ၁၇၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ သုည ဒသမ ၇၇ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ယင်းနေရာတွင် ညီညီဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ဟက်ကွီဆည်အနီး လမ်းပေါ်၌ စစ်ဆေးရေးပြုလုပ်နေစဉ် စစ်ဆေးသည့်နေရာနှင့် ကိုက် ၂၀၀ ခန့်အကွာတွင် ဆိုင်ကယ်တစ်စီးမှာ နောက်ပြန်လှည့်ပြေးသွားပြီး ၎င်းဆိုင်ကယ်ပေါ်မှ အထုပ်တစ်ထုပ် ပြုတ်ကျခဲ့သဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းစိမ်း ၁၂ ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၉ နာရီခွဲက မူးယစ်ဆေးဝါတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့နယ် မိုင်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာအနီး နမ့်စန်-မိုးနဲသွားကားလမ်းတွင် စိုင်းစံသိန်း (ဝဲပုံ) မောင်းနှင်လာသည့် Tiger အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဆေးခြောက် ၈၅ ကီလို ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ဗဟန်းမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် သူရသတီလမ်း အမှတ် (၃၆/ က) နေ တရားလိုဦး---သည် ဖေဖော်ဝါရီ ၉ ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အမှတ်(၈၀/ က) သံလွင်လမ်းရှိ ပဏ္ဍိတာရာမသာသနာ့ရိပ်သာ ပြည့်ဝအမျိုးသားယောဂီဆောင် အခန်းအတွင်းရှိ ဖုန်းတစ်လုံးနှင့် လွယ်အိတ်အတွင်းမှ အမေရိကန်ဒေါ်လာ ၃၅၅၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၁၆၅၂၅၀ တို့မှာ ပျောက်ဆုံးနေသောကြောင့် ခိုးယူသူအား အရေးယူပေးပါရန် ဗဟန်းမြို့မ ရဲစခန်းသို့ အမှုဖွင့် တိုင်တန်းခဲ့သည်။

အဆိုပါအမှုအား ရဲတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ဘုန်းကြီးကျောင်းများသို့ လှည့်လည်သွားလာ၍ အလျှံခံလေ့ရှိသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက် ရဲကျော်သူရလမ်းနေ ဇော်နိုင်ဦးအား မသင်္ကာသဖြင့် သွားရောက်ရှာဖွေခဲ့သည်။ ၎င်းအား ဖေဖော်ဝါရီ ၁၅ ရက်က ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးရာ ခိုးယူရရှိသည့် ဖုန်းတစ်လုံးကို ကျော်သီဟဝင်းထွန့်(ခ)သီဟ(ခ)အလတ်ကောင် အသုံးပြုရန် ပေးအပ်ခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာများကိုလည်း ၎င်းထံရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျော်သီဟဝင်းထွန့်(ခ)သီဟ(ခ)အလတ်ကောင်ကို ၎င်းနေထိုင်သည့် ကမာရွတ်မြို့နယ် (၂)ရပ်ကွက် မြကန်သာအိမ်ရာ တိုက်(၈) အခန်း(၂)၌ သွားရောက် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူနှစ်ဦးထံမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ၎င်းတို့ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

ငပလီမြို့ ပုလဲကျွန်းတွင် ဝေလငါးတစ်ကောင် ကမ်းတင်သေဆုံး

ငပလီ ဖေဖော်ဝါရီ ၂၁

သံတွဲခရိုင် ငပလီမြို့ ဂျိတ္တောရပ်ကွက် ပုလဲကျွန်းအနီး ရေမိုင်နှစ်မိုင်ခန့် အကွာတွင် ဖေဖော်ဝါရီ ၂၀ ရက် ည ၉ နာရီတွင် ဒေသအခေါ် (မဂန်း) ဝေလငါးကြီးတစ်ကောင် ပုပ်ပွသေဆုံး၍ ပင်လယ်အတွင်း မျောပါလာကြောင်း ကမ်းနီးကမ်းဝေး ရေလုပ်သားများ၏ ပြောကြားချက်အရ သိရသည်။ **(အပေါ်ပုံ)**

အဆိုပါနေရာသို့ သံတွဲခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆိုပါဝေလငါးမှာ ကမ်းတင်နေခြင်းမရှိဘဲ ပင်လယ်ပြင်မှ ပုလဲကျွန်းအနောက်မြောက်ဘက်သို့ ရွှေ့လျားနေကြောင်း၊ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် အဖွဲ့ဝင်များနှင့် ထပ်မံသွားရောက်ကြည့်ရှုစစ်ဆေးရာ ယင်းဝေလငါးမှာ ပုလဲကျွန်း အနောက်မြောက်ဘက် ကျောက်ဆောင်ကြားတွင် တင်နေကြောင်း၊ ထိုဝေလငါးသည် အလျား ၄၀-၄၅ ပေခန့်ရှိပြီး လုံးပတ် ပေ ၃၀ ခန့်ရှိပြီး ကျောက်ကြားတွင် ပုပ်ပွသေဆုံးနေကြောင်း သိရသည်။

ရန်ဗြိမ်း(ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၂၀ (စနေနေ့)

နံနက်ပိုင်း

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၉:၁၀ – "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဆရာတော်၊ ဘဒ္ဒန္တဥာဏဝံသ (ဓမ္မာစရိယ) ခင်ပိုင်းကျောင်း၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း ဒေသကြီးထံမှ နဝဂ် ဥပေါသထသီလ ခံယူ ဆောက်တည်ခြင်း
- ၁၀:၃၀ – လုံမမှတ်စု (၁၂۷)

ညပိုင်း

- ၁၅:၁၅ – MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Yangon United FC Vs Shan United FC)
- ၁၇:၃၀ – "ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်"
- ၁၈:၂၀ – MRTV Travelogue (သဘာဝ ရဲ့အလှတရားများဆီသို့) (အပိုင်း-၉)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ
- ၂၀:၃၅ – "ရာဇဝင်ထဲက သမိုင်းအနုပညာ "သမိုင်းထဲမှ မက္ခရာ" (အပိုင်း-၂) (ခေတ်အဆက်ဆက် မက္ခရာ)
- – မြန်မာဗီဒီယိုဇာတ်လမ်း "အမြဲကြည့်နေတယ်" ကျော်ဟိန်း၊ စိုးမြတ်သူဇာ ဒါရိုက်တာ-ကုသိုလ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ် ငါးလုံးမီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၇) ရပ်ကွက် ဒုဌ၀တီ (၄)လမ်းရှိ ဒေါ်ခိုင်ဇင်ထွေး၏နေအိမ်တွင် ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်မီးလောင်ပြီး နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး (လက်ထောက် ညွှန်ကြားရေးမှူး) ဦးကိုကို ဦးစီး၍ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ကိုကြီးစိုး(ဆိပ်ကမ်း)

မတ္တရာမြို့နယ်တွင် မီးခြစ်ဖြင့်ဆော့ကစားရာမှ နေအိမ်တစ်လုံး မီးလောင်

မတ္တရာ ဖေဖော်ဝါရီ ၂၁

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သမင်တွင်းကျေးရွာအုပ်စု သာစည်တောင်ရွာတွင် ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီခန့်က သုံးနှစ်အရွယ် ကလေးတစ်ဦး မီးခြစ်ဖြင့် ဆော့ကစားရာမှ နေအိမ်ထရံသို့ ကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နေအိမ်ပိုင်ရှင် ကိုဆန်းကို၏ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အခြားနေအိမ်များသို့ ကူးစက်လောင်ခြင်းမရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

အင်းစိန်မြို့နယ်၌ ငွေကျပ် ၁၆၅ သိန်း ခိုးယူသူအား ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တည်ငြိမ်ကုန်းရပ်ကွက် တည်ငြိမ်ကုန်းစျေးသစ် စျေးရုံ(၂)ရှိ ဒေါ်ငြိမ်းငြိမ်းတူး၏ ငွေကျပ် ၁၆၅ သိန်းပါ ငွေထုပ်ကိုခိုးယူသွားသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုဖွင့်တိုင်တန်း

ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁နာရီခွဲခန့်က ဒေါ်ငြိမ်းငြိမ်းတူးသည် ၎င်း၏ Wave Money ဆိုင်မှ ငွေကျပ် ၁၆၅ သိန်းပါ ငွေထုပ်အား ငွေလွှဲစားပွဲကောင်တာအောက်တွင် သိမ်းဆည်းထားခဲ့ပြီး စျေးထဲတွင် ငွေလွှဲပိုက်ဆံယူရန် သွားရောက်စဉ် အဆိုပါငွေထုပ်မှာ ပျောက်ဆုံးသွားသဖြင့် အရေးယူပေးပါရန် အင်းစိန်မြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခြင်းဖြစ်သည်။

အရေးယူဆောင်ရွက်

အဆိုပါအမှုအား အင်းစိန်မြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ဇာမဲဖုန်ရမ် ဦးစီးအဖွဲ့က စုံစမ်းခဲ့ရာ စီစီတီဗီမှတ်တမ်းအရ မသင်္ကာသူ နုနုထွေးအား ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် သာယာဝတီတိုးဂိတ်၌ တာဝန်ကျ ဒုရဲအုပ်အောင်ဖြိုးဦးနှင့် ပူးပေါင်းအဖွဲ့က ခိုးယူသွားသော ငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဥာဏ်လင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃၃)ရပ်ကွက် ဓမ္မာရုံတွင် "လူကုန်ကူးမှုအန္တရာယ် ပူးပေါင်းကာကွယ်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်ခဲ့ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ မြို့နယ်ဥပဒေအရာရှိ ဦးခိုင်မင်းဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှလှထွေး၊ စာရေးဆရာမ ပေါက်ပေါက်နှင့်အတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုလွင်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအကြောင်း အသိပညာပေးခြင်းကို အလှည့်ကျဆွေးနွေးခဲ့ကြရာ အထက(၅)မှ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD)၏ ရန်ပုံ ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် "အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုး တက်ရေး စီမံကိန်း (Western States Agribusiness Project-WSAP)"တွင် ၂၀၁၉- ၂၀၂၀ဘဏ္ဍာရေးနှစ်အတွင်း မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်များတွင် ရေပေးရေး လုပ်ငန်း (၈)ခု ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ဖိတ်ခေါ် ကြေညာအပ်ပါသည်။

- (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)
- (ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၄-၃-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၉:၀၀နာရီ
- (ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၃-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ
- (ဃ) **တင်ဒါဖွင့်မည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောင်မေတ္တာ(ဃ)ရပ်ကွက်၊ ဘိုးရတနာဇက်ဆိပ်လမ်း၊ မကွေးမြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၆၃-၂၈၃၆၈၊ ၀၆၃-၂၈၃၆၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ရော၀တီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ သိုလှောင် ရုံ(၁၁)လုံး၊ ဝန်ထမ်းအိမ်ရာ(၅) လုံး၊ ခတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ခြံစည်းရိုး(၁၂၅၅')တို့အား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် (မြေမပါ)ထုခွဲ ရောင်းချမည်ဖြစ်ပါသည်။

- Lot(1) (က) ရေကြည်မြို့နယ်၊ အသုတ်မြို့ရှိ သိုလှောင်ရုံ(၁)လုံး၊ ဝန်ထမ်းအိမ်ရာ (၅)လုံး၊ ခတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ထရန်စဖော်မာ(100 KVA)၊ အုတ်တံတိုင်း(၁၂၅၅')
- Lot(2) (ခ) ဟသ်ာတမြို့နယ်၊ ကျောင်းကွင်းရပ်ကွက်ရှိ ADB-၁ သိုလှောင်ရုံ(၁)လုံး
- Lot(3) (ဂ) ဟသ်ာတမြို့နယ်၊ သုံးပင်ကွင်းကျေးရွာရှိ ADB-၄ သိုလှောင်ရုံ(၁)လုံး
- Lot(4) (ဃ) ဟသ်ာတမြို့နယ်၊ ရှားခဲကျေးရွာရှိ ADB-၂ သိုလှောင်ရုံ(၁)လုံး
- Lot(5) (င) ကျောင်းကုန်းမြို့နယ်၊ ဒေါင့်ကြီးကျေးရွာရှိ မြ-၇၊ ၈၊ ၉၊ ၁၀၊ သိုလှောင်ရုံ(၄)လုံး
- Lot(6) (စ) အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ရှိ မြ-၃၊ ၄သိုလှောင်ရုံ(၂)လုံး
- Lot(7) (ဆ) ဓနုဖြူမြို့နယ်၊ ခနောင်ရိုက်ကျေးရွာရှိ မြ-၁၅ သိုလှောင်ရုံ(၁)လုံး

- ၂။ **တင်ဒါရောင်းချမည့်ရက်/အချိန်** - ၂၄-၂-၂၀၂၀ရက်မှ ၂၃-၃-၂၀၂၀ရက်ထိ ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ
- ၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရော၀တီတိုင်းဒေသကြီး၊ ပုသိမ်မြို့
- ၄။ **Deposit ပေးသွင်းနိုင်သည့်ဘဏ်များ** - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
- ၅။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်** - ၂၄-၃-၂၀၂၀ရက်မှ ၂၅-၃-၂၀၂၀ရက်ထိ
- P.O Cheque တင်ပြရမည့်ရက်/နေရာ - ရုံးအမှတ်(၅၂)၊ နေပြည်တော်
- **တင်ဒါတင်သွင်းရမည့်ရက်/နေရာ** - ၂၆-၃-၂၀၂၀ရက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်
- **တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း** - ၂၆-၃-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၆။ အဆိုပါ သိုလှောင်ရုံ(၁၁)လုံး၊ ဝန်ထမ်းအိမ်ရာ(၅)လုံး၊ ခတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ခြံစည်းရိုး(၁၂၅၅')တို့၏ မျက်မြင်အခြေအနေ အားသက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၂-၂၄၅၂၃၊ ၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော့်အနေဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/ ကမရ(နိုင်)၀၄၈၀၂၉ အား ၅-၅-၂၀၁၄ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၈၈၅/ ၂၀၁၄ ဖြင့် ကန်ထရိုက် တိုက်ဆောက်လုပ်ရန်အတွက် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်စန်းမြင့်သည် တာဝန်ဝတ္တရား များပျက်ကွက်နေသောကြောင့် အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဘကျော် ၁၂/ မရက(နိုင်)၁၂၄၃၅၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ္ဒဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၄၄၇

ဦးမြင့်အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ပွင့်သူဇာ) **နှင့်** ၁။ ဦးတင်စိုး ၂။ ဒေါ်ခင်ကြူအေး

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးကျေးရွာ၊ စိမ်းသရဖူလမ်း၊ အမှတ် ၆၇၁နေ (၁)တရား ပြိုင် ဦးတင်စိုးနှင့်(၂) တရားပြိုင် ဒေါ်ခင်ကြူအေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ယုံကြည်အပ်နှံထားသည့် ငွေကျပ် ၅၀၀၀၀၀၀/- (ကျပ်သိန်းငါးဆယ်တိတိ)၊ နစ်နာကြေး ငွေကျပ် ၅၅၀၀၀၀၀/(ကျပ်ငါးဆယ့်ငါးသိန်းတိတိ) စုစုပေါင်းငွေကျပ် ၁၀၅၀၀၀၀၀/-(ကျပ်တစ်ရာ့ငါးသိန်းတိတိ)အား ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်နွယ်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် မြတ်ကြီး ဆီမီး(၉၀၀၀) ဓမ္မာရုံအနောက်ကျောဘက်နှင့် ဂေါပက ရုံးအနောက်ဘက်(၂)နေရာတို့၌ အမျိုးသား သန့်စင်ခန်းနှင့် အမျိုးသမီးသန့်စင်ခန်းများကို ဆောက်လုပ်နိုင်ရေးအတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

- (က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၁၇-၂-၂၀၂၀ရက်မှ ၆-၃-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - သထုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သထုံမြို့
- **တင်ဒါဖွင့်မည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၅၇-၄၀၄၃၁

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) မော်လမြိုင်ခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၂၄၄

ဒေါ်ရီရီချို **နှင့်** ၁။ မဥမ္မာ ၂။ မသွယ်သွယ်အေး ၃။ မအေးအေးသွယ်

တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်သဲကျေးရွာနေ တရားပြိုင် မဥမ္မာ၊ မသွယ်သွယ်အေး ၊ မအေးအေးသွယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ရီရီချိုက ချေးငွေ ကျပ် ၁၇၀၀၀၀၀၀/-ငွေကျပ် သိန်းတစ်ရာ့ခုနစ်ဆယ်)တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် မတ် ၂၀ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စောမြတ်နွယ်)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂K)၊ မြေကွက်အမှတ် (ပဥ္စမတန်း စား-၂၇)၊ ဧရိယာ ၀ဒသမ၀၂၆၈ဧ၊ မြေကွက်တည်နေရာအမှတ် ၅၉၊ (၉၂) လမ်း၊ကန်/တောင်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်{ဒေါ်ကျင်ယုံ(စီအိုင်-၀၃၆၀၀၄)} အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်ယုံ(မိခင်)နှင့် ဦးမင်းလွင် (ဖခင်) တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးမျိုးလွင် ၁၂/မဂတ(နိုင်) ၀၆၈၂၆၁၊ ဒေါ်ကျင်မွေး ၁၂/မဂတ(နိုင်)၀၆၃၀၉၉၊ ဦးပြုံးချို ၁၂/မဂတ(နိုင်)၀၆၅၄၁၃၊ ဒေါ်ကျင်အေး ၁၂/မဂတ(နိုင်)၀၄၈၈၈၂၊ ဒေါ်ကျင်မြ ၁၂/မဂတ(နိုင်)၀၆၈၂၈၇၊ ဦးထင်အောင် ၁၂/မဂတ(နိုင်)၀၆၈၄၈၇၊ ဦးထူးအောင် ၁၂/မဂတ(နိုင်)၀၆၅၄၀၁တို့မှ ကျမ်းကျိန်လွှာများ၊ ဂရန်မူရင်း၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ကျွန်ုပ် မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ၇-လမ်း၊ အမှတ် (၅၄)မြေညီ (ဝဲ) (၁၂½ × ၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ရေမော်တာ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးမြင့် (၁၂/လမတ(နိုင်) ၀၁၃၄၅၁)က တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် စရံငွေ တစ်ချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ပြီးမြောက်သည့်အထိ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုလှိုင်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် ၆၉၁၅)
အမှတ် (၅၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၅၁၉၊ ၀၉-၇၉၉၂၈၃၂၀၆

ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် (၁/၂၀၂၀)နွေရာသီအခြေခံရေကူးသင်တန်းဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီ အခြေခံရေကူးသင်တန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် မတ် ၈ရက်မှ ဧပြီ ၆ ရက်အထိ သင်တန်းကာလ (၁)လဖွင့်လှစ်သွားမည်ဖြစ် ပါသည်။

သင်တန်းချိန်များအား နံနက် ၆နာရီမှ ၇: ၃၀နာရီအထိ (၁)ချိန် နံနက် ၇:၃၀နာရီမှ ၉နာရီအထိ (၁)ချိန်၊ သင်တန်းချိန် (၂)ချိန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

သင်တန်းရက်များမှာ သောကြာနေ့မှအပ တစ်ပတ်လျှင် (၆)ရက် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင်ကျပ်(၃၀၀၀၀ဝိ/-)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက ဓာတ်ပုံ(၁)ပုံနှင့်အတူ ၂၂-၂-၂၀၂၀ ရက်မှစ၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဝဏ္ဏသိဒ္ဓိ ရေကူးကန် ဖုန်းနံပါတ် ၀၉-၄၅၅၀၆၈၅၈၅၊ ၀၉-၇၉၇၆၈၇၁၀၅၊ ၀၉-၈၅၅၇၇၃၅၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

"အရေးကြုံက
သက်လုံလည်းကောင်း
အညောင်းလည်းပြေ
ကိုယ်ဟန်လည်းလှရေကူးကြ"

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်နေ ဒေါ်ချောအိထွေး(ဘ) ဦးဘချော ၅/စကန(နိုင်)၀၀၀၈၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချောအိထွေးသည် ပူးတွဲဖော်ပြပါ "BLUE MOON" အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(-)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး BLUE MOON အမည်ဖြင့် သောက်ရေသန့်ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ BLUE MOON ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော သောက်ရေသန့်သည် ဒေါ်ချောအိထွေး၏တစ်ဦးတည်းမူပိုင် အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်၊ ပြုလုပ်ပါက ဒေါ်ချောအိထွေး၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ချောအိထွေး

ဦးရဲဝင်းသန်း(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ
စဉ်(၈၁၂၄/၆-၃-၂၀၁၂)
ဇေယျာတိုးချဲ့ရပ်ကွက်၊ စစ်ကိုင်းမြို့
ဖုန်း-၀၉-၄၀၀၅၃၉၁၇၇
ဦးကျော်သူအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၁၀၅/၁၃-၁၂-၂၀၁၈)
လေးကျွန်းမြေရပ်၊ စစ်ကိုင်းမြို့
ဖုန်း-၀၉-၄၀၀၄၆၁၁၉၆

ပျောက်ဆုံးကြောင်း

စောမူးတော(ဘ) စောဦးရီ ၁၄/ ရသယ(နိုင်)၀၀၅၃၆၃ ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၉၄၁၅၂

ပျောက်ဆုံးကြောင်း

အောင်ခိုင်စိုး(ဘ) ဦးကြည်စိုး ၁၄/ ဝခမ(နိုင်)၁၄၈၄၄၄ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၈၂၃၅၈၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/ 6674, Toyota Dyna Try 230 ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင် ၉/မထလ(နိုင်)၂၂၉၃၇၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊မြေတိုင်းရပ်ကွက်-၃၂/ပေါင်းလောင်း-၂ ဒေါ်သိင်္ဂီလှ အမည်ပေါက်မြေကွက် အမှတ်(၁၀၈၊ ၁၀၉)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိပေ (၄၀x၆၀) မြေငှားစာချုပ်မြေကွက်(၂)ကွက်အား ဦးဇန်လျှန်ဘွေ(ဘ)ဦးငွန်အိပ် ၄/ထတလ(နိုင်)၀၃၁၉၉၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၁/၂၀၂၀)ရရှိသူ ဒေါ်တီလဲအွေး(ဘ)ဦးငွန်အိပ် ၄/ဟခန(နိုင်)၀၀၃၈၀၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)များတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/7563, Toyota Rav – 4 AC A 21, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၁၂/ရကန(နိုင်)၀၅၂၃၆၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/စက်စုရပ်၊ ဦးပိုင် အမှတ် ၄၇၊ မြေဧရိယာ ၀ဒသမ ၃၃၈ဧကရှိ အစိုးရ(မြို့မြေ)မြေကွက်အား မြေဧရိယာ ၀ဒသမ၃၃၈ဧ အနက် မြေဧရိယာ ၀ဒသမ၂၀၈ ဧ အား ဦးခန့် ကျော်ကျော်ခိုင်(ဘ) ဦးဇော်လင်းမြင့် ၉/လဝန(နိုင်)၁၆၁၃၄၇၇မှ အရောင်းအဝယ် ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများ တင်ပြ၍ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်-၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/ ဂုဏ်တန်မြောက်ရပ်၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးမြတ်ဆွေ၊ ဒေါ်ကြည်ကြည်ထွေးအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ကြည်ကြည်ထွေး ၉/ပမန(နိုင်)၀၀၉၃၇၇မှ ဦးမြတ်ဆွေ၏သေဆုံးကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/ သာဇီအရှေ့၊ ဦးပိုင်အမှတ် (၁၇^a)၊ ဧရိယာ ၀ဒသမ၀၆၇ ဧကရှိ ဒေါ်ခင်လှဲ့ဝင်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်နှင်းထက်မွန် (ဘ)ဦးမြင့်သိန်း ၉/မကန(နိုင်)၁၁၉၇၆၃နှင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၉/၂၀၁၈)ရရှိသူ ဒေါ်ဥမ္မာမြင့် (ဘ)ဦးကိုကိုဦး ၉/ ပမန(နိုင်)၁၇၈၇၇၄ မှ ဘိုးဘပိုင်မြေအမည်ပြောင်း၊ တရားရုံး ကျမ်းကျိန်လွှာအမှတ်(၄၁၃/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း(မူရင်း)များတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်များသို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ- ၁၄)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၉ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ်

ဒေါ်သောင်းရင် နှင့် ၁။ ဒေါ်ညွန့်ကြည်
ဘုရားငါးဆူကျေးရွာ ၂။ ဦးမျိုးဦး
ကျွဲတပ်ဆုံကျေးရွာအုပ်စု ၃။ မစန်းစန်းဝေ (အတူနေလင်မယား)
သာစည်မြို့နယ် ပန်ညုဆောင်ကျေးရွာ၊
သီပေါ မြို့နယ်
အယူခံတရားလို **အယူခံတရားပြိုင်များ**

အယူခံတရားပြိုင်(၂)ဦးမျိုးဦး၊(၃) မစန်းစန်းဝေ၊ ပန်ညုဆောင်ကျေးရွာ၊ သီပေါ မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများသိစေရမည်)။

၂၀၁၉ခုနှစ်၊ အောက်တိုဘာ ၂၃ရက်တွင် ချမှတ်ခဲ့သော ၂၀၁၉ခုနှစ်၊ တရားမကြီး မှုအမှတ်-၈(သာစည်တရားရုံး)၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အထက်အမည်ပါ သာစည်မြို့နယ်တရားရုံးမှချမှတ်ပေးသည့် ဒီကရီကို ဒေါ်သောင်းရင်က အယူခံမှု တင်သွင်းရာ ခရိုင်တရားရုံးမှ မှတ်ပုံတင် စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်(၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) နံနက် ၁၀နာရီ တွင် ဤရုံးက ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ အယူခံမှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်း ဥပဒေ -၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁။ နည်း-၂၂ အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်ကြောင်း ဤအယူခံမှုရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းအောင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၆၂၀

မဖြူဖြူအောင် နှင့် ကိုသန့်ဇင်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၇x၆၈လမ်းကြား၊ မနော်ဟရီလမ်း၊ အာရကားလက်မှတ်ရောင်းဝယ်ရေးတွင် နေထိုင်သူ ကိုသန့်ဇင်(ဘ)ဦးသိန်းသန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူအောင်မှ လင်မယားကွာရှင်းပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

လင်မယားကွာရှင်း ပစ္စည်းခွဲဝေပြီးစီးကြောင်းကြေညာခြင်း

ဦးဦးသိန်းထွန်း(ဘ)ဦးလုံးမောင် ၁၁/ မဥန(နိုင်)၀၃၃၆၆၀ နှင့် ကျွန်မ ဒေါ်မိုးသီတာ (ဘ)ဦးလှရှိန် ၁၁/မဥန(နိုင်) ၀၀၀၄၇၈ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ကမာရွတ်မြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီး လင်မယား နှစ်ဦးပိုင် ပစ္စည်းများကိုလည်း နှစ်ဦးသဘောတူညီခွဲဝေကာ လင်ခန်းမယားခန်း ပြတ် စဲခဲ့ကြပြီး ဖြစ်ပါသဖြင့် ကျွန်မ ဒေါ်မိုးသီတာနှင့် ဦးဦးသိန်းထွန်းတို့မှာ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ဘဲ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်မိုးသီတာ
၁၁/ မဥန(နိုင်)၀၀၀၄၇၈

အများသိစေရန်ကြေညာချက်

Registruction No 101015343 ဖြင့်မှတ်ပုံတင်ထားသော Shwe QQ Co.,Ltd သည် 21-2-2020 Director အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ Company ၏ လည်ပတ်ငွေကန့်သတ်ချက်ကြောင့် မူလShare 1,600,000,000 MMK (16000) Share ကို 125,000,000 MMK(1250) Shares သို့လည်းကောင်း၊ မူလ Foreign Company ကို Myanmar Company အဖြစ်လည်းကောင်း ပြောင်းလဲရန် သဘောတူဆုံးဖြတ်လိုက်ပြီး 22-2-2020 တွင် ပြောင်းလဲပြီးဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

Shwe QQ Co.,Ltd
Managing Director
Daw Shout Woo(Kyan Sein Sein)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၈၅၈၀၈ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဇော် ၅/ဝလန(နိုင်)၀၉၉၅၉၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၂၆၂၁ Honda Wave 100/ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထိုက် ၁၀/သဖရ(နိုင်)၀၈၁၈၀၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် ၂၃၉၊ (၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးတင်ရွှေ (CC-၀၄၆၅၄၁)အမည်ပေါက်ပါမစ်မြေအား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရန်နိုင်ဝင်း ၇/ပခန(နိုင်)၂၁၈၅၇၇၇မှ ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ရန် စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြသီတာ LL.B	**ဒေါ်အေးသန္တာမင်းအောင် LL.B.,D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၁)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၄)**

ရုံး -အမှတ် ၁၆၊ ပထမထပ်၊ ၁၆၄လမ်းတို၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း -၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၀၇၂၄၆၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်-၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/ဂုဏ်တန်မြောက်ရပ်၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ ၀.၁၁၅မ၁၇၅ဧကရှိ ဦးမြတ်ဆွေ၊ ဒေါ်ကြည်ကြည်ထွေး၊ ဦးကျော်ဇောအောင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဒေါ်ကြည်ကြည်ထွေး ၉/ပမန(နိုင်)၀၀၉၃၇၇ နှင့် ဦးကျော်ဇောအောင် ၉/ပမန(နိုင်)၀၅၆၂၅၂ တို့မှ ဦးမြတ်ဆွေ၏ သေဆုံးကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ချမ်းအေးအရှေ့၊ ဦးပိုင်အမှတ်(၁၆က)၊ ဧရိယာ ၀.၁၁၅မ၃၅၆ဧကရှိ ဦးလှထွန်းပါ-၂ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၃၃/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာ ၉/ပမန(နိုင်)၂၉၆၉၆၀ မှ ဘိုးဘအမည်ပြောင်း၊ မြေပုံ၊ မြေရာဇဝင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦး ရေစာရင်းများတင်ပြပြီး ဦးပိုင်အမှတ်(၁၆က)၊ ဧရိယာ ၀.၁၁၅မ ၃၅၆ဧကအနက်မှ ဧရိယာ ၀.၁၁၅မ၂၂၆ဧကအား ဦးနေမျိုးဆက် ၉/ပမန(နိုင်)၂၇၁၅၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၈၄၃)၊ ဧရိယာ ၀.၁၁၅မ၀၅၅ဧကရှိ ဦးတင်သိန်း အမည်ပေါက် မြေကွက်အား ဒေါ်ခင်သူဇာ(ဘ)ဦးကံညွန့် ၁၂/ဥကမ(နိုင်) ၁၆၀၆၇၄မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးကိုယ်စားလှယ် လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေကွက်အမှတ် ၁၂၂၉၊ အလျား ပေ(၈၀)ခန့်xအနံပေ(၈၀)ခန့်၊ ဧရိယာ ၀.၁၁၁မ ၁၄၆ဧကရှိ နှစ် (၃၀)အငှားဂရန် မြေကွက်နှင့် မြေကွက်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲအပ်ပေးခဲ့သူ ၁၂/သဃက (နိုင်)၀၀၅၃၆၉ ကိုင်ဆိုင်သော ဦးသူရဦး(ခ)ဦးဝင်းခန့်(ဘ)ဦးခင်မောင်ဦးက ၁၂/အစန(နိုင်) ၁၀၉၆၇၄ ကိုင်ဆောင်သော ဦးသက်နိုင်(ဘ)ဦးသာလှိုင်အား ၄-၂-၂၀၂၀ရက်တွင် နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၃ဖြင့် လွှဲအပ်ထားခြင်းကို ၂၁-၂-၂၀၂၀ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးသူရဦး(ခ)ဦးဝင်းခန့် ၁၂/သဃက(နိုင်)၀၀၅၃၆၉

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇-D[1] မြေကွက်အမှတ်-၁၃၊ မြေကွက်တည်နေရာအမှတ်(၈)၊ သပြေညိုလမ်း၊ ရှင်စောပု ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ အက်(စ်)မာတင် ၁၂/စခန(နိုင်)၀၅၆၅၅၀ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် အက်(စ်)မာတင်သည် ၂၅-၁၂-၁၉၉၈ ရက်(ဇနီး)ဒေါ်ပူစွန်သည် ၅-၂-၁၉၈၈ ရက်တွင် ကွယ်လွန်၍ ၎င်းတို့၏သားသမီး(၃)ဦးအနက် သားဖြစ်သူ ဦးသိန်းလွင်သည် (လူပျိုကြီး)ဘဝဖြင့် ၁၂-၉-၂၀၀၆ရက်၊ (သမီး)ဒေါ်အေးမြင့်သည် ၂-၈-၂၀၀၀ရက် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးပီ မနူရေးသည် ၁၀-၇-၂၀၀၀ရက်တွင်ကွယ်လွန်ကြသဖြင့် ၎င်း၏သမီး/သားများဖြစ်ကြသော (၁)ဒေါ်ချိုချိုလွင်(ခ)စလိုးချီးနား ၁၂/အစန(နိုင်)၁၆၃၆၄၄၊ (၂)ဒေါ်ကြူကြူသင်း(ခ)ကူနားစွန်ဒရီ ၁၂/အစန(နိုင်) ၁၆၃၆၄၃၊ (၃)ဒေါ်ဒေဗီတာ ၁၂/အစန(နိုင်)၁၃၉၃၂၆၊ (၄)ဦးထွန်းမောင်(ခ)ဦးတာလီဒတ်(စ်) ၁၂/အစန(နိုင်)၁၆၃၆၄၅၊ (၅)ဦးဝေလု(ခ)ဦးဝေဠု ၁၂/စခန(နိုင်)၀၅၆၅၅၇ တို့၌ အမည်ပေါက် သမီးတစ်ဦးဖြစ်သူ ဒေါ်ကြူကြူချို ၁၂/စခန(နိုင်)၀၄၄၃၉၉ ပူးတွဲ၍ သမီးနှင့်မြေးများတော်စပ်ကြောင်း ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူမရှိကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၃-၇-၂၀၁၉ရက်တွင် ပြုလုပ်သော ကျမ်းကျိန်လွှာအမှတ်(၇/၈၅/၂၀၁၉)၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဦးပီမနူရေး(ခ)ဦးမနူရေးနှင့် ဦးဝေလု(ခ)ဦးဝေဠုသည် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်စဉ် (၁၂/ ၁၆၂/၂၀၁၉) (၆-၁၂-၂၀၁၉)ရက်တွင် ပြုလုပ်ထားသောကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နဝဒေးစစ်သည်အိမ်ထောင်သည် အိမ်ရာနေ ဦးလှိုင်ဝင်းထွန်း ၁၂/ရကန(နိုင်)၀၅၈၉၉၅ ၏သား မောင်အောင်ကိုကို ၁၂/ရကန(နိုင်)၀၈၃၈၅၈ သည်မိဘများအား ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးလှိုင်ဝင်းထွန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၁၅လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ Block-56၊ အိမ်အမှတ်(၈)နေ ဦးကျော်ညွန့် ၇/ဒဥန(နိုင်)၀၆၂၈၉၆၊ ဒေါ်အေးအေးသိန်း ၁၂/အစန(နိုင်)၀၅၂၀၂ တို့၏သား မောင်ဟိန်းထိုက် ၁၂/မရက(နိုင်)၁၄၁၅၆၁ သည်မိဘများဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူနေသည့်အပြင် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များအား အကြိမ်ကြိမ် လုပ်ဆောင်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ညွန့်-ဒေါ်အေးအေးသိန်း

မိခင် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင် အထက နဝမတန်း A မှ မောင်ဝိုင်းချစ်နှင့် ပဉ္စမတန်းမှ မအေးငြိမ်းသူတို့၏ မိခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ခင်စန်းကြည် ၅/ ရဥန(နိုင်)၀၉၂၂၆၁ ဖြစ်ပါကြောင်း။

အမှားပြင်ဆင်ချက်

၁၀-၁-၂၀၂၀ရက် ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆)ပါ မြင်းခြံခရိုင် တရားရုံး၏ တရားမ ဇာရီမှုအမှတ် အမှန်မှာ (၂၈) ဖြစ်ပါကြောင်း။

ဖခင် အမည်မှန်

ပလောက်မြို့၊ အထက(ခွဲ) အရှေ့ကုန်း၊ နဝမတန်းမှ မနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၆/ပလန(နိုင်)၀၄၉၆၉၈ဖြစ်ပါ ကြောင်း။

ဦးခင်မောင်ဝင်း

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၂-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၂) ငြင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင် (စောမျိုးမျိုး) တွဲဖက်မြို့နယ်တရားသူကြီး(၄)မန္တလေးခရိုင်တရားရုံးအစား

(စောမျိုးမျိုး)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၂-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂)ပါ ကန့်ကွက်နိုင်ပါကြောင်းတွင် ၁/ ဗမန(နိုင်) အစား **၁/ မညန(နိုင်) ၀၃၂၅၆၉** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/ 4397 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊တိုင်းရုံး(ထားဝယ်)**

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (မုတ္တမ) နဝမတန်းမှ မောင်ဖြိုးညီညီ၏ဖခင် အမည်မှန်မှာ ဦးဟာရှင် ၁၀/ ပမန(နိုင်)၀၂၆၃၈၁ ဖြစ်ပါကြောင်း။ **ဦးဟာရှင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၄၇၂၄၁ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထူး ၁၀/သဖရ(နိုင်)၀၃၇၂၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး၊ မော်လမြိုင်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဦးမြို့၊ အထက(၂) နဝမတန်း (C) မှမအေးစန္ဒာဝင်း၏ ဖခင် ဦးသိန်းငွေ(ခ) ဦးအောင်ဝေ ၅/ရဥန(နိုင်)၀၄၄၂၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃/ချမ်းအေးအရှေ့၊ ဦးပိုင်အမှတ်(၁၆က)၊ဧရိယာ ၀.၁၁၅မ၃၅၆ဧကရှိ ဦးလှထွန်း(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အားအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၃၃/၂၀၂၀) ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာ ၉/ပမန(နိုင်)၂၉၆၉၆၀မှ ဘိုးဘအမည်ပြောင်း၊ မြေပုံ၊ မြေရာဇဝင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြ ပြီး ဦးပိုင်အမှတ်(၁၆က)၊ ဧရိယာ ၀.၁၁၅မ၃၅၆ဧကအနက်မှ ဧရိယာ ၀.၁၁၅မ၁၃၀ ဧကအား ဒေါ်စမ်းစမ်းမြင့် ၉/ပမန(နိုင်)၀၃၄၉၃၃၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီ များဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေ စီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ သဖန်းကုန်းကျေးရွာနေ ဦးခင်ထွန်း၏သား မောင်မျိုးမင်း ၅/ ကဘလ(နိုင်) ၁၄၅၈၅၁ ၏ အမည်မှန်မှာ ဦးအောင်မျိုးမင်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းချိုကုန်းအကွက်၊ ကွင်းအမှတ်(၆၉)၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ ၀.၁၁၅မ၁၀၀ဧကအတွင်းမှ ၀.၁၁၅မ ၀၅၄ဧကရှိ ဒေါ်ခင်တုတ် အမည်ပေါက်ဂရန်မြေ၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းချိုကုန်း အကွက်၊ ကွင်းအမှတ်(၆၉)၊ ဦးပိုင်အမှတ်(၆)၊ မြေဧရိယာ ၀.၁၁၅မ၀၃၈ဧကနှင့် ဦးပိုင်အမှတ်(၁၁-က)၊ မြေဧရိယာ ၀.၁၁၅မ၁၄၆ဧကရှိ ဒေါ်ခင်တုတ် အမည်ထွက်ရှိသည့် အိမ်ယာမြေပိုင်မြေများနှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ယင်းနေအိမ်တွင် တပ်ဆင်ထားသော အိမ်သုံးလျှပ်စစ်မီတာ(၂)လုံး၊ ပါဝါမီတာ(၁)လုံး အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်တုတ် ၁၄/ပသန(နိုင်)၀၃၁၄၈၀၀မှ ၎င်းပိုင်ဆိုင်သည်ဟုအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးဝင်း ၁၄/ပသန(နိုင်)၁၅၅၆၉၆ က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ(စရန်ငွေ)ကို ပေးချေထားခဲ့ပြီးဖြစ်သဖြင့် အရောင်းအဝယ်အား တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးချမ်းမြေ့အောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၆)
အမှတ်(၅၆)၊ ဇေယျာဝတီ(၃)လမ်း၊ ပုသိမ်မြို့
ဖုန်း-၀၉-၅၀၉၄၅၃၁

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၂၄၈)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးရဲအောင်(ဘ)ဦးကျော်ဝင်း ၉/လဝန(နိုင်)၁၂၇၈၈၀ အမည်ပေါက် (ပါမစ်)မြေကွက်အား ဦးစိုင်းမင်းထွန်း (ဘ)ဦးသင်း ၅/ပလန(နိုင်)၀၆၄၈၃၃ မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈၇/ဥယျာဉ်စုကွင်း၊ ဦးပိုင်အမှတ်(၉၆၄/၁၃၀၂)၊ ဧရိယာ ၀.၁၁၁ မ၂၈၀ကေရှိ အမည်ပေါက် ဦးသန်းဖေ ၉/ပမန(နိုင်)၁၁၇၀၉၀မှ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပေးထားသည့်နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/5331 Toyota Crown J 25 177 (MAJEST 2) Saloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးအေးချို ၉/မလန(နိုင်)၀၁၂၁၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/၂၊ မြေကွက်အမှတ် ၁၃၉/၁၊ မြေကွက်တည်နေရာအမှတ် ၁၃၉/၁၊ မယ်ညိုလမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊(အဲရစ်အောင်ဝင်း(ခ)ဦးအောင်မင်းဝင်း ၁၂/ရကန(နိုင်)၀၃၈၇၆၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်အဲရစ်အောင်ဝင်း(ခ)ဦးအောင်မင်းဝင်း ၁၂/ရကန(နိုင်)၀၃၈၇၆၅သည် ၁၃-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စီစီမာ ၁၂/ရကန(နိုင်)၀၃၇၈၂၀မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁/၁၈၉/၂၀၂၀(၃-၁-၂၀၂၀)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အဲရစ်အောင်ဝင်း(ခ)ဦးအောင်မင်းဝင်း အမည်ပေါက်ဂရန်မူရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားခြင်းအား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်(၄၀၄A)၊ တိုးချဲ့စက်မှုဇုန်၊ ဦးပိုင်အမှတ် (၂၃၀+၂၃၁+၂၄၀+၂၄၁)မှ မြေဧရိယာ ၀.၁၁၁မ၉၂၀ကေရှိ မြေကွက်များသည် ဦးသက်နိုင်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေကွက်များကို ဦးသက်နိုင်သည် ၂၂-၂-၂၀၁၉ ရက်တွင် ဦးသန်းမင်းဆွေနှင့်ဒေါ်စိုးမိုးနိုင်တို့ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၉၃/၂၀၁၉)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူများမှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ ခေတ္တရာရပ်ကွက်၊ ကွင်းအမှတ်(၁၆C) အဆင့်မြင့်အိမ်ရာ၊ ဦးပိုင်အမှတ်(၁၇)မှ မြေဧရိယာ ၀.၁၁၁မ၁၁၀ကေရှိ မြေကွက်ကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ပြည်မှ ဦးမြင့်ဦးအမည်ဖြင့် ၂၉-၁-၂၀၁၁ ရက်တွင် မြေပေးမိန့်ခွင့်ပြုချထားခဲ့ရာမှ အဆိုပါမြေကွက်ကို ဦးမြင့်ဦး၏ကိုယ်စားလှယ်ရရှိသူ ဒေါ်စိန်စိန်အေးမှ ၉-၁၂-၂၀၁၉ ရက်တွင် ဦးအေးသန်းကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၁၆၅/၂၀၁၉)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူ ဦးအေးသန်းအမည်ဖြင့် မြေငှားဂရန်ရရှိရေးလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ် (၁၆A)၊ ခေတ္တရာအနောက်၊ ဦးပိုင်အမှတ် ၃၅၃ မှ မြေဧရိယာ ၀.၁၁၁မ၀၅၅ ကေရှိမြေကို ဦးစိန်မြင့်အမည်ဖြင့် မြေငှားဂရန်ချထားပေးခဲ့ရာမှ အဆိုပါမြေကွက်ကို ဦးစိန်မြင့်၏ကိုယ်စားလှယ်ရရှိသူ ဦးထွန်းအောင်ကျော်မြင့်သည် ၂၈-၁၂ -၂၀၁၈ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်၍ စာချုပ်အမှတ် ၈၁/၂၀၁၉ဖြင့် စာချုပ်ချုပ်ဆိုပြီး ဒေါ်ခင်မျိုးမြင့်အား အပြီးအပိုင်လွှဲပြောင်းရောင်းချပြီးဖြစ်ပါ၍ မြေကွက်ဝယ်ယူသူ ဒေါ်ခင်မျိုးမြင့်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ်(၃၁၆)မှ မြေဧရိယာ ၀.၁၁၁မ၀၅၅ ကေရှိ မြေသည် ဦးလှကြိုင်အမည်ဖြင့် မြေပေးမိန့်ရရှိထားခဲ့ရာမှ ဦးလှကြိုင်သည် ၄-၃-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူဒေါ်စန်းမြင့်မှ အဆိုပါမြေကွက်ကို ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း ၁၉-၉-၂၀၁၉ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၆၁၉/၂၀၁၉)ဖြင့် မှတ်ပုံတင်ထားသည့် တရားရုံးကျမ်းကျိန်လွှာနှင့်အတူ ၎င်းအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာ အလက သတ္တမတန်းမှ မောင်ဖုန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးအေးကျော် ၅/စကန(နိုင်)၂၉၇၁၆၅ ဖြစ်ပါကြောင်း။

ဦးအေးကျော်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာ အထက(ခွဲ) နဝမတန်းမှ မမြင့်မြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဆွေ ၅/ခဥတ(နိုင်)၀၁၄၆ ၃၆ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ မြို့သစ်ရပ် အမက(၁၀)မှ အလယ်တန်းပြ ဆရာမ ဒေါ်ခင်ချိုဦး(ခ)ဒေါ်ချိုတူး ၅/ခဥတ(နိုင်)၀၀၄၈၈၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အလက ရွာငယ် အဋ္ဌမတန်းမှ မချောယုမွန်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးအောင် ၈/ရစက(နိုင်)၁၂၃၇၁၇ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ ကုန်းရွာအုပ်စု၊ ပေါက်ပန်းဖြူကျေးရွာနေ ဦးဝင်းဦး၏ သမီးမဖြိုးမော်ထွန်း(ခ) မဖြိုး၅/ယမပ(နိုင်)၀၈၄၃၄၃မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8H/2086 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၅/ရဘန(နိုင်)၁၆၇၇၈၈မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၄၀၁၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊
(မော်လမြိုင်မြို့)

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၅၇၄)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ ဧရိယာ (အလျား ၄၀ပေ×အနံ ၆၀ပေ)၊ (၂၄၀၀ စတုရန်းပေ)၊ (၀.၀၅၅)ကေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင်ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ဒေါ်အေးအေးချစ်(၉/မနတ(နိုင်)၀၄၀၃၈၀) အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ (၂၆-၈-၂၀၁၆)ရက်စွဲပါ မြေငှားစာချုပ်အမှတ်-ဒဂဆက/ဂရသ/၅၄၅/၁၆ ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားဂရန်မူရင်းမြေကွက်ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်အေးအေးချစ် လက်ရှိအမည်ပေါက်ဖြစ်ကြောင်း၊ ဌာနမှ စိစစ်ပြန်ကြားချက်စာရွက်စာတမ်းမူရင်းတို့နှင့် ယင်းဂရန်မြေကွက်ကို ဒေါ်အေးအေးချစ် တစ်ဦးတည်းမှ လက်ရှိထား တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်းနှင့် မြေငှားဂရန်အမည်ပေါက်ဒေါ်အေးအေးချစ်တစ်ဦးတည်းမှလွဲ၍ အခြားမည်သူ တစ်စုံတစ်ဦးမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်ဝင်း (စဉ်-၃၆၉၉/၈၆)
H.G.P,LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း(၁၀၄)၊
MAC Tower ကုန်သည်လမ်း၊
ဘားလမ်းနှင့်၃၅-လမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၁၇၂၄၀

အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၁)လမ်း၊ အမှတ်(၃၄)တွင် ၂ခန်းတွဲ (၄)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် C/Map အမည်ပေါက်ဦးဟန်မောင်+၁(GP)ဦးသိန်းဇော်မှတင်ပြလျှောက်ထားခဲ့ပါသည်။

၂။ ယခုအခါအဆိုပါ၂ခန်းတွဲ(၄)ထပ်တိုက် အဆောက်အဦဆောက်လုပ်ခွင့်အား ငွေသွင်းပါမစ်ဆောင်ရွက်ခွင့်ပြုပါရန် C/Map အမည်ပေါက်(၂)ဦးဖြစ်သောဦးဟန်မောင်ထံမှအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူဖြစ်သည့် ဦးရန်နိုင်ဝင်း၊ ဒေါ်လှလှဦးနှင့် ဦးအောင်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူဖြစ်သည့် ဒေါ်ဂျမားဘီတို့မှ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျောင်းအလှူ လှူဒါန်းနိုင်

သာကေတမြို့၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာပင်မကျောင်းဆောင်ကြီး ဆောက်လုပ်နေပြီဖြစ်ရာ ကိုယ်ပိုင်ယောဂီခန်းတစ်ခန်းလျှင် ငွေကျပ် ၁၂၅သိန်း၊ ဓမ္မသဘင်ခန်းမဆောင်ကြီး ၁၀ပေ တစ်ခန်းလျှင် ငွေကျပ်သိန်း၅၀ဖြင့် လှူဒါန်းနိုင်ကြောင်း နိုးဆော်အပ်ပါသည်။ ကိုယ်ပိုင်ခန်း(၃၀)ခန်းသာရှိပါသည်။ ကောင်းမှုရှင်များအားကမ္ပည်းမှတ်တမ်းရေးထိုးပေးပါမည်။ **ဖုန်း-၀၉-၅၁၄၇၃၈၂**

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဟန်ဇော် ၁၂/ရကန(နိုင်)၀၁၇၀၂၆၏ နိုင်ငံကူးလက်မှတ်(MA-758016)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၀၆၈၆၈

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ကလော့ရွာ၊ အလက (ခွဲ)နဝမတန်း(A)မှ မင်းစိုင်းဝဏ္ဏအောင်၏ ဖခင်အမည်မှန်မှာ မင်းမျိုးနိုင် ၁၀/ခဆန(နိုင်)၀၆၂၆၃၅ ဖြစ်ပါကြောင်း။

မင်းမျိုးနိုင်

သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးရန်နိုင် ၉/မခန(နိုင်)၀၁၀၀၆၂၊ ကျွန်မဒေါ်ခင်စန်းကြည် ၉/မခန(နိုင်)၀၁၀၀၆၃တို့၏ သားဖြစ်သူ မောင်လူမော်ဝင်း ၉/မခန(နိုင်)၁၈၆၆၅၃ သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး နည်းလမ်းပေါင်းစုံဖြင့် သွန်သင်ဆုံးမ မရသည့်အတွက် သားအဖြစ်မှ ၁၄-၂-၂၀၂၀ရက်မှစ၍ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

ဦးရန်နိုင်-ဒေါ်ခင်စန်းကြည်
အမှတ်(၁၉)၊ အိမ်နံပါတ်(၂၆)
နယ်မြေ(၁၄)၊ မြင်းခြံမြို့

အမြန်ပြန်လာပါ

သမီးအိန္ဒြေကြည်စင် ထွက်သွားကတည်းက အမေနှင့်တကွ မိသားစုဆွေမျိုးများအား လုံးစိတ် ပူနေကြသည်။ သမီးကိုလည်း အမေတို့အားလုံးခွင့်လွှတ်ပါတယ်။ အိမ်ကိုအမြန်ဆက်သွယ်ပေးပါသမီး။

မေမေ-ခင်ခင်ဝင်း
ဖုန်း-၀၉-၄၀၇၃၆၂၃၃
စစ်တွေမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ (၆)ရပ်ကွက်၊ ကြိုးကြာ(၁)လမ်း၊ အမှတ်(၁၂၂၆/ခ)၊ ဂရံမြေ အလျား(၂၀)×အနံ(၆၀)၊ဒေါ်မာလာထွန်း (၁၂/စခန(နိုင်)၀၂၂၈၇၉)အမည်ပေါက်ဖြစ်ပြီး၊ ဒေါ်သီတာအေး (၇/တငန(နိုင်)၁၀၄၆၆၀)မှ ဝယ်ယူထားပြီး ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ဤကြော်ငြာစာပါသည့် နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို လုပ်ထုံး၊ လုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးဝင်း(၁၂/လမတ(နိုင်)၀၁၄၁၅၃) ဖုန်း ၀၉-၄၂၂၄၇၉၆၁၇

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)
ပုသိမ်မြို့နယ် တရားရုံး
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၄၃
၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် - ၅၅

ဦးတင်မြိုင်	နှင့်	၁။ ဒေါ်ကြူကြူနိုင်
		၂။ မခိုင်သဇင်ဦး
တရားနိုင်		တရားရှုံးများ

အထက်ပါ အမှုမှ (၁)တရားရှုံးဖြစ်သူ ဒေါ်ကြူကြူနိုင်၊ အမှတ် (A/၇)၊ တာပတ်လမ်း၊ ရေကြည်ဦးရပ်ကွက်၊ အမှတ် ၁၂) နယ်မြေ၊ ပုသိမ်မြို့သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးတင်မြိုင်က လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် မတ် ၁၉ ရက် (၁၃၈၁ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ ၊သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးလိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ခင်မေသက်နိုင်)**

တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပုသိမ်မြို့နယ်တရားရုံး

မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုလားမတောင်ကျေးရွာနေ(ဦးမြဝင်း) ၏သား မောင်ယမင်းဦး ၉/ပသက(နိုင်)၀၇၉၅၇၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၈၂ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်နေလင်း ၁၁/ပဏတ(နိုင်)၀၈၈၈၀၀၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-305352)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၄၁၄၄၆၀

အမည်ပြောင်း

စစ်တွေမြို့၊ အမှတ်(၁၅)မူလွန်ပြည်တော်သာ ဒုတိယတန်းမှ(ဘ)ဦးဇော်မင်း ၁၄/ဘကလ(နိုင်)၂၀၂၁၁၉၏ သမီး မကျော့ကေခိုင်အား မြတ်သဇင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မြတ်သဇင်ထွန်း

ကိတ္တိမ သားအဖြစ်မွေးစားခြင်း

